

# ယင်းလိုက်သွား အများကြီးပေါ့

# ရန်ကုန်ဘဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း



mgyoe.com



ဖမ်းလိုက်သူအား
အများကြိုးပေါ့

# ရန်ကုန်ဘဆွေ

ygn0005

3000.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ဂ၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - မျိုးမြင့်
၂၀၁၄၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၇၀ ခေတ်စာပေဓါပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်
၈၉၈ · ၈၃
မင်းလိုလူစား အများကြီးဟေ့
ရန်ကုန်ဘဆွေ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၄၊
တမျက်နှာ ၃၁၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) မင်းလိုလူစား အများကြီးဟေ့

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မင်းလိုလူစား အများကြီးဟော့

ရန်ကုန်ဘဆွေ

မြန်လာစည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

(၀)

တစ်ခါက ရန်ကုန်တက္ကသိုလ်၌ အပျော်တမ်းပြဇာတ်အဖွဲ့တစ်ခု ဖွဲ့ရာတွင် အတူပါဝင်ကူညီဆောင်ရွက်ရန် လာရောက်သွေးဆောင်သောကြောင့် နဂိုက ဝါသနာပါသူဖြစ်သည့်အလျောက် အလွယ်တကူ လက်ခံလိုက်သည်။

လာရောက်သွေးဆောင်သူကား မောင်ကိုယုဖြစ်၏။ ထိုအဖွဲ့၌ တက္ကသိုလ်ကျောင်းသားများသာမက အပြင်မှ ပြဇာတ်ဝါသနာရှင် နာမည်ကြီးတို့လည်း လက်ရွေးစင် ပါဝင်ပါသေးသည်ဆို၏။ ရည်ရွယ်ချက်မှာ ကျောင်းသားတို့သည် ပြဇာတ်တိုကလေးများ ရေးရန်၊ ကပြရန် ...။

ထို့ပြင် ရေးဖူးကြ၊ ကပြဖူးကြသော အတွေ့အကြုံများသူတို့၏ ထံမှလည်း အတူစုပေါင်းပြုလုပ်ရင်း လက်တွေ့ဆည်းပူးရန်ဟုဆို၏။

စာရေးသူကလည်း ပြဇာတ်၊ ရုပ်ရှင်၊ ပန်းချီ၊ စာပေ စသည် စသည်တို့ဆိုပါက လက်ဖက်ထက်လည်းကောင်း၊ အရက်ထက်လည်းကောင်း ကြိုက်သေးသောကြောင့် အလွယ်တကူ ခေါင်းညိတ်မိ၏။ ထို့နောက် မောင်ကိုယု ပြန်သွားလောက်မှ တစိမ့်စိမ့်တွေးမိရင်း ကြက်သီးထလာ၏။

ဘယ့်နှယ် ကြက်သီးမထဘဲ ရှိပါအံ့နည်း။ စာရေးသူသည် ယခုခေတ် တက္ကသိုလ် မဟာကျောင်းတော်သားကြီးများ၏ အကြားသို့ အမှတ်မထင်သော်လည်းကောင်း၊ အမှတ်ထင်ထင်သော်လည်းကောင်း၊ အကြိမ်ကြိမ် ရောက်ဖူး တိုးဖူးခဲ့သည်မဟုတ်ပါလား။

* *

mgyoe.com

mgyoe.com


တစ်ခါက စာရေးသူတို့သည် စာရေးဆရာအသင်းကြီး၏ အနေဖြင့် 'လူသည် ခွေးထက်မိုက်၏' ဟူသော အဆိုတစ်ရပ်ကိုတင်၍ ဖိတ်ခေါ်ရာ ရာ အမြို့မြို့ အနယ်နယ်သို့ သွားရောက်ပွဲသွင်းကာ စကားစစ်ထိုးခဲ့ဖူးကြသည်။

စင်စစ် ဤအဆိုသည် ရင့်သီးလှသော်လည်း ထူးထူးဆန်းဆန်း မဟုတ်လှပါ။ စာရေးသူတို့ငယ်စဉ်က စကားရည်လုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဆရာသမားများ၏ သွန်သင်ညွှန်ပြမှုကို ခံယူခဲ့ရသည်။ ထိုစဉ်က ဆရာတို့သည် ဤသို့တင်ပြမိန့်ဆိုကြ၏။

"အမောင်တို့ စကားရည်လုပွဲ (ဝါ) စကားစစ်ထိုးပွဲ ဆိုသည်ကို မောင်တို့အနေနှင့် ပေါ့ပေါ့တန်တန် မမှတ်လေနှင့်၊ ရှေးအခါက တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာဆိုသည့်အထဲမှာ စကားရည်လုပွဲနှင့် သက်ဆိုင်သောအတတ်ပေါင်း ဆယ်မျိုးအထိ ပါရှိကြတယ်မောင်တို့။

"သုတိ၊ သမ္မုတိ သင်္ချာ ဆိုတဲ့ ပါဠိလင်္ကာတွေနဲ့ ဖွဲ့ထားခဲ့တဲ့ ယောကျ်ားတို့ တတ်အပ်တဲ့ တစ်ဆယ့်ရှစ်ရပ်သော အတတ်တွေထဲမှာ ...

"သုတိဆိုတဲ့ အကြားအမြင်အတတ်၊ သမ္မုတိဆိုတဲ့ ဓမ္မသတ်အတတ်၊ သင်္ချာဆိုတဲ့ ဂဏန်းအတတ်၊ နီတိဆိုတဲ့ လူမှုရေးအတတ်၊ ပူရဏဆိုတဲ့ ရှေးစကားကို သိနားလည်ပြောတတ်ခြင်းအတတ်၊ ဣတိဟာသဆိုတဲ့ ရယ်ရွှင်မှုအတတ်၊ မာယာဆိုတဲ့ လှည့်ပတ်တတ်မှုအတတ်၊ ဆန္ဒတိဆိုတဲ့ ဆန်းကျမ်းအတတ်၊ သဒ္ဒါဆိုတဲ့ သဒ္ဒါကျမ်းအတတ်၊ ကေတုဆိုတဲ့ သံတမန်အတတ် –

"အဲဒါတွေ – အဲဒါတွေ အားလုံးပါတယ် မောင်တို့၊ ဒါ့ကြောင့် စကားရည်လုပွဲမှာ ပါဝင်ရမယ့် ပညာရဲရင့် ပွဲလယ်တင့်တဲ့ သူရဲကောင်းဟာ အကြားအမြင် အင်မတန်များမှ ဖြစ်တယ်ကွဲ့။

"စကားရည်လုတယ်ဆိုတာဟာ စကားစစ်ထိုးတာ စကားစစ်ထိုးတဲ့ စစ်သူကြီးတွေဟာ နိုင်မည့်ဘက်ကနေပြီး နိုင်အောင်ပြောတယ်ဆိုရင် မထူးခြား မဆန်းကြယ်ဘူးကွဲ့၊ ရှုံးမည့်ဘက်ကနေပြီး နိုင်အောင် ပြောနိုင်မှ တကယ့်လူတော် ကတယ့်သူရဲကောင်း ....

"အဲဒီတော့ ဆိုကြပါစို့ကွယ် 'လူသည် ခွေးထက်မိုက်၏။ စားပြဗိုလ်

mgyoe.com

သည် ပြည့်ရှင်မင်းထက် ကြင်နာသနားတတ်၏။ မိန်းမရှင်သည် ကြေးရည်တက် ဂုဏ်ကြီးရှင် အမျိုးသမီးထက် သစ္စာရှိ၏' ဆိုတာမျိုးတွေကို အဆိုဘက်ကနေပြီး အကိုးအကား အထောက်အထားတွေ အခိုင်အမာနဲ့ တကယ်နိုင်အောင် ပြောနိုင်မှကွဲ့." ဟု ဆိုဘူး၏။

ထိုစဉ်က စာရေးသူတို့သည် အထက်ဖော်ပြပါ အဆိုတွေအားလုံးကို အဆိုဘက်ကလည်းကောင်း၊ အချေဘက်ကလည်းကောင်း ပြောဖူးကြ၏။ တစ်ခါတစ်ရံ ဘာသာရေးစာပေတွေနှင့် တဖက်က အခိုင်အမာပြုလာသောအခါ ထိုဘာသာရေးစာဂပတို့ကိုပင် ယုတ္တိမဲ့သော စာပေများအဖြစ် အခိုင်အမာ ပြန်ဖျက်ပြကြရသောကြောင့် နားထောင်သူ ပရိသတ်တို့၏ စိတ်၌ပင် ထင်ရောင်ထင်မှားတွေ ဖြစ်လာတတ်ကြရာ အဆိုဘက်ကဖြစ်စေ၊ အချေဘက်ကဖြစ်စေ မည်သည့်ဘာသာရေးစာပေကိုမျှ ကိုးကား ပြောဆိုခြင်း မပြုရဟု တားမြစ်ထားရ၏။

စာရေးဆရာအသင်းမှ စကားရည်လုပွဲ ပြုလုပ်ကြမည်ဟုဆိုသောအခါ ဤငယ်စဉ်က လေ့ကျင့်ခဲ့ရမှုတို့ကို သတိရလာ၏။ ယို့ကြောင့် အဆိုတစ်ခု ရွေးပေးပါဟု ဆိုသောကြောင့် 'လူသည်ခွေးထက်မိုက်၏' ဟူသော အဆိုကို ရွေးပေးလိုက်၏။

အဆိုဘက်မှ ရည်ညွှန်းပြောရသူတို့သည် "လူနှင့် တိရစ္ဆာန်တို့ လောဘ၊ ဒေါသ၊ မောဟချင်း တူညီကြပုံ၊ လူက ပိုထူးသည်မှာ၊ အသိတရားသာထူးပုံ။ ထိုအသိတရားထူးသောကြောင့် ခံစားမှု၊ ကြံစည်မှုစသည်တို့လည်း တိရစ္ဆာန်တို့ထက် ပိုသာ၍ပိုထူးပုံ၊ ထို့ကြောင့် လူတို့သည် မိမိတို့၏ လောဘ ဒေါသ မောဟတို့ကို အများမမြင်တွေ့ရအောင် ဖုံးဖိထားကြ၍ လောဘ ဒေါသ မောဟတို့ကို ခံစားရာ၌ တိရစ္ဆာန်တို့ထက် ပို၍စုံစုံမက်မက် ခံစားပုံ။ ထို့ကြောင့် တကယ်အမှန်အတိုင်းဆိုက လူသည် တိရစ္ဆာန်တို့ထက် ပို၍ လောဘ ဒေါသ မောဟ ကြီးသည်ဟု ဆိုနိုင်ပုံ၊ တိရစ္ဆာန်တို့ထက် လောဘ ဒေါသ မောဟ ကြီးသည်ဆိုပါက တိရစ္ဆာန်တို့ထက် မိုက်မဲခြင်းပင်ဖြစ်ပုံ။

ခွေးသည် တိရစ္ဆာန်ဖြစ်သောကြောင့် တိရစ္ဆာန်တို့ထက် ပို၍မိုက်သော လူသည် ခွေးထက်လည်း ပို၍မိုက်ပုံ။ ခွေးတစ်ကောင်သည် မှ

mgyoe.com

mgyoe.com

အတွက်ကြောင့် အခြားတစ်ကောင်ကို သေအောင် ကိုက်သတ်ချင်သတ်မည်ဖြစ်သော်လည်း ထိုအခြားတစ်ကောင်ကို မသေ, သေအောင် နှစ်ရှည်လများ ကြံစည်နေခြင်း မိမိကိုယ်ကို မ,အတွက်ကြောင့် သတ်သေခြင်း မပြုလုပ်ကြသော်လည်း ခွေးထက်မိုက်သော လူသည် မ,အတွက်ကြောင့် အခြားလူတစ်ယောက်ကို မသေ,သေအောင် နှစ်ရှည်လများ ကြံစည်သတ်ဖြတ်ခြင်း၊ မိမိကိုယ်ကို သတ်သေခြင်းစသည်တို့ ပြုလုပ်တတ်ကြပုံ ....

ခွေးတစ်ကောင်သည် မိမိတို့အစာဖြစ်သော ကြက်ကလေး၊ ဘဲကလေး စသည်တို့ကို ကိုက်သတ်ခြင်း၊ မိမိနှင့် အစာလုဘက်ဖြစ်သူ အခြားခွေးတစ်ကောင်အား လတ်တလော စိတ်လိုက်မာန်ပါ ကိုက်သတ်ခြင်းစသည်တို့၌ လူတို့ကဲ့သို့ပင် ပြုကြဖြစ်ကြသော်လည်း ထိုမိမိတို့၏ အစာဖြစ်သည့် အကောင်ဘလောင်တို့အား နေ့ဘို့ညစာ တာရှည်လှောင်၍ သတ်စားကြရန် ဖမ်းဆီးထားခြင်း မပြုကြ၊ မိမိတို့နှင့် အစာလုဘက်ဖြစ်သော အခြားခွေးတစ်ကောင်အား မသေ,သေအောင် နှစ်ရှည်လများ ကြံစည်သတ်ဖြတ်ခြင်း၊ မပျက်စီး, ပျက်စီးအောင် နှစ်ရှည်လများ ကြံစည်ဖျက်ဆီးခြင်း၊ မိမိတို့၏အစာရရှိရေး ဖူလုံရေးအတွက်၊ မိမိတို့နှင့်ဘဝတူ အခြားခွေးတစ်ကောင်အား မဝရေစာပေး၍၊ ကျွေး၍ မိမိတို့အတွက် အစာအရှာခိုင်းခြင်း၊ ထိုဘဝတူခွေးပေါ်မှတဆင့် ခေါင်းပုံဖြတ်၊ သွေးစုတ်၍ မိမိအတွက် ညှဉ်းပန်းခိုင်းစေခြင်း၊ မိမိအတွက် မလုပ်ပေးဘဲ မနေနိုင်အောင် အကြပ်ကိုင်ခြင်း စသည်တို့ကို မပြုလုပ်ကြ၊ ထိုမျှလောက် ဆိုးဝါးသော အလုပ်ကို လူတို့ကသာ အလွန်ရက်စက်စွာ ပြုလုပ်ကြသည်။ ထို့ကြောင့် လူသည် ခွေးထက်မိုက်သည်။

နောက်ဆုံး၌ ခွေးသည် မိမိစားကွက်တစ်ခု၊ စားကျက်တစ်ခုအတွက်၊ အခြားခွေးတို့ကို ကိုက်မည်ဖြစ်သော်လည်း တစ်ကောင်တလေသာ သေအောင်ကိုက်ပေမည်။ ဆိုင်သော မဆိုင်သော ခွေးတို့ကို အကုန်သေအောင် မကိုက်သတ်၊ လူတို့ကား စားကျက် စားကွက်တစ်ခုအတွက် လူပေါင်း အမြောက်အများတို့ကို ထောင်နှင့်သောင်းနှင့်သန်းနှင့် ချီ၍ သတ်ပစ်ကြ၏။ ဆိုင်ဆိုင် မဆိုင်ဆိုင် သတ်ပစ်ကြ၏။ ပြီးခဲ့သော ဒုတိယကမ္ဘာစစ်ကြီးကို ကြည့်လျှင် သိနိုင်၏။ ဤမျှ ရက်စက်ကြမ်းကြုတ်သောအလုပ်

mgyoe.com

mgyee.com

ကို ခွေးတို့မလုပ်ကြ။ လူတို့သာ လုပ်ကြ၏။ ထို့ကြောင့် လူသည် ခွေးထက် မိုက်၏။

ခွေးသည် မိမိနှင့်မသင့်တော်သော ပြိုင်ဘက် အခွေးအချင်းချင်းအား တစ်ကောင်တလေကိုမျှ သတ်ရန်၊ အနိုင်ယူရန်အတွက်၊ မကောင်းယုတ်မာသည့်စိတ်ဖြင့် ဘာတစ်ခုမျှ တိုးတိုးကြိတ်ကြိတ် ကြံစည်နေမှုမျိုး မပြုလုပ်ကြ၊ လူသည် မိမိနှင့် မဘင့်တင့်သော သို့မဟုတ် မိမိကို ဆန့်ကျင်မည်ထင်ရသော လူတစ်ဦးတစ်ယောက်ကို မဆိုထားဘိ၊ လူသန်းပေါင်း များစွာတို့ကိုပင် တခဏချင်း သတ်ဖြတ်ပစ်နိုင်အောင် နေ့ညဉ့်မပြတ် ကြံစည်ပြုလုပ်နေကြ၏။ အနုမြူဗုံးများ၊ ဟိုက်ဒရိုဂျင်ဗုံးများ၊ တိုက်ချင်းပစ် ဒုံးပျံများ ပေါ်ပေါက်လာခြင်းသည် ခွေးထက်မိုက်ပုံ၊ ရက်စက်ကြမ်းကြုတ်ပုံတို့ကို ဖော်ပြသည့် လူတို့၏ သရုပ်သကန်ဖြစ်၏" စသည်စသည်တို့ဖြင့် စစ်မဖြစ်ပွားရေး လက်နက်တားဆီးရေး စသည်တို့ကို ဦးတည် ရည်ညွှန်းလျက် စကားရည်လုကြရ၏။

ကမ္ဘာ့ငြိမ်းချမ်းရေး စစ်လက်နက် တားဆီးရေး အကျင့်စာရိတ္တကောင်းမွန်ရေးတို့ကို မမျှော်လင့်ဘဲ ကွင်းခနဲ ရှင်းခနဲကြားရခြင်း၊ ပါးစပ်မစေ့ရအောင် တဝါးဝါး တဟားဟား ရယ်မောကြရခြင်းတို့ကြောင့် နားထောင်သည့် ပရိတ်သတ်တို့ ကြိုက်သင့်သလောက် ကြိုက်နှစ်သက်ကြသော်လည်း စင်စစ် မြင့်မားသောစကားရည်လုပွဲကြီးမျိုး မဟုတ်လှပါ။

သို့သော် – ကံကောင်းထောက်မ,လာသည်ဖြစ်ရကား ခွေးထက်မိုက်သောလူတို့က "ဤစကားရည်လုပွဲသည် တိုင်းပြည်ကိုလုပ်ကြံရန်၊ တက်နေသည့် အစိုးရကိုမကောင်းပြောရန် ပါးစပ်ဖြင့်တိုက်ရန်၊ လှည့်လည် ပြုလုပ်နေခြင်းဖြစ်ပါသည်" ဟု သတင်းလွှင့်လိုက်သောအခါ တစ်ခဏချင်း နာမည်ကြီးသွားရသည်။ ဟိုမြို့က ဖိတ်အပြောခိုင်း၊ သည်မြို့က ဖိတ်အပြောခိုင်း ပြုလုပ်လာကြသည်။

ကျော်ကြားရန် အကြောင်းတိုက်ဆိုင်လာသည်ဖြစ်ရကား၊ ထိုစကားရည်လုပွဲ၌ လာရောက်ပြောဟာကြမည့် စာရေးဆရာတို့ ရောက်လာကြသည်နှင့် သက်ဆိုင်ရာ ထောက်လှမ်းရေးတို့က ခပ်ပြောင်ပြောင်ပင် လာရောက် မေးကြ မြန်းကြသည်။ ထိုအခါ ဧည့်ခံကျွေးမွေးကြသူတို့ထံမှ

mgyoe.com

တစ်ခဏချင်း မြို့ထဲသို့ သတင်းပြန့်သွားရသည်။

ထိုသတင်းကြောင့် နောက်တစ်နေ့ စကားရည်လုပွဲပြုလုပ်သော အခါ ရုပ်ရှင်ကားကောင်းတို့ ပြသသည့်တိုင်၊ ဖွင့်မပေးခဲ့ရသော ရုပ်ရှင်ရုံကြီးတို့သည် နားထောင်သူတို့ လျှံထွက်လာသောကြောင့် ဖွင့်ပေးလိုက်ရသည်ချည်း ဖြစ်သည်။

ပွဲပြီးသွားသောအခါ၌လည်း နားထောင်ကြသူတိုင်းပြုံး၍ ထွက်လာကြသည်။ "တို့ ထင်သလိုတော့ မဟုတ်ပါဘူးကွာ၊ ဘယ်သူ့မှမချုပါဘူး။ ဒါပေမဲ့ လူတွေကိုတော့ ချတယ်ကွ၊ ကောင်းတော့ကောင်းပါတယ်။ တစ်မျိုးပဲ သိပ်ရယ်ရတယ်" ဟူသော စကားသံများ ထွက်လာကြသည်။

ဤသို့ဖြင့် ဆေးမစားရမိပုံနှင့် ဆေးစားပြီးပုံကဲ့သို့၊ နားမထောင်ရမိတစ်မျိုး၊ နားထောင်ပြီးတစ်မျိုး နှစ်မျိုးသော ကောင်းခြင်းဖြင့် နာမည်ကြီးလှသော စကားရည်လုပွဲကို မဟာတက္ကသိုလ်ကျောင်းတော်သားတို့က သတင်း သန့်ခနဲ ရလိုက်ကြသည်။

ဤတွင် အခန်းမကြီးလျှံအောင် လက်မှတ်တွေ ရောင်းချလိုက်ကြပြီးနောက် စာရေးဆရာတို့ကိုလည်း အရက်ကိုးမောင်းတိုက်ကာ ဖိတ်ခေါ်သွားကြသည်။

ပရိသတ်တကာတို့၏ ပရိသတ်တွင် ဘယ်ပရိသတ်တို့နှင့်မျှ မတူသော ပျိုမျစ်နုနယ် ငယ်ရွယ်လှပသည့် ယောကျ်ားကလေး ပရိသတ်နှင့် မိန်းမပရိသတ်များ၊ ထို့နောက် ခေတ်မီ၊ ယဉ်လှ၊ တောက်ပသစ်လွင်သည့် ဝတ်သစ်ဆင်သစ်များ ...

ဤပရိသတ်နှင့် ဤလှပသော အခန်းကြီးထဲတွင် ရှေ့ဆုံးတန်းခုံ၌ ထိုင်နေသည့် နာမည်ကြီးလှသော တက္ကသိုလ်ကျောင်းသားထိန်း ဆရာကြီးနှင့် စကားရည်လာလုကြသော စာရေးဆရာတို့သာလျှင် အရုပ်ဆိုး၍ အိုမင်းရင့်ရော်သူများ ဖြစ်ကြသည်။ ခြုံ၍ကြည့်လိုက်လျှင် ဝင်းနေသော ရွှေသေတ္တာငယ်တစ်လုံး၌ ဟင်္သာပြဒါးနီကလေး မဆိုသလောက် ပေါ်နေရသကဲ့သို့ဖြစ်၏။

ဤမျှ လှပတောက်ပြောင်၍ လုလင်ပျို လုံမပျိုတို့ဖြင့် မွှေးကြိုင်နေသော အခန်းဆောင်ကြီးအတွင်း၌ စကားရည်လုပွဲကြီး စလိုက်၏။

mgyoe.com

mgyoe.com


ခွေးဘက်မှ အဆိုရှင်က ထရပ်လိုက်သည်။ လှပမွေးကြိုင်သော အခန်းကြီးတစ်ခုလုံး ခွေးသံတွေ ဖုံးသွား၏။ အူသံ၊ ဟောင်သံ၊ အချင်းချင်း ကိုက်သံ၊ မာန်ဖီသံ၊ အကိုက်ခံရသဖြင့် ခွေးမကလေး ကိန်ကိန်နှင့် အော်မြည်သံ အသံမျိုးစုံသွား၏။

ဖျက်လိုဖျက်ဆီးပြုကြခြင်းမဟုတ်ပါ။ လူတို့ကဲ့သို့ လက်ခုပ်တီးကြမည့်အစား လက်ခုပ်မတီးဘဲ ခွေးတို့ကဲ့သို့ အားပေးကြခြင်း၊ ဩဘာပေးကြခြင်းဖြစ်ပါသည်။ ထိုအသံတို့ကား ခွေးဘက်သားတို့၏အသံတို့ပါတည်း။ လူဘက်သားတို့စကားပြောရန် ထသောအခါ၌ လူလိုလက်ခုပ်တီး၍ အားပေးကြပါသေးသည်။ သို့သော် လူဘက်သားကား နည်းလှ၏။ လူဘက်သားတို့ စကားတစ်ချက်ပိုင်လျှင် ပေါ်လာတတ်သည့် လက်ခုပ်ဖြောက်ဖြောက်ထက်၊ လူဘက်သားတို့စကားတစ်ချက်မှားလျှင် လှောင်လိုက် ရယ်လိုက်သောအသံနှင့်အတူ အူလိုက်ဟောင်လိုက်ကြသော ခွေးဘက်သားတို့က ပို၍များ၏။ ခွေးဘက်သားတို့ပြောသည့် အချိန်၌မူကား ရယ်ဖွဲ့ဖွယ်အချက်ကလေး တစ်ခုတစ်ချက်ပေါ်လာတိုင်း ရယ်မောကြသော အသံများနှင့်အတူ တောက်ပမြူးကြွနေသော ခန်းမဆောင်ကြီးထဲမှ အူလိုက် ဟောင်လိုက် အားပေးလိုက်ကြသော ခွေးဘက်သားတို့၏အသံသည် တက္ကသိုလ်နယ်မြေမှ ကန့်ကော်ပွင့်တို့ကို ဝတ်မှုန်ကြွေအောင် ဘောင်ဘင်ရိုက်ခတ်ကာ မိုးပြာပြင်ထက်သို့ လွင့်တက်ကျေညာလိုက်သည်ချည်းဖြစ်၏။

ဤကား စကားရည်လုပြနေသော ဆရာတို့ကို အလွန်ချစ်ခင် ကြည်ညိုကြသောကြောင့် လိုက်လျောအားပေးကြခြင်းမျှဖြစ်ပါသည်။ ကျောင်းတော်သားတို့ ချစ်ကြသဖြင့် ချောချောမောမော ပျော်ပျော်ပါးပါးနှင့်ပြီးသွားကြရသည့်ပွဲအကြောင်းဖြစ်၏။ မချစ်ကြည်သူတို့ဖြစ်ပါက လိပ်ခုံးခန်းမဆောင်ကြီး၌ပြုလုပ်သော ပြောပွဲတစ်ခုတွင် အမျိုးသမီးစာရေးဆရာမကြီးတစ်ဦး ငိုပြန်သွားရဖူးခြင်းအကြောင်းတစ်ခုဖြင့်ပင် ခိုင်လုံလှပေပြီ။ ထို့ထက်များစွာ များစွာသော တက္ကသိုလ်ပုံပြင်တို့လည်း ရှိကြပါသေး၏။

စာရေးသူသည် ထိုပုံပြင်တို့ကို ကိုယ်တွေ့ရော ပြောသံကြားပါ၊ အရည်ဝလှလေပြီဖြစ်ရာ မောင်ကိုယု လာဆွယ်သည့် ကျောင်းတော်မှ

mgyoe.com

mgyoe.com


အပျော်တမ်းပြဇာတ်အဖွဲ့ထဲသို့ ပါဝင်ပါမည်ဟု ကတိပေးလိုက်သည်မှာ မှားများသွားလေပြီလားဟု ကြက်သီးထမိခြင်းဖြစ်၏။

သိပ်မကြာလှပါချေ။ ထိုအဖွဲ့အစည်း တည်ထောင်သည့် အခမ်းအနား၌ ကိုယ်တွေ့ပြဇာတ်များအကြောင်းကို မိန့်ခွန်းချွေရမည်ဟု ဆိုလာ၏။ စာရေးသူ သူကောင့်သားသည် တထိတ်ထိတ်ဖြင့် တက္ကသိုလ်နယ်မြေသို့ ရောက်သွားပါလေပြီ။

စာရေးသူအဖို့ တက္ကသိုလ်မဟာကျောင်းတော်သားကြီးတွေနှင့် ကံစပ်သည်ဟု ထင်၏။ ကျောင်းတော်သားကြီးတို့ကား၊ ခပ်ကြွားကြွား ခပ်ထည်ထည် ခပ်ခန့်ခန့်မျိုးဆိုရင်မကြိုက်၊ အလိုလို မျက်စိတော်စပါးမွေးစူးလာတတ်၏။ ရိုးရိုးကုပ်ကုပ် လုပ်သလောက်သာပြော၍ ပြောသလောက်သာ လုပ်သူကိုမှ ကြိုက်၏။ အဝတ်ဝတ်လာသည်ကအစ၊ ပွဲထိုင်တွင် အလှပြမည်ကဲ့သို့ ဟိတ်ကြီးဟန်ကြီးနှင့်ဝတ်လာလျှင် မကြိုက်၊ စကားပြောလျှင်လည်း မိုးချိ လေချိ ချိလာမည်ဆိုပါက ဖနောင့်နှင့် တင်ပါးတသားတည်း မြင်ရအောင် ပြေးကြကြရဖို့သာ ပြင်ပေရော့ ... အလှောင်ခံ အပြောင်ခံ အသရော်ခံကြရ၍ သောသောညံနေကြလိမ့်မည်သာဖြစ်၏။

ယခု ... စာရေးသူ ပြောရမည့်စကား၌ ထိုသို့အလှောင်အပြောင်ခံရမည့် စကားလုံးမျိုး တစ်ခုမျှမပါ။

စာရေးသူသည် လူလားမမြောက်မီအရွယ်မှစ၍ အိမ်မှထွက်ပြေးလျက် မိမိဘဝကို မိမိဘာသာ ရပ်တည်ကာ၊ ဆင်းဆင်းရဲရဲ မွဲမွဲတီးတီးဖြင့် ဤစာပေးစသည်တို့ကို လေ့လာလိုက်စားခဲ့ရ၏။ ထိုစဉ်ကတည်းက ဝတ္ထုပြဇာတ် စသည်တို့ကို ဖတ်ရန် ရေးရန် ဝါသနာပါ၏။ သို့သော် မြန်မာဝတ္ထုနှင့် မြန်မာပြဇာတ်ကို့ကိုသာ ဖတ်နိုင်၏။ အင်္ဂလိပ်စာကို မြန်မာစာသင်သကဲ့သို့ပင် မိမိဘာသာ ကြိုးစားသင်နေရဆဲဖြစ်၍ အင်္ဂလိပ်ဝတ္ထုနှင့် အင်္ဂလိပ်ပြဇာတ်တို့ကို မဖတ်တတ်သေး။ စာပေနယ်ကျဉ်းလှသေး၏။

ထို့ကြောင့် ဘာသာပြန်စာအုပ်တို့ကို ရှာဖွေဖတ်ရ၏။ ထိုစဉ်က ဤရာဇဝင်ပြောင်လှသော ရန်ကုန်တက္ကသိုလ် မဟာကျောင်းတော်သားကြီးများသည် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ရာ၌လည်းကောင်း၊ စာပေရေးရာတို့၌လည်းကောင်း၊ အပြင်မှ နိုင်ငံရေးသမားကြီးများ စာပေသမားကြီး

mgyoe.com

mgyoe.com


များနှင့် တန်းတူတညီတည်း လိုက်ခဲ့၏။ အတူလည်းပေါင်းခဲ့၏။

ဥပမာ ... တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌဟောင်း ကိုကြီးနု၊ ယခုကမ္ဘာ၌ ကျော်ကြားခဲ့ဖူးသော မြန်မာပြည်၏ ဝန်ကြီးချုပ်ဟောင်း ဦးနုဆိုလျှင် တက္ကသိုလ်ကျောင်းတော်ကြီး၌ သပိတ်မှောက်ခေါင်းဆောင်ဖြစ်ခဲ့သလို စာပေနယ်ထဲ၌လည်း ပြဇာတ်ပေါင်း အတော်များများကိုရေးခဲ့သော နာမည်ကြီးပြဇာတ်ရေးဆရာတစ်ဦးဖြစ်ခဲ့၏။

ဟိုခေတ် ဟိုအခါကဆိုလျှင် စာပေနယ်နှင့် နိုင်ငံရေးနယ်ပယ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ပေါင်းကူးလျက်ရှိရာ၊ စာပေနယ်၌ ဦးဆောင်သည့် ဆရာသမားတို့သည် နိုင်ငံရေးနယ်၌လည်း ဦးဆောင်ပါဝင်နေကြသော ဆရာသမားများဖြစ်နေကြ၏။

ထိုစဉ်အခါက စာရေးသူသည် နဂါးနီဂျာနယ်၏ ပတ်ဝန်းကျင်၌ မှီခို၍ စာပေနယ်၌ရပ်တည်နိုင်ရန် ခြေကုပ်ယူလျက်ရှိနေရာ၊ နဂါးနီဂျာနယ်မှ စာပေသမားတို့ကို ပေါင်းသင်းရ၏။ ဆရာတင်ရ၏။ ဤတွင် နဂါးနီဂျာနယ်မှ စာပေသမားတစ်ဦးလည်းဖြစ်၊ နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်သော သခင်စိုးကြီးသည် "Red star over china" လား၊ "Scorched earth" လား ကောင်းကောင်းမမှတ်မိ၊ ထိုစာအုပ်ကို 'မီးလောင်မြေ' ဟူသော အမည်တပ်၍ ထောင်ထဲမှ ဘာသာပြန်ထုတ်ပေးလိုက်သည်။

ထောင့်အပြင်၌ရှိသော ဇနီးသည်အတွက် နဂါးနီဂျာနယ်တိုက်က စာအုပ်အဖြစ် ရိုက်ထုတ်ပေးရန်ဖြစ်၏။ ထိုအခါ ဂျာနယ်၏စာတည်းအဖွဲ့ဝင်တစ်ဦးဖြစ်သော စာရေးသူ၏လက်သို့ ရောက်လာ၏။ စာရေးသူတို့ ဖတ်ကြ၍ အလွန်ကြိုက်ပြီးလျှင် စာအုပ်အဖြစ် ထုတ်ဝေနိုင်ရန် အမျိုးမျိုးကြိုးစားကြ၏။ ထုတ်ခွင့်မရခဲ့။

ထိုအခါ စာကူးစက်ဖြင့်ရိုက်၍ စာရေးသူတို့က ယူဂျီဟုခေါ်သော အတွင်းတော်လှန်ရေးအဖွဲ့ဝင်တို့အား ဖတ်ရန် မှန်ရန် ဝေပစ်လိုက်၏။ (ထိုစာမူကိုပင် အခြားပုဂ္ဂိုလ်တို့ကသည်း စာကူးစက်ဖြင့်ရိုက်၍ ထုတ်ဝေဖြန့်ဖြူးကြသေးသည်ဟု သိရ၏။) ဂျာနယ်အဖွဲ့မှ လူကြီးများကလည်း စာမူအတွက် ရသင့်သည့်ငွေကို သခင်စိုးကြီး၏ ဇနီးသည်အား ထောက်ပံ့ရန် ဆုံးဖြတ်လိုက်ကြ၏။

mgyoe.com

mgyoe.com

စာရေးသူသည် ထိုစာထဲမှ တရုတ်နီပြောက်ကျား တပ်သားရဲဘော် 'ပင်တေဝှူး' လား၊ 'ပင်တေဟွာ' လား နာမည်ကိုမမှတ်မိတော့၊ ထိုရဲဘော်ကို အားကြီး သဘောကျခဲ့၏။

ထိုရဲဘော်သည် အစုငယ်ကလေးတစ်ခုကို ခေါင်းဆောင်ရသူဖြစ်လျက်၊ လယ်သမားကြီးတွေရှိရာသို့ရောက်လျှင် ထိုလယ်သမားကြီးတွေ၏ အတူနေရွာသားဖြစ်လာရ၏။ ထိုမျှမက အခမဲ့ကူညီလုပ်ကိုင်ပေးသော စာရင်းငှားလည်းဖြစ်၏။ သွေးမစပ်ပဲ သားကြီးတစ်ယောက်ဖြစ်လာရသော အိမ်သူအိမ်သားလည်းဖြစ်၏။

သူတို့သည် ရောက်ရာအရပ်၌ မိမိတို့တည်းအိမ်မှ လယ်သမားကြီးတို့၏အလုပ်ကို အမြဲလုပ်ကိုင်နေကြသည့် စာရင်းငှားသဖွယ် ဝင်ရောက်လုပ်ကိုင်ကြရင်း၊ ညဦးအခါ၌ ကလေးတွေကိုပုံပြောခြင်း၊ သီချင်းဆိုပြခြင်းများ ပြုလုပ်သေး၏။ ထို့ပြင် ရပ်သူရွာသား လယ်သမားတို့ကိုလည်း ရန်သူဆန့်ကျင်ရေး၊ ရန်သူမုန်းတီးရေးအတွက် တခန်းရပ် ပြဇာတ်တို့ကိုလည်း ကပြသေး၏။

ဤအကြောင်းကို ဖွဲ့လာသော စာရေးသူသည် ဂျပန်တစ်ခေတ်လုံး 'ဝရမ်းပြေးဘဝ' နှင့်နေရစဉ် ... ဤအတိုင်း အတုယူလျက်ပြုလုပ်ခဲ့၏။ ထိုစဉ်ကစ၍ တလင်းထဲ၌ လူသုံးယောက်လောက်၊ တစ်ခါတစ်ရံ လေးယောက် ငါးယောက်လောက်၊ တစ်ခါတလေ ဆယ့်သုံးယောက်လောက်ဖြင့် ကပြခဲ့ရသော ဂျပန်မုန်းတီးရေးပြဇာတ်တို့အကြောင်းနှင့် ကိုယ်တွေ့ကြုံခဲ့ရသော အခက်အခဲကလေးများ၊ ရယ်မောဖွယ်ရာကလေးများ၊ အစစမပြည့်စုံရပုံကလေးများကို ပြောပြမည်။

နိပ်ပေပြီ ...။

* *

စာရေးသူ တက္ကသိုလ် ခန်းမဆောင်ကြီးအတွင်းသို့ရောက်သောအခါ၊ နေ့ ၂ နာရီခန့်လောက်ဟု ထင်၏။ ပရိသတ်ကလည်း အများသား။ ကျောင်းတော်သူ ကျောင်းတော်သားပေါင်း နှစ်ရာဝန်းကျင်လောက် ရှိလိမ့်မည်ဟု ထင်၏။

mgyoe.com

စာရေးသူ ဝင်သွားလျှင် ပရိသတ်ကလည်း လေးစားသောအကြည့်ဖြင့် ကြည့်ကြ၏။ လေးစားသောအပြုံးဖြင့် ပြုံးကြ၏။ ရင်းနှီးသူတို့ကလည်း အရေးတယူ ကြိုဆိုကြ၏။ စာရေးသူနှင့် ကျောင်းတော်သားတို့သည် အမြဲအဆင်ပြေနေသည်မဟုတ်ပါလား ...။

ပြဇာတ်အကြောင်းပြောရန် စာရေးသူ၏အလှည့်သို့ ရောက်လာလေပြီ။ စာရေးသူက သေသေချာချာ ပြောမည်ဟု စလိုက်၏။

"ဆင်းဆင်းရဲရဲနဲ့ပဲ စာပေနဲ့ပြဇာတ်ကို ဝါသနာပါခဲ့ရပါတယ် ..."

ကျောင်းသားပရိသတ်တို့က ပြုံးကြသည်။ ပရိသတ်ပေါင်း မြောက်မြားစွာတို့အကြား၌ ငယ်ငယ်ကတည်းက တိုးလာခဲ့ရသော အတွေ့အကြုံအရ 'သည်ပြုံးလိုက်ကြပုံကြီးက သိပ်မဟန်'

"နဂါးနီဂျာနယ် ..."

ပရိသတ်အတွင်းမှ တမင်ဟန့်လိုက်သော ခပ်လှောင်လှောင်ချောင်းဟန့်သံတစ်ချက် ပေါ်လာ၏။ ထို ချောင်းဟန့်သံကြောင့် ကျန်ပရိသတ်တို့ကလည်း ပြုံးလိုက်ကြ၏။

မဖြစ်နိုင်တော့ပြီ ...၊ စာရေးသူသည် တစ်ကိုယ်လုံး အိုက်စပ်စပ်ဖြစ်လာရ၏။ ချက်ချင်းပင် အခြားအကြောင်းအရာတစ်ခုကို အဆက်အစပ်မရှိ ပြောင်းပစ်လိုက်ကာ မြန်မာပြည်၌ ဇာတ်ကောင်ဇာတ်ဆောင်တို့သည် ပင်ကိုတော်လာကြသူများဖြစ်သောကြောင့် အရမ်းပြုလုပ်ကြရင်း နာမည်ကျော် ဇာတ်ဆောင်ကြီးများ ဖြစ်လာကြရပုံ ...

သို့သော် ကိုယ့်အသိဖြင့် ကိုယ်မှန်း ကြိတ်နေကြရခြင်းဖြစ်သောကြောင့် စနစ်မရှိပုံ၊ မသိပုံ။

နိုင်ငံကြီးတို့၌ ဇာတ်ဆောင် ဇာတ်ကောင်တို့ မည်သို့ ဇာတ်ဆောင်ပြရမည်၊ အမူအရာပြုလုပ်ရမည် စသည်တို့ကို သင်ကြားပေးသောကျောင်းများ ရှိပုံ၊ စာအုပ်စာတမ်းများလည်း ရှိကြပုံတို့ကို ပြောပြပြီးလျှင် စာအုပ်သုံးလေးအုပ်တွင် တွေ့ရသော အချက်အလက်ကလေးများနှင့် ရုရှားဒါရိုက်တာ ပူဒေါ့ပကင်းရေးသည့် အမူအရာလုပ်နည်းစာအုပ်မှ အချို့၊ ထို့ပြင် တရုတ်ပြည်၌မျက်မြင်တွေ့လာခဲ့ရသော ပြဇာတ်တိုက်နေပုံအကြောင်းတို့ကို လှုပ်ရှားသောစိတ်ဖြင့် ဟိုရောက်သည်ရောက်ပြော၍

mgyoe.com

mgyoe.com

မြန်မြန်အဆုံးသတ်လိုက်ရသောဟူ၏။

စာရေးသူသည် ဤသို့ဖြင့် ရန်ကုန်တက္ကသိုလ်နယ်မြေအပျော်တမ်းပြဇာတ်ဝါသနာရှင်များအဖွဲ့မှ၊ မနည်းချည်းအောင်မြင်စွာ ဆုတ်ခွာလာခဲ့ရ၏။

သို့သော် နေသေးရိုးလား၊ ဟိုမှာမပြောရလျှင် သည်မှာရေးမည်။ သည်မှာရေးမည်ဟု ဆိုသော်လည်း ထိုစဉ်ကပြောရန် တာစူထားခဲ့သည့်အကြောင်းအရာတို့ကို ထိုအခါတုန်းကလို အဆင်ပြေပြေဖြင့် တင်ပြရေးပြရန် မလွယ်တော့။ ဟိုအခါသည် ဟိုအချိန် ဟိုစိတ်ကူးနှင့်ဖြစ်နေ၍ သည်အခါသည်၊ သည်အချိန်၊ သည်စိတ်ကူးနှင့် ဖြစ်နေပါလေပြီ။

* *

စာရေးသူတို့မည်သည် မိမိကိုယ်မိမိ အစိုးမရ၊ ဟိုအချိန်က ပြောလိုရေးလိုသည့်အကြောင်းအရာကို ဟိုအခါတွင်သာ ကောင်းအောင် သွက်အောင်၊ ဝင်စားအောင် ပြောနိုင်ရေးနိုင်၍ သည်အချိန်သည်အခါသို့ ရောက်သောအခါ ဟိုစဉ်ကကဲ့သို့ ကောင်းအောင်၊ သွက်အောင်၊ ဝင်စားအောင် ပြော၍၊ ရေး၍မဖြစ် မရတတ်။

စာရေးသူတို့သာမဟုတ် အနုပညာလုပ်ငန်းရပ်တစ်ခုခုကို ပြုလုပ်ကြသူတိုင်း ...

အနုပညာသည်တို့ကို မဆိုထားနှင့် အနုပညာသဘောသက်ရောက်သည့် ကိုယ်ပိုင်အတွေးအခေါ်နှင့် ပေါင်းစပ်၍ ပြုလုပ်ကြရသော လုပ်ငန်းတို့ကို လုပ်ကြရသူတိုင်း ...

(ဥပမာ – ဓားကစားသူများ၊ သိုင်းသမားများ၊ ဘားဂျမ်းသမားများ၊ သေနတ်ပစ်သမားများ၊ တင်းနစ်ရိုက်သူ၊ ကြက်တောင်ရိုက်သူများ၊ ဘောလုံးကစားသူ၊ ဘတ်စကက်ဘောကစားသူ၊ ဘော်လီဘောကစားသူများ၊ ဂေါက်သီးရိုက်သူ၊ ဘိလိယက်ထိုးသူများ၊ လက်ဝှေ့ထိုးသူများ၊ မိမိ၏ကိုယ်ပိုင်အတွေးအခေါ်နှင့်ပေါင်းစပ်၍ ပြုလုပ်ရသော အချို့လက်မှုစက်မှုပညာသည်များ စသည် စသည်တို့ ...)

ထိုသူအားလုံးတို့သည်လည်း ဤအတိုင်းဖြစ်ကြလိမ့်မည် ထင်၏။

mgyoe.com

စိတ်ဝင်စားချိန်၌သာ အဆင်ပြေလိမ့်မည်။ ကောင်းမွန်လာလိမ့်မည် ထင်၏။ ထို့ကြောင့်လည်း အနုပညာသည် ဆိုသူတို့ ပြုလုပ်သည့်အရာတိုင်း အစဉ်အမြဲ မကောင်းနိုင်ဘဲ ပြုလုပ်သူ၏ စိတ်ထက်သန်နေမှု၊ ပြည့်စုံမှု၊ ပတ်ဝန်းကျင်အခြေအနေပေးမှု စသည့် အဖက်ဖက် အကြောင်းကြောင်းတို့နှင့် ညီညွတ်ပြည့်စုံမှသာ တကယ်ကောင်းလာတတ်သည်ကို တွေ့နေကြရခြင်းဖြစ်၏။

ဤသို့ဆိုသော် လူတစ်ဦးတစ်ယောက်တည်း ပြုလုပ်ရသည့်အရာတို့၌ပင်လျင် အမြဲတမ်း ကြိုးကြိုးစားစား ပြုလုပ်နေပါလျက် ကောင်းချင်သည့်အခါမှ ကောင်း၍မကောင်းချင်သည့်အခါ မကောင်းဘဲနေတတ်သည် ဆိုပါက ...

**"ဤသူပြု၍ ဖြစ်တတ် ကောင်းတတ်သည့်အရာကို ထိုထိုသူတကာတို့အား ပြုခိုင်းလျှင်လည်း ဖြစ်နိုင်ကောင်းနိုင်၏။ ဘာ့ကြောင့် မဖြစ်ရမည်နည်း။ လူတိုင်း ဖြစ်နိုင်ကြသည်။ လူတိုင်း ဖြစ်ကြရမည်"** ဟု ယူဆယုံကြည်သောသူမျိုးကို စာဖတ်သူအနေဖြင့် မည်သို့အကဲဖြတ်ပါမည်နည်း။

ထိုသူသည် အာဏာရှင်စိတ်ပေါက်နေသူသော်လည်းကောင်း သို့မဟုတ် လက်ဝဲအစွန်း၌ သရဖူဆောင်း၍ မိုက်တွင်းတူးနေသည့် ကန်းသော ကွန်မြူနစ်ပျက်သော်လည်းကောင်း၊ သို့မဟုတ် အနုပညာရပ်တို့နှင့် ဒုန်းဝေးသော နလပိန်းတုံးသော်လည်းကောင်း၊ သို့မဟုတ် 'နွား'သော်လည်းကောင်း ဖြစ်ရပေလိမ့်မည်ဟု ...

အသိဉာဏ်ဖြင့် ပြည့်စုံသည့် အမှန်တရားကို လေးစားသော ဤစာဖတ်သူတို့က အကဲဖြတ်ကြလိမ့်မည်ထင်၏။ ထိုသို့အကဲဖြတ်ကြရန်လည်း ခိုင်လုံ၏။

အကြောင်းမူ ထိုသူသည် အာဏာရှင်စိတ်မပေါက်ပါက မဖြစ်နိုင်သည်ကို ဖြစ်စေဟု အတင်းပြုလုပ်ချင်နေလိမ့်မည်လည်း မဟုတ်။

လက်ဝဲအစွန်း၌ သရဖူဆောင်း၍ မိုက်တွင်းတူးနေသည့် ကန်းသော ကွန်မြူနစ်ပျက်မျိုး မဟုတ်ပါက "လူဟူသမျှ အားလုံးအတူတူချည်း ခြွင်းချက်မရှိ ဖြစ်ကြရမည်။ ဖြစ်နိုင်ရမည်" နေရာတိုင်းအတွက် ယူဆလျက်

mgyde.com

mgyoe.com

ဒွတ် မျက်စိမှိတ်၍ လက်ခံနေလိမ့်မည်လည်းမဟုတ်။

အနုပညာရပ်တို့၌ 'ဒုန်း' ဝေးလှသော နလဗိန်းတုန်း မဟုတ်ပါက 'ပါးစပ်ပါ၍ အသံထွက်သူတိုင်း သီချင်းဆိုတတ်သူများ ဖြစ်မလာနိုင်ကြောင်း' ကိုမျှ မသိသား ဆိုးရွားသူ ဖြစ်လိမ့်မည်လည်း မဟုတ်။

နွားမဟုတ်ပါက "လူ့လောက၌ လူတိုင်းလုပ်၍ မဖြစ်နိုင်သော အလုပ်များ၊ ပညာရပ်များ ရှိနေသေးသောကြောင့် အနုပညာသည်နှင့် သိပ္ပံပညာသည်တို့ သီးခြားပေါ်ပေါက်၍ လူ့လောကကြီး တိုးတက်နေရသည်" ဟု မသိဘဲ နေလိမ့်မည်မဟုတ်၊ သိမည်သာဖြစ်၏။ အကယ်၍ မသိလျှင်

ထိုအထက်၌ ဖော်ပြထားသည်တို့အထဲမှ တစ်ခုခုဖြစ်ပါလေပြီဟု စာဖတ်သူတို့က စွပ်စွဲနိုင်၏။ အတော်အတန် အသိတရားရှိသောလူတိုင်း ဤသို့မတွေးတန်ကောင်းရာ၊ မယုံကြည်တန်ကောင်းရာဟု ပြောလိုကလည်း ပြောနိုင်၏။ စာဖတ်သူတို့ ပြောခါမှ ပြောကြရာ။

အတော်အတန် အသိရှိသော လူသားစင်စစ်ကြီး ဖြစ်ပါလျက်၊ အာဏာရှင်လောက်နီးနီး မိုက်လုံးကြီးသော၊ လက်ဝဲစွန်း၌ကျုံနေသော ကွန်မြူနစ်ကန်း ကွန်မြူနစ်ပျက်လောက်နီးနီး မိုက်လုံးကြီးသော၊ အနုပညာရပ်တို့နှင့် ဒုန်းဝေးသည့် နလဗိန်းတုံးကြီးလည်းဖြစ်သော၊ မြက်မစားဘဲ ထမင်းစားသည့် နွားကြီးလည်းဖြစ်သော လူ အမည်ခံနေသည့် သတ္တဝါမျိုးတွေကား လူ့လောကကြီးထဲ၌ အများချည်းရှိနေကြပါသေးသည်။ မယုံမရှိပါနှင့် ယခုလက်တွေ့ဖော်ပြပါမည်။

●

mgyoe.com

mgyoe.com

(၁)

"ကဲဟေ့ … ဘာပဲဖြစ်ဖြစ်၊ ငါ့အဖို့တော့ လွတ်ပြီကျွတ်ပြီ။ ဒီအလုပ်တွေကို မင်းတို့ပဲ ဆက်လုပ်ကြတော့။ မင်းတို့ကို အပ်လိုက်ပြီ။ တစ်ခါတည်းအပြီးပဲ၊ ငါတော့ တော်တော်ကြာထွက်မယ့် မော်တော်နဲ့ ကျုံးဒါးကိုလိုက်သွားမယ်။ ဟိုမှာ တစ်လလောက်နေပြီး၊ ညဘက် တစ်ဖက်ကမ်းကူးအမဲလိုက်၊ နေ့ခင်းဘက် ပင်လယ်ကမ်းစပ် သဲသောင်ပြင်ကြီးပေါ်မှာ ပန်းချီရေးမယ် ရေကူးမယ်။ ကျုံးဒါးက ပြန်လာတော့ ရန်ကုန်သွားမယ်။ မဂ္ဂဇင်းတိုက်၊ စာအုပ်တိုက်တွေမှာ စာရေးဖို့ကြိုးစားမယ်။ ပန်းချီရေးမယ်၊ ပြဇာတ်တို့၊ ရုပ်ရှင်တို့လည်း အဆင်သင့်ရင်လုပ်မယ်။ ငါ့ဘဝကို အစကပြန်ပြီး တည်ဆောက်ရမှာပေါ့ကွာ။ တကယ်တော့ ငါက အဲဒါတွေပဲ လုပ်ချင်တာပါ၊ အခု နိုင်ငံရေးထဲရောက်နေရတာက တစ်တိုင်းတစ်ပြည်လုံးက ဝိုင်းလုပ်နေကြတော့ ငါလည်း တိုင်းသူပြည်သားတစ်ယောက်အဖြစ်နဲ့ ဝင်လုပ်နေတာပါပဲ။ အခုတော့ ပြီးပြီလေ …"

မိန်းမ ယောကျာ်း လူနှစ်ဆယ်ကျော်လောက် အားလုံးတိတ်ဆိတ်နေကြ၏။ သူတို့သည် အသက်လည်းမရှူကြ၊ လှုပ်လည်းမလှုပ်ကြ။ သူတို့၏မျက်လုံးများသည် ဆိုးပေ၏မျက်နှာကိုသာ စိုက်ကြည့်နေကြသည်။

ခပ်စောစောကတည်းက နေ့တိုင်းမြင်နေကြရသော ဆိုးပေ၏မျက်နှာသည် ယနေ့အဖို့ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ဟု သူတို့စိတ်ထဲက ထင်မှတ်နေကြ၏။ ထို့ပြင် မြို့ပေါ်ရှိအလုပ်အမှုဆောင်အားလုံးတို့ကိုလည်း ဖိတ်ခေါ်ထားသည်ဖြစ်ရာ 'အကြောင်းတစ်ခုခုတော့ ထူးလေပြီ"

mgyoe.com

mgyoe.com

ဟု သူတို့ တွေးထားခဲ့ကြ၏။ ထို့ပြင် ဆိုးပေ၏ထူးခြားသော ဟန်ပန် မျက်နှာတို့ကိုလည်း မြင်ထားကြလေရာ “ဟော့ ... ဘာအကြောင်းလဲကွ” ဟု အချင်းချင်း တိုးတိုးတိတ်တိတ် မေးကြ၏။

ပါတီရေးရာ အတိုက်အခံကိစ္စတို့ကြောင့် သေနတ်ဖြင့် ချောင်းပစ်ခြင်းကို ခံလိုက်ရသဖြင့် ဖျာပုံဆေးရုံ၌ အတော်ကြာကြာ သွားကုနေရ၍ ပြန်ရောက်လာခါစဖြစ်သော အလုပ်သမားစည်းရုံးရေးမှူး ကိုကျော်စိန်က ရုံးအုပ် ကိုဗစိန်ကြီးအား အဓိပ္ပာယ်ပါသော မျက်လုံးဖြင့်ကြည့်၏။

“ဘာလဲဗျ၊ ဘယ်လိုအကြောင်းထူးလို့လဲ၊ ကျနော်တို့ စ,ရတော့မှာတဲ့လား ...”

“မပြောတတ်ဖူးကွ၊ မနေ့က ရန်ကုန်ဌာနချုပ်က စာတစ်စောင် ရောက်လာတာပဲ။ စာဖွင့်ဖတ်နေတုန်းကတော့ တို့ဖယားလေးမျက်နှာငြိမ်လို့ပဲ၊ အဲဒီနောက်လည်း ခါတိုင်းလိုပဲ ...၊ ပြီးတော့ “မနက်ဖြန်မနက် ကိုးနာရီ ကျုပ်တို့ အမှုဆောင်တွေအားလုံးခေါ်ထားဗျာ” လို့ပြောပြီး ထွက်သွားတာပဲ။ ဒီနေ့မနက်ကျတော့ ခါတိုင်းလို စောစောရောက်မလာတော့ဘူး။ အခု မင်းမြင်တဲ့အတိုင်းပဲ။ တို့လူစုံကြမှ အခုတွေ့ရတဲ့ပုံစံအတိုင်း ထူးထူးဆန်းဆန်းမျက်နှာမျိုးနဲ့ ရောက်လာတာပဲကွ ....”

ဆိုးပေ ဘာမျှမပြောမီ ခပ်စောစောပိုင်းက တိုးတိုးတိတ်တိတ် ပြောနေကြသော စကားများဖြစ်၏။ သူတို့သည် ဆိုးပေမလာမီကတည်းက မြို့နယ်ပါတီဌာနချုပ်သို့ ရောက်နေနှင့်ကြသူများဖြစ်၏။ ဆိုးပေ ဝင်လာသောအခါ ဆိုးပေ၏မျက်နှာကို ထူးဆန်းသလို ဝိုင်းဝန်းကြည့်ကြ၏။

ဆိုးပေ၏မျက်နှာကလည်း ဝိုင်းကြည့်ချင်ကြရလောက်အောင် ပြောင်းလဲနေ၏။ လူမထွက်မီ ကမ္ဘဌာန်းကျောင်းအတွင်း မြင်နေကြရသည့် ကမ္မဋ္ဌာန်းပြသော ဦးဇင်းကလေး၏ပုံနှင့် လူထွက်ပြီး အပျို့အိမ်ဇည့်ခန်း၌ မြင်တွေ့လိုက်ကြရသော ဦးဇင်းလူထွက်ကလေး၏ ပုံကဲ့သို့ ...

သူတို့သည် ဆိုးပေပြောမည့် စကားများကို စိတ်ဇောကြီးစွာဖြင့် သို့လော သို့လော နားထောင်နေကြ၏။ ဆိုးပေပြောမည့်စကားသည် အရေးကြီးသောစကားဖြစ်နိုင်၏။ သူတို့ကိုယ်တိုင်လည်း အရေးကြီးသော သူများ ဖြစ်လာနိုင်ကြ၏။

mgyoe.com

mgyoe.com

ဤနယ်၌ တော်လှန်ရေးပြီးစ၊ မြို့ပေါ်ကိုလာရောက်အုပ်ချုပ်နေသော ဗိုလ်မြတ်ကျော် (ယခု ရန်ကုန်ပန်းချီကျောင်းအုပ်ကြီး) ပြန်သွားသည်နှင့် တဆက်တည်း ဤမြို့ဤနယ်တစ်ခုလုံးကို ကက်စ်ဘီ၏ ပုလိပ်အဖွဲ့ မအုပ်ချုပ်နိုင်ဘဲ၊ ကိုဇော်ဖေနှင့်မောင်ဆိုးပေတို့ အုပ်ချုပ်လာခဲ့လေသည်။ ကိုဇော်ဖေသည် မြို့ခံနာမည်ကြီး အမျိုးကိုချစ်သော အတိုက်အခိုက်သမားဖြစ်၏။ ကိုဇော်ဖေ၏ အစ်ကိုများ ညီများအားလုံး သဘောတရားရေးသမား၊ နိုင်ငံရေးသမားဖြစ်ကြသော်လည်း ကိုဇော်ဖေကမူ လက်တွေ့သမားနိုင်ငံရေးသမားသာဖြစ်၏။

ဂျပန်ခေတ်တစ်ခေတ်လုံးလိုလို သခင်စိုးကြီးအား ကိုဇော်ဖေနှင့်ကိုမောင်မောင် ညီအစ်ကိုနှစ်ယောက်တို့က အများဆုံးအထောက်အကူပြုထားရ၏။ ငွေလေးရွာ မြေတိုင်းစာရေးဦးတင်၏အိမ်၌ သခင်စိုးကြီး အချိန်အတော်ကြာကြာ နေခဲ့စဉ်အချိန်ကလည်း သခင်စိုးကြီး၏အရေးကြီးသောကိစ္စရပ်များမှန်သမျှ ကိုမောင်မောင်နှင့်ကိုဇော်ဖေတို့က ဆောင်ရွက်ပေးခဲ့ကြရ၏။

သို့သော် ကိုမောင်မောင်နှင့်ကိုမောင်မောင်တို့ အစ်ကိုလတ်ကိုလှဖေသည် ဘီအိုင်အေခေတ်က ဆိုးပေ၏မြေအောက်တော်လှန်ရေးသမားများဖြစ်ဖူးခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် သခင်စိုး၏သဘောတရားရေးရာတို့ကို စွဲဝင်ယုံကြည်သော်လည်း ဆိုးပေနှင့် တစ်ဖက်တစ်လမ်းမဖြစ်ကြ၊ ဆိုးပေကိုလည်း အားပေး၏။

ဂျပန်ခေတ်တွင် ဆိုးပေတို့သည် ဂျပန်မဝင်လာမီကတည်းက ဆုပ်ကိုင်ထားခဲ့သော ဂျပန်ကိုလည်း စချမည်၊ အင်္ဂလိပ်ကိုလည်း ဆက်ချမည်ဟူသော မူအတိုင်း တသမတ်တည်း လုပ်ခဲ့၏။ ဆိုးပေတို့၏ဆရာသမားဖြစ်သော သခင်စိုးကြီးတို့ကလည်း အင်္ဂလိပ်မပြေးမီကတည်းက အင်္ဂလိပ်တို့ ဖမ်းဆီးထားသည့်ထောင်အတွင်း၌ ဆုပ်ကိုင်လာခဲ့သော "မဟာမိတ်တို့နှင့် ပူးပေါင်း၍ ကမ္ဘာ့ဖက်ဆစ်စနစ်ကြီးကို အပြုတ်တိုက်ပစ်မည်" ဟူသော မူအတိုင်း တသမတ်တည်း ပြုလုပ်လာခဲ့၏။

ဤတွင် သခင်စိုးကြီးနှင့်ဆိုးပေတို့သည် ဂျပန်ခေတ်အတွင်း၌ ယာယီညီညွတ်နေကြ၏။ ဒေးဒရဲချောင်းဖျားဘက်၌ အကြမ်းရေး၍ ရန်

mgyoe.com

mgyoe.com

ကုန်၌ အတည်ပြုကြေညာခဲ့ကြသော 'တော်လှန်ရေးတပ်ဦးစာတမ်း' ၌ ဆိုးပေတို့အလိုအတိုင်း ဂျပန်ကိုမောင်းထုတ်ပြီးနောက် မဟာမိတ်အင်္ဂလိပ်တို့က လွတ်လပ်ရေးမပေးလျှင် အင်္ဂလိပ်တို့ကိုပါ ဆက်လက်တိုက်ပါမည်ဟု သဘောတူညီခဲ့သေး၏။

သို့ရာတွင် ဂျပန်တို့ကို တော်လှန်ကြသောအခါ၌ ဆိုးပေတို့နှင့် သခင်စိုးကြီးတို့ သဘောကွဲလွဲခဲ့ကြသည်။ အဖွဲ့အစည်းခေါင်းဆောင်တို့ ပြုလုပ်ကြရမည့်ဝတ္တရားအတိုင်း၊ မဟာမိတ်တို့က အကူအညီပေးသည့် လက်နက် စသည်တို့ကိုလည်း သခင်စိုးကြီးက အားလုံးလိုလိုအပိုင်စီးခဲ့သည်။ စစ်တပ်ကိုပင် ခွဲဝေ၍မပေးရအောင် ကြိုးစားခဲ့သည်။

စင်စစ် ဤသို့ပြုလုပ်ရာ၌ နိုင်ငံရေးခေါင်းဆောင်တို့အဖို့ အပြစ်မရှိ။ မိမိအဖွဲ့အစည်း အင်အားတောင့်တင်းရေးအတွက် မည်သည့်နည်းနှင့် ပြုလုပ်သည်ဖြစ်စေ၊ မိမိနိုင်ငံအတွက် မိမိယုံကြည်သောအဖွဲ့အတွက် ပြုလုပ်မှုဖြစ်က တရားသည်ချည်းဖြစ်သည်ဟု နိုင်ငံရေးအဝါးဝသောသူတိုင်းက သိနားလည်ကြသည်ချည်းဖြစ်သည်။

ဤသို့ နည်းအမျိုးမျိုးဖြင့် မိမိတို့ယုံကြည်ရာကို မိမိတို့ပြုလုပ်ကြရာ၌ သခင်စိုးက လက်နက်တွေကို အပိုင်စီးထားရုံမျှမက၊ ဂျပန်တော်လှန်ရန်အတွက် ဆိုးပေတို့ဖွဲ့စည်းထားသည့် ရွာတွေရှိရာသို့ မိမိတို့၏လက်နက်ကိုင် 'ကလပ်စည်း' များကို ဖြန့်ပို့မှု၊ ရွာတွင်းရှိ ဆိုးပေတို့၏ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်များကို ခေါ်ယူ၍ ကွန်မြူနစ်ကလပ်စည်းများအဖြစ် ပြင်ဆင်ဖွဲ့ကာ အပြေးအလွှားသင်တန်းပေးမှု စသည်တို့ကို ကြိုကြိုတင်တင် ပြုလုပ်၏။ တော်လှန်ရေးကျေညာစာတမ်းအရ ဆိုးပေတို့က ကွန်မြူနစ်တို့လာလျှင်လည်း လက်ခံအကူအညီပေးရမည်ဟု ရွာအားလုံးရှိ ပြည်သူ့စစ်အဖွဲ့များကို ထုတ်ပြန်ကျေညာထားခဲ့ကြရသောကြောင့်လည်း ဤသို့ပြုလုပ်နိုင်ကြခြင်းဖြစ်၏။

လုပ်ပစေ၊ ပြုပေစေ၊ တညီတညွတ်တည်း ဂျပန်ကိုတိုက်ထုတ်နိုင်ကြလျှင် ပြီးတမ်း။ ဂျပန်ထွက်သွားပြီးနောက် နောက်ထပ်ရင်ဆိုင်ကြရမည့်ကိစ္စကို နောက်အချိန်မှ စဉ်းစားမည်။

"နိုင်ငံရေးဟူသည် မိမိယုံကြည်ချက်အောင်မြင်ရေးအတွက် နိုင်ငံ

mgyoe.com

mgyoe.com


ရေးအဖွဲ့အချင်းချင်းအပေါ်၌သော်လည်းကောင်း၊ ရန်သူ့အပေါ်၌သော်လည်းကောင်း၊ မည်သို့သောနည်းမျိုးဖြင့် ပြုလုပ်သည်ဖြစ်စေ၊ မတရားမှုဟူ၍မရှိ၊ မိမိတို့အောင်မြင်ရေး၊ အနိုင်ရရေးသာလျှင် လိုရင်းအချက်"

ဤသည်ကား နိုင်ငံရေးသမားတိုင်း စိတ်ထားခိုင်ခိုင် ရင်နာနာနှင့် ပြုလုပ်ကြရသည့် လုပ်ရိုးထုံးတမ်းတစ်ခုဟု ဆိုးပေက သိထား၏။ ထို့ပြင် နိုင်ငံရေးသမားတို့မည်သည် လူအများကို အသိပေး၍ အဖွဲ့အစည်းနှင့် တကွ ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်လုံသည့်အကြောင်း ရှိသည့်တိုင် အလွယ်တကူ ဖောက်ဖျက်ပြောင်းလဲမပစ်ရ။ သိက္ခာရှိရှိဖြင့် အခိုင်အမာဆုံး စောင့်စည်းထိန်းသိမ်းကြရ၏။

ကျေညာဆုံးဖြတ်ပြီးသားဖြစ်နေသည့်ကိစ္စတစ်ရပ်သည် အချိန်မီ ပြင်ဆင်ပြောင်းလဲမှုမပြုပါက နိုင်ငံရေးအမြင်အားဖြင့် တိုင်းပြည်နှင့်တကွ အဖတ်ဆည်မရအောင် နစ်နာလိမ့်မည်ဟု အခိုင်အလုံသိနေကြသည်ထား ဦး။ နောက်လိုက်တို့သည် ခေါင်းဆောင်များ သဘောပေါက်သကဲ့သို့ အလွယ်တကူ သဘောမပေါက်နိုင်၊ မိမိတို့ယုံကြည်ပြီးမှုကို အလွယ်တကူ မစွန့်ပစ်နိုင်ကြသောကြောင့် ပြောင်းလဲပစ်ရန် မလွယ်ကူ။

တစ်ခါတစ်ရံ မိမိတို့အထဲမှ သူရဲကောင်းပြုလုပ်ဝံ့သည့်ခေါင်းဆောင်တစ်စုံတစ်ယောက်ကို နာမည်အပျက်ခံစေ၍ ဖောက်ဖျက်ပြောင်းလဲပစ်စေရ၏။ လမ်းစဉ်ကြီးတစ်ခုလုံး ပြောင်းလဲလိုက်ရသည့်အတွက် ထိုသူ့အပေါ်သို့ အပြစ်ပုံချလိုက်ကြပြီးမှ နောက်လိုက်တို့ကြည်ညိုခြင်းခံရသည့် ခေါင်းဆောင်တစ်ဦးဦးက သင့်သလို ဆက်လက်ထိန်းသိမ်းသွားရသကဲ့သို့ ပြင်ဆင်ပြုလုပ်ကြရ၏။ ထို့ကြောင့် နိုင်ငံရေးအဖွဲ့အစည်းတစ်စုံတစ်ခုသည် မိမိတို့ချမှတ်ထားသည့် ကျေညာချက်ကို မဖောက်ဖျက်မိကြရန် အရေးတကြီးစောင့် စည်းထိန်းသိမ်းအပ်ကြ၏။

သခင်စိုးကြီးသည် ထိုနိုင်ငံရေးအဖွဲ့အစည်းတိုင်း အရေးတကြီး စောင့်စည်းထိန်းသိမ်းအပ်သည့်ကိစ္စရပ်ကို အလွယ်တကူဖောက်ဖျက်ပစ်နေ၏။ တော်လှန်ရေးတပ်ဦးစာတမ်း၌ သဘောတူညီပြီးဖြစ်ခဲ့သော "အင်္ဂလိပ်တို့အား ပါလီမန်အတွင်းမှဝင်၍ တိုက်ခြင်း၊ လက်နက်ကိုင်၍တိုက်ခြင်း စသော အတွင်းလမ်း၊ အပြင်လမ်း လမ်းနှစ်သွယ်ဖြင့် တိုက်ပါမည်"

mgyoe.com

mgyoe.com

ဟု သဘောတူညီထားကြသည့်အချက်ကို ချိုးဖောက်ရန်အတွက် တာစူနေကြ၏။

ထိုအချိန်၌ ဆိုးပေတို့၏ပြည်သူ့အရေးတော်ပုံပါတီမှ လက်နက်ကိုင် ပြောက်ကျားတပ်ဖွဲ့တို့သည် တော်လှန်နေကြသော ဗမာ့ကာကွယ်ရေး တပ်မတော်သားများနှင့်ရောနှော၍ ဗမာ့ကာကွယ်ရေးတပ်မတော်သားတွေဖြစ်နေကြ၏။ ပြောက်ကျားတပ်ဖွဲ့မှ ရေလမ်းကုန်းလမ်းနှင့်တကွ နယ်မြေကျွမ်းသော လက်နက်ကိုင်ခေါင်းဆောင်ငယ်ကလေးများသည် ဗမာ့ကာကွယ်ရေးတပ်မတော်မှ ကိုယ်ပိုင်လှုပ်ရှားတိုက်ခိုက်နိုင်ခွင့် ရထားသော တပ်ဖွဲ့ငယ်စစ်ခေါင်းဆောင်တစ်ဦးတစ်ဦး၏လက်ထောက် တိုက်ခိုက်ရေးမှူးများဖြစ်နေကြ၏။

ဆိုးပေတို့လူစု ဗမာ့ကာကွယ်ရေးတပ်မတော်သားတွေနှင့် တသားတည်းဖြစ်နေကြဆဲ။ သခင်စိုးကြီးကလည်း တစ်ဖက်မှ မဟာမိတ်တို့ထံမှ ရသမျှလက်နက်တို့ကို စုစည်းလျက် ဗမာ့ကာကွယ်ရေးတပ်မတော်နှင့်အပြိုင် လက်နက်ကိုင်တပ်ဖွဲ့များကို တိတ်တဆိတ်ဖွဲ့၏။ မဟာမိတ်တို့ယုံကြည်ကိုးစားမှုကိုရယူရန်၊ မဟာမိတ်တို့၏စိတ်အလိုကျ ပြုလုပ်ပေးနိုင်ရန် ကြိုးစား၏။ ထို့ပြင် ဗမာ့ကာကွယ်ရေးတပ်မတော်၏ အစုငယ်ကလေးများကို ရနိုင်သမျှ ဆွဲဆောင်ရန်အတွက် တပ်ဖွဲ့ငယ်ကလေး တစ်ခုတစ်ခုတိုင်း နိုင်ငံရေးအကြံပေးတစ်ယောက်တစ်ယောက် ထည့်ပေးထား၏။

ဤတွင် ဆိုးပေတို့နှင့်ခြားနားသည်ကား ... ဆိုးပေ၏ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင်ကလေးများအားလုံးသည် ပဲခူးစံပြစစ်တပ်အတွင်း၌ သွားရောက်လေ့ကျင့်ထားကြသော စစ်ကျောင်းထွက်များ ဖြစ်ကြ၏။ ဗိုလ်စိန်မှန်၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်ချာခိုင်တို့၏ဆဲဆိုမောင်းနှင်မှုအောက်၌ ပြေးလိုက်၊ ဝပ်လိုက်၊ ကင်းစောင့်ဂိုက်ဖြင့် လက်တွေ့ စစ်ပညာသင်ကြားလာကြရသော စစ်သားပုံစံအပြည့်ရှိသူများ ဖြစ်နေကြ၏။ ဗိုလ်မောင်မောင်၊ ဗိုလ်ခင်မောင်ကလေးတို့၏ ရှေ့မှောက်၌ စစ်ဆင်ပုံ၊ စစ်တိုက်ပုံ၊ စစ်ချီပုံ၊ စစ်ခံပုံတို့ကို တကုန်းကုန်း ရေးမှတ်သင်ကြားလာခဲ့ကြရသူများဖြစ်ကြ၏။ ထို့ပြင် ထိုသူတို့၏ပြောက်ကျားတပ်ဖွဲ့သားများကလည်း လယ်ထဲ၊ ချောင်းထဲ၌ ကြီးပြင်းလာကြရသော ကျေးရွာတို့မှအရွယ်ကောင်းလူငယ်ကလေး

mgyoe.com

များချည်း ဖြစ်နေကြရ၏။ ထို့ကြောင့် လယ်ထဲ၊ ချောင်းထဲ၊ မိုးထဲ၊ ရေထဲ၌ ညည်းညူမှုမရှိ၊ စစ်ဝတ်စုံကို အတူတူဝတ်၍ လက်နက်ကို အတူတူကိုင်ဆောင်ထားကြသော်လည်း၊ မည်သည့်စစ်သားက ခိုင်းလိုက် ခိုင်းလိုက် လေးလေးစားစား ပြေးလားလွှားလားဖြင့် ပေါ့ပါးသူများဖြစ်နေကြ၏။ ထို့ကြောင့် ဆိုးပေ၏ပြောက်ကျားများနှင့် ဗမာ့ကာကွယ်ရေးတပ်မတော်သားတို့ ခွဲခြား၍မရကြ။ တစ်သားတည်း၊ တစ်ပြင်တည်း၊ တစ်မိန့်တည်း မြင်နေကြရ၏။

သခင်စိုးကြီး၏ နိုင်ငံရေးတွဲဘက်အကြံပေးတို့ကား ထိုသို့မဟုတ်ကြ။ ထိုသူတို့သည် အာရှလူငယ်အဖွဲ့တို့မှ ကိုးတန်း ဆယ်တန်း ပညာတတ်များဖြစ်ကြ၏။ သဘောတရားသင်တန်းတက်ပြီးသူများ ဖြစ်ကြ၏။ သူတို့သည် ရိုးရိုးစစ်သားငယ်များ၏အပေါ်ကိုမဆိုထားနှင့်၊ လက်နက်ကိုင်တပ်ဖွဲ့ငယ်ကလေးတို့၏ ခေါင်းဆောင်များဖြစ်ကြသော၊ ကိုယ်ပိုင်ဦးဆောင်၍ တိုက်ခိုက်နိုင်ခွင့်ပေးအပ်ခြင်း ခံထားကြရသည့် ဗိုလ်ကလေးအဆင့်ရှိသူနှင့် ဗိုလ်အဆင့်၊ ဗိုလ်ကြီးအဆင့်ရှိသူတို့ကိုပင် အထင်သေးနေကြသေး၏။ "ဖက်ဆစ်ရုပ်ပေါက်နေသော လက်နက်ကိုင်များ၊ ဖက်ဆစ်ဘီလူးတို့၏ ပုံသွင်းခံအရုပ်များ" အဖြစ် မြင်ထားကြ၏။ ထို့ကြောင့် စကားငါးခွန်းခန့်ပြောလျှင် လျောင်သံ၊ သရော်သံနှင့် အထက်စီးမှ ဆရာလုပ်၍ ပြောကြားသောစကား စေခိုင်းအမိန့်ပေးသောစကားက လေးခွန်းခွဲပါ၏။ အဆင့်အတန်းချင်း မတူဘူးဟု ထင်ထားကြသောကြောင့် အနေအစားချင်းလည်း အတူတူမနေမစားနိုင်ကြ။

ဤတွင် စစ်သားတို့ကလည်း မိမိတို့ကဲ့သို့ ထပ်တူထပ်မျှ မနေနိုင်၊ မစားနိုင်၊ မအိပ်နိုင်၊ မပြုလုပ်နိုင်ကြသော ထိုနိုင်ငံရေးအကြံပေးအရာရှိတို့အား ပြန်၍အထင်သေး၏။ ပါးစပ်သမား၊ အချောင်သမားများဟု ထင်မှတ်၏။ ဤသို့ထင်မှတ်စေအောင်လည်း အဆင်းရဲခံမှု၊ အနာခံမှုတို့၌ ထုသား ပေသားရသော ဆိုးပေ၏ပြောက်ကျားခေါင်းဆောင်ငယ်တို့က မသိမသာ လမ်းထွင်ပေးမှု၊ အဆင်းတွန်းပေးမှုပြုသည်တို့လည်းပါ၏။

သို့ဖြင့် သခင်စိုးကြီး၏ နိုင်ငံရေးအကြံပေးအရာရှိတို့သည် ဗမာ့ကာကွယ်ရေးတပ်မတော်သားတို့နှင့် အစေးမကပ်နိုင်အောင် ရှိလာကြရ

mgyoe.com

၏။ သူတို့သည် စစ်သားတို့နှင့်ခွဲမရသော ဆိုးပေ၏ပြောက်ကျားခေါင်းဆောင်ငယ်များနှင့် ပြောက်ကျားတပ်သားများကို လုံးဝမသိရှာ၊ ဆိုးပေ၏ ပြောက်ကျားခေါင်းဆောင်ငယ်များသည် သူတို့ကဲ့သို့ပင် ကိုးတန်းဆယ်တန်းအောင်သူများဖြစ်ကြ၍ သူတို့ကဲ့သို့ပင် သဘောတရားသင်တန်းကို ထပ်တူထပ်မျှ သင်ယူလေ့လာပြီးသည့်အပြင်၊ သူတို့မသင်ရသော အခြားနိုင်ငံရေးအထွေထွေသဘော၊ (ဥပမာ – ဗိုလ်ခင်မောင်ကလေးသင်ပြသည့် ဟစ်တလာရေး 'မိန်းကင့်' ထဲမှ ကောက်နုတ်ချက်အချို့။ ကိုမောင်မောင်သင်ပြသည့် ဗြိတိသျှပါလီမန်သမိုင်း။ ထို့ပြင် ရုရှား၊ ဖော်လရှီဗစ်ရာဇဝင်နှင့်၊ လီနင်၊ စတာလင်၊ ထရော်စကီးတို့၏ ပုဂ္ဂိုလ်ရေးအတ္ထုပ္ပတ္တိ၊ ပထမကမ္ဘာစစ်ပွဲကြီးမှ လောရင့်ဦးစီးတိုက်ခိုက်ခဲ့သော အာရေဗီယ ပြောက်ကျားတိုက်ပွဲများ စသည် စသည်) တို့ကို သင်ကြားမှတ်သားခဲ့ကြပြီးနောက်၊ ပဲခူး စံပြစစ်ကျောင်းမှ စစ်သင်တန်းဆင်း၍ ပြန်လာကြကာ၊ တောရွာတို့နှင့် လက်နက်ကိုင်တပ်ဖွဲ့ငယ်များကို ကိုယ်တိုင်ဖွဲ့စည်းခေါင်းဆောင်၍ စစ်သားအသွင်ဖြင့် ယခုမိမိတို့ရှေ့ မိမိတို့ပတ်ဝန်းကျင်၌ ရောက်နေကြသည်ဟု လုံးဝမသိရှာ။

သူတို့သည် ဆိုးပေ၏ပြောက်ကျားများကိုလည်း ဗမာ့ကာကွယ်ရေးတပ်မတော်သားဟုပင် ရောနှောမှတ်ထင်လာခဲ့သည်။ ဤတွင် လက်နက်ကိုင်တပ်ဖွဲ့တို့နှင့် လိုက်ပါလာသမျှသော နိုင်ငံရေးအကြံပေးအရာရှိဆိုသူတို့သည် သခင်စိုးကြီး၏အထံ လျှို့ဝှက်အစီရင်ခံကြရာ၌ ...

"ဗမာ့ကာကွယ်ရေး တပ်မတော်သား လက်နက်ကိုင်အားလုံးတို့သည် အတွင်းသဘောအားဖြင့် မိမိတို့နှင့်အမြဲဆန့်ကျင်၏။ မိမိတို့၏ အယူအဆများကိုသွင်း၍မရ၊ မိမိတို့ကွန်မြူနစ်ပါတီအတွက် ဘယ်အခါမျှ စိတ်ချရလိမ့်မည်မဟုတ်ဟူသော သဘောသက်ရောက်သည့်စာမျိုးတွေချည်းဖြစ်ကြသည်။

ထိုစဉ် မဟာမိတ်တို့က မြစ်ဝကျွန်းပေါ်မြို့များကို လေကြောင်းမှ ဗုံးကြဲပေးမည်၊ စက်သေနတ်ပစ်ပေးမည်၊ ထိုအခါ သခင်စိုးကြီးနှင့်တကွသော ဗမာ့ကာကွယ်ရေးတပ်မတော်က မြို့တွေကိုတက်သိမ်းပေးပါ၊ ထို့နောက် မဟာမိတ်အင်အားစုတို့က လေထီးတပ်များဆင်းစေ၍ အကူအညီ

mgyoe.com

mgyoe.com

ပေးပါမည်ဟု ဆိုလာ၏။ သခင်စိုးက သဘောတူလိုက်၏။ ဤတွင် မဟာမိတ်တို့က ဒေးဒရဲနှင့်ကျိုက်လတ်ကို လေကြောင်းမှ အကြီးအကျယ်တိုက်တော့၏။ ဂျပန်တွေမသေဘဲ အရပ်သားတွေသေကုန်ကြ၏။ ထိတ်လန့်ကြောက်ရွံ့ကုန်ကြ၏။ ထို့ကြောင့် အရပ်သားအများစုတို့နှင့် နေရာတိုင်း၌ ဆိုးပေတို့က –

"မဟာမိတ်တွေ ဘယ်လိုလုပ်တာလဲ၊ မြို့ကလေးတွေက သေးသည်။ ဂျပန်တွေနေတဲ့နေရာက ဟိုနားတစ်စု သည်နားတစ်စုသာ နေကြရှိကြသည်။ မြို့ကလေးပါပျက်သွားမှ ဂျပန်တွေအားလုံးသေမည်။ ဗုံးတစ်ရာလောက်သေပြီးမှ ဂျပန်တစ်ယောက်သေမည်။ တစ်မြို့လုံးရှိအဆောက်အဦတွေကုန်ပြီးမှ ဂျပန်တွေနေသည့် အဆောက်အဦသုံးခုခန့်မျှသာ ပါသွားနိုင်သည်။ ကြွက်တွေသေအောင် ကျီကိုမီးဖြင့်တိုက်သကဲ့သို့ဖြစ်နေသည်။ အရပ်သူ အရပ်သားတို့ကလည်း "ဟေ့ မင်းတို့မဟာမိတ်တွေ ကြည့်လုပ်ကြပါဦးကွ ... သည်လိုတိုက်လို့ ဂျပန်တွေမသေဘူး။ တို့အရပ်သားတွေချည်း သေကုန်ကြပြီ" ဟု ဆိုလာသည်။ ထို့ကြောင့် မဟာမိတ်တွေကို စစ်သေနတ်ပစ်မှု၊ ဗုံးကြဲမှုအမြန်ရပ်ပေးရန်ပြောပေးပါ" ဟု သက်ဆိုင်ရာဌာနသို့ပြောရ၏။

ဤတွင် မဟာမိတ်တို့၏အလိုအတိုင်း သခင်စိုးကြီးက သဘောတူထားသဖြင့် ဤအတိုင်း ဗုံးကြဲ စက်သေနတ်ပစ်ခံနေကြရကြောင်းကို သိလာ၏။ ထို့ပြင် တစ်မြို့လုံး ပြုတ်ပြုတ်ပြန်းသွားသည့်အချိန်၌ မြို့ကိုတိုက်ခိုက်သိမ်းပစ်လိုက်ကြရန် သခင်စိုးကြီးတို့ တိုးတိုးတိတ်တိတ် ကြံစားနေကြသည်ဟုလည်း သိလာကြရ၏။ ထိုသို့ မြို့ကို တိုက်ခိုက်သိမ်းပိုက်ထားပြီးနောက် စိတ်ချခိုင်လုံသည့်နယ်မြေဖြစ်လာသည့်အခါ မဟာမိတ်စစ်သားများ လေထီးဖြင့်ဆင်းလာကြလိမ့်ဦးမည်ကိုကား သခင်စိုးကြီးက မပြောလိုက်သေး။

သို့ပါလျက်နှင့်ပင် ဆိုးပေတို့က မဟာမိတ်များက ဗုံးကြဲပေးခြင်း၊ စက်သေနတ်ပစ်ပေးနေခြင်းကို မကြိုက်နိုင်အောင်ဖြစ်နေကြ၏။ မြို့တွေကို တက်သိမ်းမည်ဆိုခြင်းကိုလည်း သဘောမတူဘဲရှိနေကြ၏။

မြို့တွေကိုသိမ်းလိုက တစ်မြို့တစ်နယ်မျှသာမဟုတ်၊ ဖျာပုံ၊ ဘို

mgyoe.com

ကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ မြို့ငယ်လေးခု ပါဝင်သော ဖျာပုံခရိုင်တစ်ခုလုံးကိုပင် သုံးရက်ခန့်အစီအစဉ်ပြုပြီးက တစ်နေ့တည်း၊ တစ်နာရီတည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မိမိတို့ပြောက်ကျားများနှင့်ပြည်သူ့စစ်အဖွဲ့ဝင်တွေချည်း သိမ်းပေးနိုင်သေး၏။ ယခုကဲ့သို့ ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးပါ ပါလာပါက စကားထဲ၌ ထည့်ပြောရန်ပင်မလိုပါ။ မဟာမိတ်တွေက ဗုံးကြဲပေးရန်၊ စက်သေနတ်ပစ်ပေးရန်လည်း မလိုပါ။ ထို့ကြောင့် ဗုံးကြဲမှု၊ စက်သေနတ်ပစ်ပေးမှုကို အမြန်ဆုံးရပ်ခိုင်းပေးပါဟု ပြောတော့၏။

စင်စစ် ဆိုးပေတို့သည် ရပ်သူရွာသားတို့အား မဟာမိတ်တို့က မြို့တွေပေါ်သို့လည်းကောင်း၊ မြစ်ကြောင်းရှိသမ္ဗာန်များ၊ တုံကင်းများသို့လည်းကောင်း ဗုံးကြဲခြင်း၊ စက်သေနတ်ပစ်ခြင်းများကို မပြုလုပ်ကြလေအောင် တားဆီးပေးပါမည်ဟု ကတိပေးထားကြ၏။ ထိုသို့ မိမိတို့က ကတိပေးထားပြီးဖြစ်သည်ကိုကား တပ်မတော်နှင့်တကွ သခင်စိုးကြီးတို့အား ပြောမပြလေ ...။

ဤတွင် အခြေခံကိစ္စသည် မြို့တွေကိုသိမ်းရေး မသိမ်းရေးပြဿနာဖြစ်လာတော့၏။ တပ်မတော်မှ တာဝန်ခံများဖြစ်ကြသော ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်ကြည်ဝင်း၊ ဗိုလ်ကြည်ရှိန်၊ ဆရာကျော်မြင့်စသောပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ဆိုးပေနှင့်တိုင်ပင်ကြ၏။

တိုင်ပင်ကြရပေလိမ့်မည်။ ဆိုးပေသည် ပြောက်ကျားတိုက်နည်းစာစောင်ငယ်များနှင့်တကွ ပြည်သူ့စစ်လေ့ကျင့်စဉ်အကျယ်၊ ရေပြောက်ကျားစသည်တို့ကို ရေးသားခဲ့သော ပြောက်ကျားစစ်ခေါင်းဆောင်တစ်ဦးဖြစ်၏။ လက်တွေ့အားဖြင့်လည်း ဂျပန်တစ်ခေတ်လုံး လက်နက်ကိုယ်စီစွဲကိုင်ထားကြသည့် ရဲဘော်များကိုဦးဆောင်လျက်၊ ပဲခူး၊ ရန်ကုန်နှင့် မြစ်ဝကျွန်းပေါ်တစ်လျှောက်လုံးကို ဝိုင်းလိုက်နေကြသည့် ဂျပန်စစ်စုံထောက်တပ်များနှင့် ရဲအဖွဲ့များ၏မျက်မှောက်၌ ကူးချေသန်းချေ ပြုနေသူမဟုတ်ပါလား ...။

ထို့ပြင် ရန်ကုန်ရှိ ဗမာ့တပ်မတော်စစ်ဌာနချုပ်သို့ မကြာမကြာတက်လာလျက် မိမိကိုယ်တိုင်ရေးသော "တောင်သူလယ်သမားသတင်း

mgyoe.com

mgyoe.com

စဉ်များ၊ ကြွေးကြော်သံများ၊ ပြောက်ကျားစစ်အဖွဲ့များအတွက် ညွှန်ကြား ချက်များ၊ စစ်ပညာသင်တန်းများ”နှင့် ဗိုလ်အောင် (ကိုမောင်မောင်) ရေး သော စစ်ပညာသင်တန်းများစသည်တို့ကို ဗမာ့တပ်မတော်စစ်ဌာနချုပ်မှ စာကူးစက်ဖြင့် ရိုက်နှိပ်ပေးလိုက်သည်တို့ကို သောင်းနှင့်ချီ၍ ယူယူသွား တတ်သေးသည် မဟုတ်ပါလား ...။

ထို့ပြင် တပ်မတော်မှ နာမည်ကြီးများဖြစ်ကြသော ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့နှင့်တကွ အပြင်မှနာမည်ကြီးများဖြစ်ကြသော တို့ဗမာ ဆင်းရဲသားအစည်းအရုံးမှ သခင်ချစ် (ယခုတောတွင်းကွန်မြူနစ်) နှင့် ကောဘိုထိုင် ဗိုလ်ချုပ်ဦးဗဆွေ (ယခုတည်မြဲ) တို့ကို သခင်စိုးကြီးနှင့် ဆွေး နွေးစေရန် တိုးတိုးတိတ်တိတ် ခေါ်ထုတ်ပို့ပေးနိုင်ခဲ့သည့်သူမဟုတ်ပါလား။

ဤသို့ လက်တွေ့ရှိဖူးသောသူနှင့် စစ်ရေးစစ်ရာကိစ္စတို့အတွက် တိုင်ပင်ဆွေးနွေးခြင်းသည် မမှား ...။

ထို့ကြောင့် ဆိုးပေ၏သဘောကို မေး၏။ ဆိုးပေက “မြို့တွေကို သိမ်းလိုက်ခြင်းအတွက် မည်သို့မျှအကြောင်းမထူး၊ ဂျပန်က မိမိတို့ကိုတိုက် ခိုက်နိုင်ရန်အတွက် ပစ်ကျင်းထဲမှထွက်၍ မတ်မတ်ရပ်ပြလိုက်သကဲ့သို့ ရှိမည်။ ဗမာပြည်အရပ်ရပ်ရှိ အခြားတိုင်းတို့၏အခြေအနေကို ကြိုးမဲ့ကြေး နန်းဆရာချစ်မောင်သည် ယခုအထိ ဆက်သွယ်၍ခေါ်၍မရသေး။ ကျွန် တော်တို့က မြို့တွေကို အလွယ်တကူတကက်သိမ်းပြီးကြ၍ တော်လှန်ရေး အစိုးရကြီးတွေ တက်လုပ်နေကြမည်ဆိုလျှင် အခြားနေရာတွေ၌ တိုက်ပွဲ မဖြစ်ပွားသေးသဖြင့် ငပုတွေက အင်နှင့်အားနှင့် စုစည်းလာနိုင်ကြသေး သောကြောင့် ကျွန်တော်တို့ကို မှတ်လောက်သားလောက်အောင် ဝိုင်းတွယ် လိုက်ကြမည်ဆိုပါက ကျွန်တော်တို့တစ်တွေသည် ဖင်မနွေးမိ မြို့တွေပေါ် က ဆင်းပြေးကြရပေလိမ့်မည်။ သို့သော် ... ငပုတို့သည် ကျွန်တော်တို့ ပြေးသွားကုန်ကြရုံမျှဖြင့် ပြီးလိမ့်မည်မဟုတ်၊ တွေ့တွေ့သမျှ မြို့ခံရွာခံ တွေကိုလည်း ကျွန်တော်တို့၏ ဘက်တော်သားတွေဆိုပြီး “နောင်ကြဉ်” လောက်အောင် တွယ်ပေးကြလိမ့်မည်။ ထိုအချိန်မျိုး၌ ကျွန်တော်တို့သည် အတင်းဝင်ရောက်တိုက်ခိုက်ကာ ကယ်တင်ရှင်ကြီးတွေ ပြုလုပ်ပေးနိုင်ပါ မည်လား။

mgyoe.com

mgyoe.com

ထို့ကြောင့် မြို့ကိုသိမ်းရန်လွယ်၏။ မြို့ကိုထိန်းထားရန်ခက်သည်။ မည်သူက ထိန်းပေးထားမည်နည်း။ မြို့ကိုသိမ်းပြီးမှ ပြန်၍လက်လွှတ်လိုက်ရလျှင် ရပ်သူရွာသားတွေ စိတ်ဓာတ်ပျက်ပြားမည်။ တစ်စတစ်စ မသိမသာ တိုက်တိုက်နေခြင်းက ရပ်သူရွာသားတို့ စိတ်ဓာတ်မပျက်နိုင်၊ ဂျပန်တို့ တကယ်အကျပ်အတည်းသို့ရောက်နေကြောင်း သိလာမှ အခြားတိုင်းတို့မှ သတင်းတွေရရှိပြီး မိမိတို့ရှိရာသို့ ဂျပန်တွေ တပ်ကြီးနှင့်ချီတက်မလာနိုင်တော့ပြီဟုသေချာမှ မြို့တွေကိုတက်သိမ်းယူရန်သင့်သည်။ ထိုသို့ သိမ်းသည့်တိုင်အောင် သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် ကာကွယ်ရေးအစီအစဉ်များ တစ်ပါတည်းပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ပြီးဖြစ်သင့်သည်" စသည်ဖြင့် ဆိုးပေဆီမှ အသံထွက်လာ၏။ ဆိုးပေကား မြို့တွေကို ချက်ချင်းသိမ်းပစ်ရန် သဘောမတူလေ။

တပ်မတော်ကလည်း အဘက်ဘက်မှ စဉ်းစား၍ ဆိုးပေနှင့်သဘောထား ထပ်တူထပ်မျှဖြစ်လာ၏။ ထိုအခါ သခင်စိုးကြီးတို့က မြို့တွေကိုသိမ်းပြလိုက်ခြင်းဖြင့် ပြည်သူပြည်သားများ စိတ်ဓာတ်တက်ကြွနိုင်သည်။ မြို့တွေကိုထိန်းသိမ်းထားရန် ပူစရာမလို၊ မဟာမိတ်တို့တပ်တွေ လေထီးဖြင့် အချိန်မီဆင်းလာကြလျက် ထိန်းသိမ်းပေးလိမ့်မည်။ ထိုအချိန် မိမိတို့သည် အုပ်ချုပ်ရေးဘက်မှ တာဝန်ယူကြကာ အလုပ်သမား၊ လယ်သမားအဖွဲ့အစည်းကြီးများဖွဲ့လျက် တိုက်ခိုက်နေသော မဟာမိတ်တို့ကို အင်တိုက်အားတိုက်ကူညီခြင်း၊ လက်တွဲတိုက်ခိုက်ခြင်းများကို ပြုလုပ်ကြရမည်စသည်ဖြင့် ပြောတော့၏။ ဆွေးနွေးမှုသည် မပြေလည်ခဲ့။

မြို့တွေကို တက်သိမ်းထားပေးလျှင် ထိုမြို့တွေကို ထိန်းသိမ်းထားပေးရန် မဟာမိတ်တို့က လေထီးတပ်သားတွေ အမြောက်အမြား ချပေးမည်။ ထိုအခါ မိမိတို့တိုက်သိမ်းထားပေးပြီးနောက်မှ မဟာမိတ်တို့က ဆင်းလာကူညီကြရသည်ကို လူထုကလည်း မျက်မြင်ပြုသိနေကြရမည်။ လေထီးတွေနှင့် ဆင်းကြသည်ကို တအံ့တကြလည်း မြင်ကြရမည်။ မိမိတို့အားလည်း ပို၍အထင်ကြီးလျက် ယုံကြည်စိတ်ချသွားမည်။ ထို့ကြောင့် ဤအတိုင်းပြုမည်။ မဟာမိတ်တို့ကိုလည်း ကတိပေးပြီးဖြစ်သည့်အတွက် ယခုလောက်ဆိုလျှင် မိမိတို့မြို့တွေကို သိမ်းပြီးဖြစ်က မိမိတို့အထံသို့ ချ

mgyoe.com

mgyoe.com

ပေးရန် လေထီးတပ်ဖွဲ့များကို အသင့်ရာထား ဖွဲ့စည်းပြီးဖြစ်ကောင်း ဖြစ်နေမည်ဟု အားပါးတရဖွင့်ပြောလာ၏။

ဤတွင်မှ ဆိုးပေက ခါးခါးသီးသီး ငြင်းတော့သည်။ မဟာမိတ်လေထီးတပ်သားတွေဆင်းကြည့်၊ ဆင်းတဲ့နေရာတိုင်းမှာ အောက်ကစောင့်၍ ပစ်စေ့မည်။ ရွာတိုင်းရပ်တိုင်းမှာရှိတဲ့ ပြည်သူ့စစ်အဖွဲ့တွေက အသင့်ပုန်းစောင့်ပြီး ဝါးချွန်းတွေနှင့် ဝိုင်းထိုးတိုက်ခိုက်စေမည်။ လေထီးတပ်သားတွေအကျမှာ မြေပြင်မှအသင့်စောင့်လျက် လယ်ကွင်းတစ်ပြင်လုံးကို မီးဟုန်းဟုန်း တိုက်ထားစေမည်။ ယခုချက်ချင်း ညွှန်ကြားချက်တွေ ထုတ်တော့မည်။ တပ်မတော်သဘောတူလိုကတူလေတော့၊ ကျွန်တော်တို့အနေဖြင့် မဟာမိတ်တို့လေထီးဖြင့် ဆင်းမည်ကိုလည်း သဘောမတူ၊ မြစ်ဝကျွန်းပေါ်မြို့တွေကို ဗုံးကြဲ စက်သေနတ်ပစ်ပေးခြင်းကိုလည်း သဘောမတူ၊ နောက်ထပ် ဤအတိုင်းပြုလုပ်ပါက ကျွန်တော်တို့သည် ယခုအချိန်ကစ၍ မဟာမိတ်ဆိုသူတွေကိုလည်း ဂျပန်နှင့်တန်းတူ ရန်သူဟုသဘောထားပါပြီ။ သခင်စိုးကြီးသည် သဘောတရားရေးရာ၌ ကျွန်တော်တို့၏ ဆရာဟုတ်သော်လည်း စစ်ရေးစစ်ရာအတွေးအခေါ်၌ အမြင်သိမ်ငယ်လွန်းလှသည်။ မဟာမိတ်တပ်တွေ လေထီးဖြင့်ဆင်းလာကြလျှင် ကျွန်တော်တို့မြို့တွေကို သိမ်းပိုက်ထားနိုင်ခြင်းအကြောင်းက ပျောက်ကွယ်သွားပြီး လေထီးဆင်းလာကြသည့် မဟာမိတ်တွေအကြောင်းက ထင်ပေါ်လာကြကာ တထူးတဆန်း တအံ့တဩဖြင့် ကျွန်တော်တို့ တိုက်ခိုက်ယူထားရမှုအားဖုံးလွှမ်းသွားလိမ့်မည်ကို သခင်စိုးကြီး သဘောမပေါက်။

ထို့ပြင် ကျွန်တော်တို့က ဤသို့သဘောတူလိုက်သဖြင့် ဝင်လာနိုင်သည့် မဟာမိတ်တို့က ကျွန်တော်တို့ထက် လူအား လက်နက်အင်အား အစုအပုံကြီးနှင့် မြင်နေကြရမည်ဖြစ်ရာ ပြည်သူလူထုတို့က ...

"အို ... ဗမာတွေ တော်လှန်တယ်ဆိုတာက စရုံပါကွာ၊ နောက် အင်္ဂလိပ်တပ်တွေ အကြီးအကျယ်ဝင်လာတော့မှ ဂျပန်တွေပြေးကြတာပါပဲ" ဟုလည်း ပြောကြပေလိမ့်မည်။ မဟာမိတ်ဆိုသူတို့ကလည်း မြစ်ဝကျွန်းပေါ်ကို တို့တိုက်ပေးရသည်ဟု ဆိုလာလိမ့်မည်။ ထို့ပြင် ဂျပန်တို့ထွက်သွားသည်နှင့် ဗမာတို့၏တော်လှန်ရေးသွေးကြောမကြီး ဖြစ်နေရ

mgyoe.com

သော ဗမာ့တပ်မတော်နှင့် တော်လှန်ရေးအဖွဲ့တစ်ခုလုံးကို နောက်ထပ် မလှုပ်ရှားနိုင်အောင် ၎င်းတို့အား ဗမာတွေက ဆက်လက်မတိုက်ခိုက်နိုင် အောင်၊ ၎င်းတို့၏ ကျွန်ပြန်ဖြစ်ကြရလေအောင် ညစ်လိုစိတ်ဖြင့် လက်နက် သိမ်းလိုက သိမ်းပစ်ကြပေလိမ့်မည်။ သိမ်းနိုင်လောက်သည့် အင်အားမျိုး ဖြင့်လည်း ၎င်းတို့ရောက်လာကြပေလိမ့်မည်။ ကျွန်တော်သာ အင်္ဂလိပ် ဖြစ်လျှင်လည်း၊ အင်္ဂလန်ကျွန်းနှင့် အင်္ဂလိပ်ဘုရင်မကြီးအတွက် ဤအတိုင်း ပင် ပြုလုပ်ရနေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့မဟာမိတ်တွေ လေထီး တပ်များ ချပေးမည်ဆိုခြင်းကို လုံးဝသဘောမတူရုံမျှမက၊ ချလာသည်နှင့် ကျရာအရပ်တွေ တိုက်ပစ်မည်။ မြို့တွေကို ယခုအတိုင်း စက်သေနတ်ပစ် ဖုံးကြစသဖြင့် ဆက်လက်လုပ်နေလျှင်လည်း မဟာမိတ်တို့ကို ရန်သူဟု သဘောထားမည်။ ကျွန်တော်တို့က ရန်သူဟု သဘောထားလိုက်ပြီဆို လျှင် ... ခပ်ပေါ့ပေါ့တော့ မမှတ်လေနှင့် ယခု ကျွန်တော်တို့ ဝိုင်းဝန်းစောင့် ရှောက်ပေးနေရသော သခင်စိုးကြီးနှင့်အတူနေသည့် မေဂျာဘွိုက်တိုတို့ လူစုကို ပထမဆုံး စတင်တိုက်ခိုက်ဖမ်းဆီးပစ်လိုက်မည်ဟု ဆိုးပေက ကြိမ်း ဝါးတော့သည်။

ထိုအချိန်က တိုင်းအမှတ် ၂၊ စစ်ကြောင်း၏ စစ်ဦးချုပ်ဖြစ်သော ဗိုလ်မှူးကြီးနေဝင်းသည် ဗိုလ်အောင်ကြီးနှင့်အတူ ဆိုးပေနေရာချထားပေး သည့် ကျေးရွာတစ်ရွာ၌ ရုံးဖွင့်လျက်ရှိနေ၏။ ဗိုလ်ထွန်းရွှေ(ဆရာဝန်) က ၎င်းတို့၏လုံခြုံရေးအား တာဝန်ယူနေ၏။ လက်နက်ကိုင်တပ်ဖွဲ့များ ကို တိုက်ရိုက်ကိုင်ရသော ဗိုလ်မှူးတင်ဖေက ဗိုလ်ကြည်ဝင်း၊ ဆိုးပေတို့ နှင့်အတူ တပ်ဖွဲ့တွေရှိရာသို့ လှည့်လည်အမိန့်ပေးနေရ၏။ ဤတွင် ရှူး ရှူးရှိုရှို ဖြစ်နေသော ဆိုးပေအား အတူနေဖြစ်သော ဗိုလ်ကြည်ဝင်းက ချွေး သိပ်ရ၏။ ထို့နောက် နှစ်ယောက်သား ဗိုလ်မှူးတင်ဖေနှင့် ခေါင်းချင်းရိုက် ၏။ တိုင်းအမှတ် ၂၊ ဗိုလ်မှူးကြီးနေဝင်းနှင့်၊ တိုင်းအမှတ် ၃၊ ဗိုလ်မှူးကြီး စောကြာဒိုးတို့အား ဆက်သွယ်၍ စိမံဦးစီးရန်အတွက် 'တံခွန်တိုင်ကျွဲကူး' သို့ ရောက်နေရသည့် ဗိုလ်မှူးကြီးလက်ျာရှိရာသို့ အခြေအနေတွေကို သွား ရောက်တင်ပြ၏။ ထိုသည့်နောက်ကား 'တော်လှန်ရေးတစ်ရပ်လုံးကို ဦး ဆောင်ပြုနေသော ဗမာ့တပ်မတော်က မြို့တွေကို လတ်တလော သိမ်းပိုက်

mgyoe.com

ရန်အတွက်လည်း သဘောမတူ။ မဟာမိတ်တို့၏ လေထီးတပ်သားတွေ ဆင်းလာကြမည်ကိုလည်း သဘောမတူရုံမျှမက တာဝန်လည်းမယူ' ဟု ဖြစ်လာ၏။

ထိုအခါ သခင်စိုးကြီးတစ်ဦးတစ်ဖွဲ့တည်းကလည်း တာဝန်ယူ၍ လေထီးတပ်သားကို 'ဆင်းသာလာကြ' ဟု မဖိတ်ခေါ်ဝံ့။ ဗမာ့တပ်မတော်က သဘောမတူ၍ ဆိုးပေကို လက်တို့လိုက်လျှင် ရွာတိုင်းလိုလို ရှိနေကြသော ဆိုးပေ၏ပြည်သူ့စစ်တွေနှင့်ပြောက်ကျားတွေက ဆင်းလာသည့် လေထီးတပ်သားတွေကို ဒူးလေးတွေနှင့်ပစ်၊ ဝါးချွန်တွေနှင့်ထိုး၊ မြက်ခုတ်ဓားတွေနှင့် ဝိုင်းခုတ်လိုက်ကြပြီး၊ ပါလာသမျှ လက်နက်တွေ အဝတ်တွေ ချွတ်ယူထားလိုက်ကြပါက မသက်သာ ...။

ဤကိစ္စ၌ သခင်စိုးကြီးသည် မဟာမိတ်တို့နှင့်အကြီးအကျယ် မျက်နှာပျက်စရာ၊ မဟာမိတ်တို့က မိမိအား ဩဇာအာဏာမရှိသူဟု အထင်သေးစရာ ဖြစ်နေရာ၊ တပ်မတော်ကို မည်သို့မျှအခဲမကြေနိုင်လောက်အောင် ဖြစ်လာရ၏။ ဤကိစ္စသည် ဆိုးပေလို ကောင်ငယ်ကလေးတစ်ကောင်၏ သဘောမဟုတ်၊ ဖက်ဆစ်တွေ၏တပည့်ကောင်းများ ဖြစ်ခဲ့ကြတဲ့ နေဝင်းလို၊ တင်ဖေလို ဖက်ဆစ်သံယောဇဉ်မကုန်သေးတဲ့အကောင်တွေရဲ့သဘော ဖြစ်ရမည်။ ဒါ့ကြောင့် သူတို့သည် မဟာမိတ်တွေက ကူညီရန် လေထီးနှင့် ဆင်းလာကြမည်ကို မကြိုက်မနှစ်သက်နိုင်အောင် ဖြစ်ကြရသည်ဟု မဟာစွပ်စွဲမှုကြီးဖြင့် စွပ်စွဲကာ မဟာစိတ်အခုကြီး ခုလာခဲ့လေသည်။

ဖက်ဆစ်၏အဆက်အနွယ်ဆိုက ကျူပင်ခုတ်လျှင် ကျူငုတ်မှမကျန်စေရဟု အခိုင်အမာယူဆထားသော သခင်စိုးကြီးသည် အာဏာပိုင်နေကြသော ဖက်ဆစ်စစ်ခေါင်းဆောင်များ မရှိက၊ အလုပ်သမား လယ်သမားတို့၏ သားမြေးများဖြစ်ကြသော ဗမာ့တပ်မတော်သားအားလုံးတို့ကို ပစ္စည်းမဲ့တော်လှန်ရေးတပ်မတော်သားများဖြစ်အောင် အလွယ်တကူ သိမ်းသွင်းယူနိုင်လိမ့်မည်ဟု ယုံကြည်၏။ ထိုအခါ သခင်စိုးကြီးသည် သွေးရိုးသားရိုး စေတနာနှင့်ပင် တိုင်းပြည်ကြီး၏ရှေ့ရေး ကောင်းမွန်ရန်အတွက် လက်တွေ့အားဖြင့် ထက်ထက်မြက်မြက်ရှိလှသော ကိုဇော်ဖေအား ဖက်ဆစ်မျိုးတွေကို ဖြုတ်ပစ်ရန် တာဝန်ပေးတော့၏။

mgyoe.com

mgyoe.com

ဤတာဝန်ကား ကြီးမားလှသည်မှန်၏။ သို့သော် ကိုဇော်ဖေ၏ အနေဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည့် နည်းလမ်းအခွင့်ကောင်းများ ရှိနိုင်ရနိုင်၏။ သို့သော် ကိုဇော်ဖေတွင် ကွန်မြူနစ်သဘောတရား၌နာသော စွဲသောနှလုံးသားမရှိခဲ့။

ကိုဇော်ဖေ၏ ကွန်မြူနစ်သဘောတရား ယုံကြည်မှုသည် ဆိုးပေ၏ ယုံကြည်မှုမျိုးနှင့် ထပ်တူထပ်မျှလောက်သာ ရှိသည်။ အရင်းရှင်တို့ စက်ရိပ်မှ အလုပ်သမားလူတန်းစားတို့ လွတ်မြောက်လာကြ၍ လူစဉ်မိမိ နေထိုင်နိုင်ရေး အဆင့်အတန်းမျှလောက်သာ မျှော်မှန်းသည်။ တစ်နည်းဆိုရသော် အရင်းရှင်တို့သည် မိမိတို့အား ခေါင်းပုံဖြတ် အမြတ်ကြီးစားခြင်း မပြုနိုင်ကြရုံမျှ လိုလားတားဆီး၍ မိမိတို့ကလည်း အရင်းရှင်တို့ အနေအစားနှင့် ထပ်တူထပ်မျှ လူတန်းစေ့ လူတိုင်းနေနိုင်စားနိုင်သည့်အဖြစ်သို့ အဆင့်အတန်းမီ တက်ရောက်နေထိုင်နိုင်ကြရေးသာ လိုလားသူဖြစ်သည်။

ထို့ကြောင့် အရင်းရှင်တွေအားလုံးကို မုန်းတီးလှစွာဖြင့် ချေမှုန်းဖျက်ဆီး၊ ကြွင်းကျန်သမျှကို ဘဝသင်ခန်းစာပေးသည်ဟု လူစဉ်မမှိုစေဘဲ အငတ်ငတ်အမွဲမွဲထား။ ထို့နောက် မိမိတို့အလုပ်သမား လယ်သမားများက အာဏာလက်ကိုင်ထားလျက် ယခင်က အုပ်စိုးသူတွေနဲ့ သင်းတို့အရင်းရှင်တွေရဲ့နေရာကိုရအောင်ယူ၊ ပြီးလျှင် ခေတ်သစ်ကို စနစ်သစ်ဖြင့် တည်ဆောက်မည်ဟု စမ်းတဝါးဝါးဖြင့် မှန်းထားသြဇာပေးရင်း လူ့လောကကြီးအတွင်း ရှေ့သို့ချီတက်၊ အကယ်၍ မိမိတို့လုပ်မှားကိုင်မှားရှိလျှင် မိမိတို့ကို မထိလျှင်ပြီးရော၊ "သင်းတို့အရင်းရှင်လူထွက်တွေနှင့်၊ ဘက်မလိုက်တတ်အောင် နွားကျလှသော ငရိုးအကြီးတွေ ရှေ့ကနေပြီး ရေရေလည်လည် ခံကြပေ့စေ" ဟူသည့် နည်းမျိုးဖြင့် ကွန်မြူနစ်လောကနိဗ္ဗာန်ကြီးကို အငြိုးကြီးကြီးဖြင့် တည်ဆောက်မည့် လုပ်ထုံးလုပ်ရပ်မျိုးကို မလိုလား။

လက်တွေ့သမား ကိုဇော်ဖေသည် လက်တွေ့သမားဆိုးပေကဲ့သို့ပင် သဘောတရားရေးရာ၌ နုသေး၏။ စိတ်နှလုံးပျော့၏။ ထို့ကြောင့် ပစ္စည်းမဲ့တို့ အာဏာရရှိရေးဆိုက မိဘဖြစ်စေ၊ သားမယားဖြစ်စေ၊ ဆရာသမားဖြစ်စေ၊ လူမျိုးကိုဖြစ်စေ၊ နိုင်ငံကိုဖြစ်စေ စွန့်မည်၊ သတ်မည်၊ အတားအဆီးဖြစ်သည်ဟုထင်လျှင် အူထဲ၊ အသည်းထဲ၊ နှလုံးထဲ၊ ရိုးတွင်းခြင်ဆီထဲမှ

mgyoe.com

mgyoe.com

ချက်ချင်းမုန်းတီးပစ်လိုက်မည်ဟူသည့် စိတ်သဘောမျိုးကိုမထားနိုင်သေး။ ထို့ကြောင့် ကိုဇော်ဖေသည် တာဝန်မကျေဖြစ်ခဲ့ရရှာ၏။ တာဝန်မကျေရုံမျှမက ဆိုးပေနှင့်ကိုဇော်ဖေတို့ တစ်နေရာ၌ တွေ့ဆုံခဲ့ကြသည်ဟု ကြားသိရသောအခါ စိတ်ပူစရာဖြစ်လာတော့သည်။ ပေးအပ်ထားသည့် မဟာတာဝန်ကြီးကို ကိုဇော်ဖေက ဆိုးပေအား ပြောပြလေမလားဟု စိတ်ပူလာရသည်။

ဤတွင် ကိုဇော်ဖေအား ဤအတိုင်းထား၍မဖြစ်၊ အမြန်ဆုံး နှုတ်ပိတ်ပေးမှဖြစ်ပေတော့မည်။ နှုတ်ပိတ်ရန်အတွက် သဘောတရားကို ရင့်ရင့်ကျက်ကျက်ပေါက်ပြီးသော 'မီနာရစ်ရှခန်' ဟု ဂျပန်လိုခေါ်သည့် 'အရာခံဗိုလ်' နှစ်ဦးရှိ၏။ ထိုအရာခံဗိုလ်နှစ်ဦးအား မိမိအာဏာရပါက စစ်ဦးစီးကြီးများအဖြစ်ဖြင့်လည်း ရာထားပြီးဖြစ်၏။ တစ်ဦးသည် 'သဲကုန်း' တိုက်ပွဲ၌ ကျဆုံးသွားပြီဖြစ်သော်လည်း တစ်ဦးကျန်သေး၏။ ထိုတစ်ဦးကို 'ပျဉ်ထောင်စု' ရွာမှခေါ်ယူ၍ တာဝန်ပေးအပ်လိုက်သည်။

အစိန္တိတမ္ပိ၊ မကြံဘဲလျက်လည်း ဘဝတိ၊ ဖြစ်တတ်၏။ စိန္တိတမ္ပိ ကြံသော်လည်း ဝိနဿတိ ပျက်တတ်၏။ ရှေးပညာရှိတို့ ဆိုထားခဲ့သော လောကနီတိမှ စကားဖြစ်၏။ ထိုစကားသည် အလွန်မှန်လှ၏။ အကြောင်းမူ ဆိုးပေသည် ဥယျာဉ်ချောင်းထဲ၌ရှိသော 'ပျဉ်ထောင်စု၊ အုန်းပင်စု' စသော ရွာများသို့ အရေးတကြီးကိစ္စတစ်ခုဖြင့် အပြေးအလွှားသွားရောက်၏။ ထိုရွာတို့၌ 'ခေါင်းပြားကြီးတင်လှ' ဟု ငယ်ငယ်ကခေါ်သော ဆိုးပေ၏ ငယ်သူငယ်ချင်းတစ်ယောက်ရှိ၏။ သူသည် ဘုရားကြီးကွင်းမှ နာမည်ကျော် ရွာအပျိုချော စိန်အုံ၏မောင်ဖြစ်၏။ ငယ်စဉ်က အလွန်ကြောက်တတ်သူ၊ ရန်ကင်းသူဖြစ်သော်လည်း ထိုအချိန်က ကွန်မြူနစ်တာဝန်ခံတစ်ဦးဖြစ်နေရှာ၏။ ထို့ကြောင့် ဆိုးပေက ငယ်နိုင်ဖြစ်သည့်အတိုင်း နောက်ရန် ပြောင်ရန် အနိုင်ကျင့်ရန် တင်လှဆီသို့ဝင်သွားရာ တင်လှကို မတွေ့ရ။ တင်လှ ဘာတွေအလုပ်များနေသည်၊ တပ်မတော်မှ အရာခံဗိုလ်ဖြစ်သူနှင့် ဘယ်သို့ထွက်သွားသည် စသဖြင့် သတင်းရတော့၏။ ဤတွင် ဆိုးပေက ဆက်သားတစ်ယောက်ကိုလွှတ်လျက် ကိုဇော်ဖေအား ကျုံသင်ချောင်းတွင်းရှိ ဇီးပြုကုန်းရွာမှနေ၍ မိမိကို ချက်ချင်းလာစောင့်ပါရန် ချိန်းလိုက်တော့သည်။

mgyoe.com

mgyoe.com

စင်စစ် ဆိုးပေသည် ကိုဇော်ဖေရှိရာသို့ လူလွှတ်၍ချိန်းလိုက်သော်လည်း ကိုဇော်ဖေနှင့် သွားရောက်တွေ့ဆုံရန်လည်းမဟုတ်၊ သွားရောက်တွေ့ဆုံရန်အချိန်လည်းမရ။ ထို့ပြင် ကိုဇော်ဖေအထံသို့ လက်ဆုပ်လက်ကိုင် သက်သေအထောက်အထား ရထားနိုင်မည့် 'စာ' ဖြင့်လည်း မပေးလို၊ တစ်ယောက်စကားတစ်ယောက်နားဖြင့် သတင်းပြန့်ပွားစေတတ်သော မှာကြားမှုမျိုးကိုလည်း မပြုလုပ်လိုသဖြင့် တစ်ဖက်မှ အစီအစဉ်ပျက်သွားစေရန်လောက်သာလျှင် ရည်ရွယ်၍ ချိန်းချက်လိုက်ခြင်းမျိုးဖြစ်၏။ ကိုဇော်ဖေသည် ဓိုးဖြူကုန်းမှ သုံးရက်လုံးလုံး ဆိုးပေကို လာ၍စောင့်၏။ သို့စောင့်နေဆဲ မိမိထွက်လာခဲ့သည့်အရပ်မှ သတင်းရရှိသွားလေသည်။

ဆက်စပ်တွေးတောတတ်သော ကိုဇော်ဖေက ဆိုးပေတို့ရှိရာ 'ငြုတ်ကောင်းရွာ' သို့ လိုက်လာ၏။ ဆိုးပေနှင့်တွေ့၏။ မိမိအား ဆရာကြီးက လူဆိုးဓားပြလူသတ်ကောင်အဖြစ် ကြေညာကြောင်း မိမိထံ၌ရှိသည့် လက်နက်တို့ကို သိမ်းယူရန်အတွက် တပ်ဖွဲ့ငယ်တစ်ခုဖြင့် လိုက်၍ရှာဖွေနေကြောင်း၊ လက်နက်များ လာရောက်အပ်နှံရန် အမိန့်စာကမူ ယခုအထိ မိမိရှိရာသို့မရောက်သေးကြောင်း။ သို့သော် ထိုအမိန့်ကိုထုတ်လိုက်ပြီဟု မိမိသိရကြောင်း စသည်တို့ကိုလည်း ပြောပြ၏။

ဆိုးပေသည် ကိုဇော်ဖေကပြောပြပြီးမှ မိမိကြားသိရသည့်အကြောင်းတို့ကို ကိုဇော်ဖေအား ပြန်၍ပြောပြသည်။ ထို့နောက် ဗိုလ်မှူးကြီးနေဝင်းနှင့်အတူ သွားရောက်နေထိုင်ရန်၊ ထိုသို့သွားရောက်နေထိုင်နိုင်က ကိုဇော်ဖေအတွက် လုံခြုံစိတ်ချရလိမ့်မည်ဖြစ်ကြောင်း အကြံပေးမိ၏။ ကိုဇော်ဖေကလည်း ထိုအကြံကို သဘောတူခဲ့၏။ သို့သော် ကိုဇော်ဖေထွက်သွားတော့မည့်ဆဲဆဲမှာ ဆိုးပေက စိတ်ပူလာသည်။

အကယ်၍များ ကိုဇော်ဖေသည် ရုတ်တရက် စိတ်ပြောင်းလျက်၊ ဂျပန်တစ်ခေတ်လုံး မိမိကိုယ်တိုင် အကာအကွယ်ပေးထားခဲ့သော၊ ခင်မင်ခဲ့သော၊ ရင်းနှီးခဲ့သော ဆရာကြီး၏အမိန့်ကို မလွန်ဆန်ဘဲ နားထောင်ပါက အကြံပေးစေလွှတ်မိသူ (ဆိုးပေ) အား ရဲဘော်ရဲဘက်များက ခွင့်လွှတ်နိုင်ပါမည်လော။

ကိုဇော်ဖေသည် စိတ်ပြောင်းလဲတတ်သော လူစားမျိုးမဟုတ်

mgyoe.com

mgyoe.com

ကြောင်း ဆိုးပေသိ၏။ စိတ်ပြောင်းလျှင်လည်း ပြောင်းသည့်အလျောက် မိမိတာဝန်ယူရလိမ့်မည်ဟု ဆိုးပေဆုံးဖြတ်၏။ သို့သော် မိမိအတွက် ကြို တင် ကာကွယ်သည့်အနေဖြင့် မိမိအကြံဉာဏ်ပေး၍ ဤသို့ဗိုလ်မှူးကြီး နေဝင်းရှိရာသို့ ကိုဇော်ဖေလာနေရကြောင်းကို မည်သူ့မျှ အသိမပေးလို။ ထို့ကြောင့် မိမိအကြံပေး၍ ဤသို့လာရောက်နေထိုင်ကြောင်း သက်ဆိုင် ရာတို့အား မပြောကြားပါရန် ကိုဇော်ဖေအား ကတိတောင်းရ၏။ ကိုဇော်ဖေ ကလည်း ကတိတည်ပါပေသည်။

ထို့နောက်ကား ကွန်မြူနစ်တွေကို အကူအညီပေး၍၊ ကွန်မြူနစ်တွေ ကိုချစ်လျက်၊ ကွန်မြူနစ်တွေ၏လက်အောက်၌ ဆွေရောမျိုးရော မိတ်ဆွေ အပေါင်းအသင်းတွေရော ဝင်ရောက်ဆောင်ရွက်စေသည့် ကိုဇော်ဖေအား ကွန်မြူနစ်ခေါင်းဆောင်ကြီးနှင့် အချို့တို့သည် အိုးပျက်အိမ်ပျက်၊ စီးပွား ပျက်၊ သိက္ခာပျက်၍ အသက်ပါ သေစေသည်အထိ သဲကြီးမဲကြီး ရန်ရှာ လာကြောင်းကို နဖူးတွေ့ ဒူးတွေ့ ကြုံကြိုက်လာရသည်။

ဤတွင် ကိုဇော်ဖေက "မထူးဘူး ဖြစ်လိုရာဖြစ်စေတော့၊ တပ်မတော် နှင့်လည်း သင့်တင့်မှုမရှိသော ခေါင်းဆောင်ကြီးတို့အား ကျွန်တော် ရှင်း လင်းပစ်လိုက်တော့မည်" ဟု ဆိုလာ၏။ ထိုစဉ်က ဗိုလ်မှူးကြီးနေဝင်း သည် ကိုဇော်ဖေအား တရားချခဲ့သည်။ "ခေါင်းဆောင်ဘွေ ရှားပါးလှသော ဗမာပြည်၌ ခေါင်းဆောင်တစ်ယောက် လျော့သွားက ဗမာတွေကို ကျွန်လုပ် လိုသည့် ရန်သူအား ရှေ့ကနေ၍ တိုက်ခိုက်ပေးမည့် အင်အားကြီးတစ်ခု လျော့သွားရခြင်းဖြစ်သောကြောင့် ခွင့်လွှတ်လိုက်ပါတော့" ဟု ဆိုခဲ့သည်။

သို့ဖြင့် ကိုဇော်ဖေသည် ညီတွေ အစ်ကိုတွေနှင့် ဆွေမျိုး သူငယ်ချင်း အပေါင်းအသင်းအားလုံးတို့ ကွန်မြူနစ်တွေချည်း ဖြစ်နေကြသော်လည်း မိမိကိုယ်တိုင်မှု ကွန်မြူနစ်တွေနှင့် ခပ်စိမ်းစိမ်းဖြစ်လာခဲ့ရသည်။

အင်္ဂလိပ်တွေ ပြန်ဝင်လာကြ၍ ကွန်မြူနစ်အားလုံးတို့၏ဆန္ဒအရ သခင်စိုးကြီးက တာဝန်ယူလျက် ...

"မြစ်ဝကျွန်းပေါ်ရှိ ဗမာ့တပ်မတော်နှင့် ပြည်သူ့အရေးတော်ပုံပါတီ (ဆိုးပေ၏အဖွဲ့များ) သည် သွားလေသူ ဂျပန်ဖက်ဆစ်တို့၏အလိုတော် ကျ ...

mgyoe.com

mgyoe.com

၁။ ရန်သူ့ (ဂျပန်) ငွေကို တရားဝင်သုံးစွဲနေပါသည်။

၂။ ဆန်တွေ လုနေပါသည်။

၃။ လူမျိုးရေးအဓိကရုဏ်းဖြစ်ရန် လှုံ့ဆော်နေပါသည်။

၄။ လက်နက်တွေဝှက်၍ မဟာမိတ်တို့ကိုတိုက်ရန် ပြုနေပါသည် ... ဟု ကွန်မြူနစ်ကြေညာစာတမ်းအမှတ် ၄ ဟူသော အမည်ဖြင့် သတ္တိပြောင်ပြောင် သစ္စာဖောက်ပြလိုက်သော ကွန်မြူနစ်တို့၏သစ္စာဖောက် စာတမ်းကြီးထွက်လာသောအခါ ကိုဇော်ဖေသည် ဆိုးပေတို့အား အစွမ်းကုန် အကူအညီပေးတော့သည်။

ကွန်မြူနစ်တို့ စွပ်စွဲလိုက်သည့် ကြေညာစာတမ်းအချက်လေးချက် အနက်၊ ဆန်လုမှုနှင့် လက်နက်ဝှက်မှု နှစ်မျိုးသာမှန်သည်။ ကျန်နှစ်မျိုးက မမှန်။ လူမျိုးရေးတိုက်ခိုက်ရန် လှုံ့ဆော်သည်ဆိုရာ၌ မလှုံ့ဆော်ရုံမျှမက မိမိတို့က အင်္ဂလိပ်ကို ပြန်တိုက်သောအခါ မိမိတို့နှင့်အတူ ပူးပေါင်းတိုက်ခိုက်ပါရန် စည်းရုံး၍ပင်နေကြရသေးသည်။

သို့သော် ကွန်မြူနစ်တို့သည် နိုင်ငံရေးအရ အင်္ဂလိပ်ကို တိုက်မည့်သူများနှင့် ကရင်အမျိုးသားတို့ မစည်းလုံးမိစေရန် "သည်ဖက်ဆစ်ကောင်တွေ မင်းတို့ကိုတိုက်ဖို့ ပြင်ဆင်နေကြတယ်" ဟု ကရင်အမျိုးသားတွေကို သွားရောက်သွေးထိုးပေးကြသေးသည်။

ဤကြေညာချက်ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းသည် မဟာမိတ်စစ်ဦးစီးတို့နှင့် အပြင်းအထန် အငြင်းအခုံပြုခဲ့ရသည်။ နောက်ဆုံး မြစ်ဝကျွန်းပေါ်၌ ဖြန့်ထားသည့်လက်နက်ကိုင်တပ်ဖွဲ့အားလုံးတို့အား လက်နက် အသိမ်းခံလိုက်ကြပါရန်၊ အင်္ဂလိပ်တို့အား တိုက်မလွှတ်လိုက်ကြပါရန်၊ ဗိုလ်လကျာ်၊ ဗိုလ်အောင်ကြီး စသော သူတို့ကို အခေါက်ခေါက် အခါခါ လွှတ်၍ နားချကြရသည်။

နောက်ဆုံး မြစ်ဝကျွန်းပေါ်မှ လက်နက်အသိမ်းခံပါတော့မည်ဟူသော ကတိကိုရသည်နှင့် ကိုရွှေမဟာမိတ်တို့သည် စစ်အမြောက်လေးလက်မှ ငါးလက်အထိဆင်ထားသော တိုက်သင်္ဘောကြီးများဖြင့် ရောက်လာကြသည်။ F.S.S အမည်ရှိသော စစ်မြေပြင်လုံခြုံရေးတပ်ဖွဲ့တို့က ဗမာ့တပ်မတော်တို့ရုံးအဖြစ် အသုံးပြုထားကြသည့် အဆောက်အဦကို လက်

mgyoe.com

mgyoe.com


နက်များဖြင့် ချိန်၍ဝိုင်းကြသည်။ ထို့နောက် ၎င်းတို့အား ပေးအပ်ရန် အသင့်စုပုံရှိပြီးဖြစ်သော လုပ်သေနတ်များ၊ နှစ်လုံးပြူးအပျက်များ၊ ဝါးချွန်များ၊ ဓား၊ လှံ အကျိုးအပဲ့များ စသည်တို့ကို စိတ်ဆိုးမာန်ဆိုး မကျေမနပ်ဖြင့် ရိုက်ချိုးဖျက်ဆီး၍ ယူသွားကြသည်။ ထို့ပြင် ... တိုက်ပွဲ၌ကျဆုံးသွားကြရှာသော ရဲဘော်တို့၏အရိုးအိုးများကိုလည်း ခြေဖြင့် ကန်ကြောက်ချကာ စော်ကား မော်ကားပြုသွားကြသေးသည်။ ထို့နောက် မြို့မှအထွက်တွင် ခြိမ်းခြောက်သည့်သဘောဖြင့် သူတို့၏စက်အမြောက်များကို တစ်မြို့လုံး သိမ့်သိမ့်တုန်အောင် မြို့ပေါ်သို့ကျော်၍ ပစ်ပြသွားကြသေးသည်။ ရန်စသွားခြင်းပင်ဖြစ်လေသည်။

ဟန်ပြအဖြစ်နှင့် စစ်ရုံးတို့၌ရှိနေကြရသော ဗမာ့တပ်မတော်သားတိုင်း အသားဆတ်ဆတ်တုန်အောင် ခံပြင်းနေကြသည်။ ဆိုးပေ၏ပြောက်ကျားတို့နှင့် ဗမာ့တပ်မတော်သားအများစုတို့ကမူ မြို့လူထုများနှင့်ရောနှောလျက် သင်းတို့သွားလေရာသို့ လိုက်ပါကြည့်ရှုကြရင်း သင်းတို့၏စက်အမြောက်များ မည်သို့ပစ်ရသည်ကို မမေ့နိုင်လောက်အောင် မှတ်သားထားလိုက်ကြသည်။

ထို့နောက် "ဘာဘာစ်ခုမှမဖြစ်စေရပါဘူးလို့ လူကြီးတွေကို ကတိပေးထားမိရက်သားဖြစ်နေကြလို့သာကွာ ..." ဟု တက်တခေါက်ခေါက်ဖြင့် ကြိမ်းဝါးကြရင်း ဗမာ့တပ်မတော်သားအများစုတို့နှင့် ဆိုးပေ၏ပြောက်ကျားတို့သည် မိမိတို့ တိတ်တဆိတ် တပ်ဖွဲ့ထားရာ ကျေးရွာများသို့ ပြန်ဆင်းသွားကုန်ကြသည်။ စင်စစ် ဤသူများကား တကယ်တမ်း လက်နက်မချကြသေး။

ဗိုလ်တင်ဖေ၊ ဗိုလ်ဗစိန်၊ ဆရာကျော်မြင့်တို့ မြစ်ဝကျွန်းပေါ်ကို တစ်ပတ်ပတ်၍ ဟင်္သာတဘက်မှရန်ကုန်သို့လှည့်ပြန်ရောက်ကြမှ တပ်မတော်မှ ရဲဘော်များကို ရန်ကုန်သို့ တစ်စတစ်စ စုစည်းယူကြရသည်။ သို့သော် ထိုရဲဘော်များကို ထိန်းသိမ်းထားနိုင်ရန်အတွက် မလွယ်ကူဘဲဖြစ်နေရာ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုရဲဘော်အားလုံးတို့ကို ပြည်သူ့ ရဲဘော်တပ်ဖွဲ့ဟူသောအမည်ဖြင့် တပ်ဖွဲ့တစ်ခုဖွဲ့စည်းပေးလျက် ဗိုလ်စိန်မှန်က အခိုက်အတန့်အားဖြင့် တာဝန်ယူ၍ အုပ်ချုပ်ပေးရမည် စေခိုင်းအပ်နှံပေးခဲ့သည်။

mgyoe.com

mgtoe.com


ဤတွင် တပ်မတော်မှ ရဲဘော်တို့၏လက်နက်အတော်များများသည် မြစ်ဝကျွန်းပေါ်၌ ကျန်ရစ်ခဲ့ကြရတော့သည်။ ထိုလက်နက်တို့ကို မြစ်ဝကျွန်းပေါ်ကျေးရွာ အတော်များများ၌ ရှိနေကြသည့် ပြည်သူ့စစ်နှင့် ပြောက်ကျားတပ်ဖွဲ့တို့က ထိန်းသိမ်းထားကြရသည်။ ထိုသူတို့အားလုံးကား "တော်လှန်ရေးတပ်ဦး ကြေညာစာတမ်း" အရ ဗမာပြည်ကို လွတ်လပ်ရေး မပေးဘဲ မဟာမိတ်အင်္ဂလိပ်ဆိုသူများက ဆက်လက်ကျွန်လုပ်ထားကြမည် ဆိုလျှင် ထိုမဟာမိတ်တို့ကို ဆက်လက်တိုက်ခိုက်မည့်သူများပင် ဖြစ်ကြသည်။

သူတို့၌ လက်နက်ရှိကြပြီ၊ ခေါင်းဆောင်လည်း ရှိကြပြီ၊ သူတို့၏ ခေါင်းဆောင်ကား သူတို့နှင့်ထပ်တူထပ်မျှ မိုက်ကန်းကန်းတစ်ယောက်သာဖြစ်သော ငမိုက်သား ဆိုးပေပင်တည်း။

ဆိုးပေတို့လူသိုက်သည် မဟာမိတ်တို့အပေါ်၌ အထူးစောင့်ဆိုင်း အကဲခတ်နေစရာမလို၊ အတူတူဂျပန်ကို တိုက်ထုတ်လိုက်ကြရသော မြစ်ဝကျွန်းပေါ်မှ ဗမာ့တပ်မတော်အား လက်နက်သိမ်းသည်။ တပ်ဖွဲ့တစ်ခုလုံး ဖျက်သိမ်းပစ်သည်။ နောက်ထပ်ဘာများ အကဲခတ်နေစရာလိုအံ့နည်း။ ထို့ကြောင့် မိမိတို့လူကြီးများအား ကတိပေးထားလိုက်ကြရသည့်အချိန်က အစွမ်းကုန်ခေါင်းငုံ့သည်းခံလာခဲ့ကြရသော်လည်း ယခု ထိုအချိန်သည် လွန်ခဲ့ပြီ။ ဗမာတစ်ပြည်လုံး ကြားဖြတ်စစ်အစိုးရ CAS,B က အုပ်ချုပ်နေလေပြီ။ ကဲ ... တွေ့ကြ၊ မြင်ကြ၊ သိကြရသေးသည်ပ ...။

မကြာမီ မြစ်ကြောင်းတစ်လျှောက် မြစ်ခွဆုံတို့၌ ကင်းအဖွဲ့ကလေးများ ပေါ်လာကြသည်။ ဖြတ်သွားသမျှ သမ္ဗာန် မော်တော်စသည် အားလုံးတို့ကို လာရောက်ဆိုက်ကပ်ရန် ခေါ်တော့သည်။

"ဒီမှာ ခင်ဗျားတို့ကို ဘယ်သူကအုပ်ချုပ်နေတယ်လို့ ထင်သလဲ၊ 'ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့'က အုပ်ချုပ်နေတာ နားလည်လား၊ ခင်ဗျားတို့ဟာ အမျိုးသားအစိုးရဖြစ်တဲ့ 'ဖဆပလ'အဖွဲ့ကိုသာ အသိအမှတ်ပြုကြမယ်၊ နယ်ချဲ့အင်္ဂလိပ်စစ်အစိုးရကို အသိအမှတ်မပြုရဘူး။ အခုအမျိုးသားအစိုးရရဲ့ အမှုထမ်းများဆီမှာ တစ်လအတွက် ခရီးသွားလာခွင့်လက်မှတ်ကို တက်ယူပါ၊ အခွန်တော်ငွေတစ်ကျပ်လည်း

mgtoe.com

mgyoe.com

ဆောင်ခဲ့ပါ၊ ပြီးတော့ တစ်လအတွင်း ဒီလမ်းကဖြတ်သွားတိုင်း ခရီးသွား ခွင့်လက်မှတ်ယူပြီးကြောင်း ကင်းအဖွဲ့ရှိရာဆိပ်ကမ်းတိုင်းကို ဝင်,ဝင်ပြသွားပါ။ ကဲ ... ခင်ဗျားတို့ နားလည်ပြီလား"

"နားလည်ပါပြီ"

"ခင်ဗျားတို့ဟာ ဘယ်သူတွေလဲ"

"ကျုပ်တို့ ဥယျာဉ်ချောင်း ကျုံကလွတ်ရွာကပါ၊ မောင်မှုန်ဆိုရင် လူတိုင်းသိပါတယ်။ လယ်သမားလူကောင်းတွေပါ ဗိုလ်ကြီးတို့ ဘယ်သူ့မေးမေး မေးကြည့်ကြပါ၊ ကြုံရင်လည်း ဝင်လာခဲ့ပါ"

ကင်းအဖွဲ့တို့က ပြုံးကြ၏။ ခေါင်းဆောင်လုပ်သူက ခေါင်းကိုရမ်းပြ၏။

"မဟုတ်ဘူး ခင်ဗျားတို့ရဲ့နေရပ်တွေ ရွာတွေကိုမေးတာမဟုတ်ဘူး။ ခင်ဗျားတို့ဟာ ဗမာပြည်ထဲက ဗမာအမျိုးသားတွေမဟုတ်လားလို့မေးတာ"

"ဟုတ် – ဟုတ်ပါတယ်ခင်ဗျာ၊ ကျုပ်ကို့အဖေက အညာသားစစ်စစ်ပါ၊ သာစည်မဲတောရွာကပါ၊ ကျုပ်အမေကတော့ တလိုင်းကရင်ပဲ ခင်ဗျ၊ ဒါပေမဲ့ ကျုပ် ကျုပ် ..."

သမ္ဗာန်ဆရာသည် အတော်ကြောက်ရွံ့တုန်လှုပ်သွားဟန်ပေါ်လာ၏။ ကင်းခေါင်းဆောင်လုပ်သူက ရင်းနှီးဟန်ဖြင့် ပြုံးပြရပြန်၏။

"အဲဒါ ကိစ္စမရှိဘူး ဗမာပြည်ထဲမှာမွေးပြီး ဗမာပြည်ထဲမှာနေတဲ့ အမျိုးသားဆိုရင် ဘာလူမျိုးပဲဖြစ်ဖြစ် အားလုံး ဗမာပြည်ထဲက အမျိုးသားဘဲ ဟုတ်ရဲ့လား"

"ဟုတ် ဟုတ် ဟုတ်ပါတယ်ခင်ဗျ"

"အဲဒီတော့ ဗမာပြည်ထဲကလူတွေရဲ့ အစိုးရဟာ ဘာအစိုးရလဲ"

"အခု သင်္ဘောကြီးနဲ့ လှည့်လှည့်နေတဲ့ ... အင်္ဂလိပ် ဟုတ်သေးဘူး၊ စစ်နိုင်တဲ့ ... ဟုတ်သေး ... ကျုပ်တို့ ... ကျုပ်တို့တောသားတွေမို့ မသိပါဘူးခင်ဗျ"

"ကိစ္စမရှိဘူး မသိရင်ကျွန်တော်တို့ပြောပြထားမယ်၊ ခင်ဗျားတို့ဟာ ဗမာပြည်ထဲမှာမွေး၊ ဗမာပြည်ထဲမှာကြီးပြီး၊ ဗမာပြည်ထဲမှာနေတဲ့ ဗမာပြည်ထဲက အမျိုးသားတွေ ဟုတ်လား"

mgyoe.com

mgyoe.com

. "ဟုတ် ဟုတ်ပါတယ်ခင်ဗျ"

"အဲဒီတော့ ခင်ဗျားတို့ကိုအုပ်ချုပ်တဲ့ အစိုးရဟာလည်း ဗမာပြည်ထဲမှာမွေး၊ ဗမာပြည်ထဲမှာကြီးပြီး၊ ဗမာပြည်ထဲမှာနေတဲ့ အမျိုးသားအစိုးရပဲဖြစ်ရမယ်၊ တခြားနိုင်ငံက ရောက်လာတဲ့ နိုင်ငံခြားသားတွေ မဖြစ်ရဘူး ဟုတ်ကဲ့လား"

"ဟုတ်ပါတယ်ခင်ဗျ၊ အားကြီးဟုတ်ပါတယ်ခင်ဗျ"

"အဲဒီတော့ ခင်ဗျားတို့ဟာ အမျိုးသားအစိုးရကိုသာ အားပေးရမယ်၊ အမျိုးသားအစိုးရအုပ်ချုပ်မှုကိုသာ ခံရမယ်၊ နိုင်ငံခြားသားအစိုးရကို အားမပေးရဘူး။ နိုင်ငံခြားသားအစိုးရအုပ်ချုပ်မှုကို မခံရဘူး။ မနိုင်သေးလို့ခံနေရရင်လည်း မလွှဲမကင်းသာမှခံရမယ်။ နိုင်ငံခြားသားအစိုးရတွေက ခင်ဗျားတို့ကို ဘာတွေပြောတယ်၊ ဘာတွေလုပ်တယ်ဆိုတာ အမျိုးသားအစိုးရရဲ့ ကျုပ်တို့လို အမှုထမ်းတွေရှိတဲ့နေရာတိုင်း ဝင်တိုင်ရမယ် နားလည်ရဲ့လား"

"ဟုတ် ဟုတ်ကဲ့ နားလည်ပါပြီခင်ဗျ"

"ဒါဖြင့် ခင်ဗျားတို့ကို အုပ်ချုပ်နေတဲ့အစိုးရဟာ ဘယ်သူလဲ"

"အ အ ... အမျိုးသားအစိုးရပါခင်ဗျ"

"ကောင်းပြီ ... ခင်ဗျား အဲဟို ထိုင်နေတဲ့လူဆီသွား၊ အမျိုးသားအစိုးရပိုင်တဲ့မြစ်အတွင်းမှာ တစ်လအတွက် ခရီးသွားလာခွင့်လက်မှတ်သွားယူ၊ အခွန်တော် ငွေတစ်ကျပ်ပေးထားခဲ့၊ ပြီးတော့ ခင်ဗျားရဲ့သမ္ဗာန်ဟာ အမျိုးသားအစိုးရကိုထောက်ခံတဲ့ အမျိုးသားတစ်ဦးရဲ့သမ္ဗာန်ဖြစ်ကြောင်း အထိမ်းအမှတ်ပြထားတဲ့အနေနဲ့ သမ္ဗာန်ရဲ့ဘယ်ဘက်ဗွန်မီးမှာ ညောင်ရေအိုးတစ်အိုးချိတ်ထား ... ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ခင်ဗျ၊ ဈေးရောက်တော့ ဝယ်ပြီး ချိတ်ထားပါ့မယ်ခင်ဗျ"

"ကဲ ... ကဲ၊ အဲဟို ရဲဘော်ဆီသွားပြီး အခွန်တော်ငွေတစ်ကျပ်သွားဆောင်လိုက်"

ထိုစဉ်အချိန်မျိုး၌ ရဲမော်တော်တို့ ရောက်လာတတ်ခဲ့သည်။ ကင်းတို့ကခေါ်၏။ ရဲမော်တော်ကမဆိုက်။

mgyoe.com

mgyoe.com


"ခင်မောင် ... တို့မော်တော်စက်နှိုးပြီး ချက်ချင်းလိုက်စမ်း၊ သာဟန် အဲဒီကောင်တွေ 'ဘရင်းဂန်း (စက်သေနတ်)နဲ့ ပစ်ကွာ"

တစ်ခဏချင်း ပစ်သံခတ်သံတွေ ဆူညံသွား၏။ ရဲမော်တော်က လည်း ပြန်ပစ်၏။ ကင်းဆိပ်၌ဆိုက်ကပ်ထားကြရသော ခရီးသွားသမ္ဘာန် များမှ ခရီးသည်အားလုံး ရေထဲသို့ခုန်ဆင်းပုန်းအောင်းကုန်ကြရ၏။ ကင်း ဆိပ်နှင့်မလှမ်းမကမ်း၌ဝှက်ထားသော မော်တော်တို့ စက်နှိုး၍ထွက်သွား ကြ၏။ ခင်မောင်၏မော်တော်သာမဟုတ်၊ မောင်ရီ၏မော်တော်လည်း ပါသွားသည်။ ပစ်ပစ်ထွက်ထွက်, ထွက်ခြင်းဖြစ်၏။ မောင်ရီ၏မော်တော် ၌ အလွန်လက်ဖြောင့်သော ဘလုပါသွားသည်ဖြစ်ရာ သုံးချက် နှစ်ချက် နှစ်ကြိမ်မျှ ဆွဲလိုက်သော ဘလု၏ ဘရင်းဂန်းသံ ကြားလိုက်ရပြီးနောက် ရဲမော်တော်သည် ချာလည်လည်သွား၏။ ပဲ့ကိုင်နှင့်အချို့ကို ထိသွားဟန် တူလေသည်။

မကြာမီ မြစ်တစ်ဖက်ကမ်းလောက်ဆီ၌ ရပ်သွားသော မော်တော် ပေါ်မှ အော်ဟစ်သံထွက်ရပ်လက်မြှောက်ပြသံတို့ကို ကြားရ၏။ ထိုမော် တော်ကို ကင်းဆိပ်သို့ဆွဲယူလာကြ၏။ ရဲအဖွဲ့သားဆယ့်လေးယောက်နှင့် မော်တော်အလုပ်သမား ငါးယောက်တို့ပါရှိကြ၏။ ရာဇဝတ်အုပ် (ရဲအုပ်) အဆင့်ရှိသူတစ်ယောက်နှင့် အိပ်စီ (ရဲကြပ်ကြီး) အဆင့်ရှိသူနှစ်ယောက်။ ထို့ပြင် ရဲသားနှင့်အလုပ်သမားများဖြစ်ကြ၏။ မော်တော်ပဲ့ကိုင်တစ် ယောက်၊ ရဲကြပ်ကြီးတစ်ယောက်နှင့် ရဲသားနှစ်ယောက်တို့ ဒဏ်ရာအပြင်း ရရှိလာကြ၏။

အမျိုးသားအစိုးရ၏ အမှုထမ်းများဆိုသူတို့က ထိုရဲအဖွဲ့မော်တော် မှ ကျည်ဆံတို့ကိုသာသိမ်း၏။ လက်နက်ကိုမသိမ်း။ နာမည်နှင့်အလုပ် အကိုင်အဆင့်ကို မှတ်သားထားလိုက်၏။ ရန်သူအစိုးရ၏ထံ၌ အလုပ်လုပ် ခွင့်အတွက် အသိအမှတ်ပြုထားရန် အမျိုးသားအစိုးရ၏ အမှုထမ်းများ အထံ၌ မှတ်ပုံတင်ထားရမည်ဆို၏။ မှတ်ပုံတင်ကို ခြောက်လတစ်ကြိမ် လာရောက်လဲရမည်ဟု အကြောင်းကြားပြီးနောက် မှတ်ပုံတင်ခ ကောက် ယူ၏။ 'မည်သည့်အရပ်သို့ မည်သည့်ကိစ္စဖြင့်သွားရပါသည်' ဆိုသည်ကို အမျိုးသားအစိုးရ၏အမှုထမ်းများဖြစ်သော 'ကင်းအဖွဲ့' တစ်နေရာရာ၌

mgyoe.com

mgyoe.com


ဝင်ရောက်အစီရင်ခံ၍ ခရီးထွက်တိုင်း ခရီးထွက်လက်မှတ်ဝင်ရောက်ယူရမည်ဟု ဆို၏။

ရဲအဖွဲ့တို့က "ကျွန်တော်တို့မသိလို့ပါခင်ဗျာ" ဟု မျက်နှာငယ်ငယ်နှင့် တောင်းပန်ရင်း အမျိုးသားအစိုးရဆိုသူတို့ ပြောဆိုအမိန့်ပေးသည့်အတိုင်း အားလုံးလိုက်နာဆောင်ရွက်လျက် လှည့်ပြန်သွားကြသည်။

ဤဖြစ်ရပ် ဤသတင်းတို့သည် သမ္မာန်သမားများမှတဆင့် တစ်ခဏချင်း မြစ်ရိုးတစ်လျှောက်သို့ ပြန့်ကုန်၏။ ရက်ပိုင်းအတွင်း မြစ်ဝကျွန်းပေါ် အရှေ့တောင်ပိုင်းအခြမ်းတစ်ခြမ်းလုံး ပြန့်နှံ့သွား၏။ နောက်ဆုံး၌ မဟာမိတ်တို့၏ ကက်စ်ဘီအစိုးရအထက်ပိုင်း မျက်နှာဖြူအရာရှိကြီးများ၏ နားသို့ပင် ပေါက်ရောက်သွား၏။

မဟာမိတ်အင်္ဂလိပ်အစိုးရတို့သည် ဤသတင်းမျိုးကို လျစ်လျူမပြု၊ ပေါ့ပေါ့ဆဆမနေတတ်၊ ချက်ချင်းလှည့်လည်စစ်ဆေးမေးမြန်း၏။ မြို့တွေပေါ်၌ ရှိနေကြ ရဲအဖွဲ့အားလုံးတို့က "မဟုတ်ပါ၊ မသိပါ" ဟု 'ဘူး' ခံလိုက်ကြသည်။ သို့သော် ထိုရဲဌာနတို့မှ ရဲအဖွဲ့ဝင်များသည် မည်သူတွေမှန်းမသိကြသော "အမျိုးသားအစိုးရ၏အမှုထမ်းများ" ဆိုသူတို့အား မိမိတို့နှင့် သက်ဆိုင်သည့်ရဲအဖွဲ့၌ "မည့်သည်လက်နက်မျိုးများ မည်မျှရှိကြောင်း၊ ရဲအဖွဲ့ဝင်အင်အား မည်မျှရှိကြောင်း" စသည်တို့ကို အစီရင်ခံထားကြရသူတွေဖြစ်ကြ၏။

မဟာမိတ်အင်္ဂလိပ်တို့၏ ကက်စ်ဘီအစိုးရသည် ဤဖြစ်ရပ်များကို မိမိတို့၏ အုပ်ချုပ်ရေးဘက်ဆိုင်ရာ အမှုထမ်းများဖြစ်သော ရဲအဖွဲ့တို့ထံမှ မေးမြန်းစူးစမ်း၍ မရနိုင်သော်လည်း အခြားနေရာတစ်ခုမှ "ဖြစ်ရပ်များ၊ စာရင်းများ၊ နေ့စွဲရက်စွဲများ" နှင့်တကွ အတိအကျရနေ၏။ ထိုနေရာကား "မဟာမိတ်တို့ကိုတိုက်ခိုက်၍ အင်အားနည်းစေခြင်းဖြင့် ကမ္ဘာ့ဖက်ဆစ်စနစ်ကြီးကို သက်ဆိုးရှည်အောင် ပြုလုပ်ခြင်းဖြစ်သည်" ဟု အူထဲအသည်းထဲက ယုံကြည်ထားကြသော ကွန်မြူနစ်များ၏ အဖွဲ့အစည်းနေရာအသီးသီးတို့ဖြစ်သတည်း။

ဤတွင် ကမ္ဘာ့ဖက်ဆစ်စနစ်ကြီး အမြစ်ကပြုတ်အောင် တိုက်အားရှိစေရန်အတွက် ခေါင်းဆောင်တိုက်ခိုက်နေသည့် မဟာမိတ်တို့အား ကူညီ

mgyoe.com

mgyoe.com

ရမည်ဟု ယုံကြည်ထားသော ကွန်မြူနစ်တို့နှင့် ... ဖက်ဆစ်တွေ ကမ္ဘာ၌ ကျန်ရှိနေသေးသော်လည်း ဗမာပြည်က ထွက်ခွာသွားကြပြီဖြစ်သော ကြောင့်၊ ဖက်ဆစ်တွေ၏ကိုယ်စား ဗမာတို့အား ကျွန်လုပ်ရန်ရောက်လာကြသည့် မဟာမိတ်အင်္ဂလိပ်တို့အား ဆက်လက်တိုက်ခိုက်ပစ်ရမည်ဟု ယုံကြည်ထားသော ပြည်သူ့အရေးတော်ပုံပါတီဖြစ်သည့် ဆိုးပေတို့၏ ပြည်သူ့စစ်နှင့် ပြောက်ကျားအဖွဲ့သားများ မြစ်ဝကျွန်းပေါ်တွင် အပြင်းအထန် မသင့်မတင့်ဖြစ်လာကြတော့၏။ နေရာတိုင်း၌ တိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြ ဖြစ်လာကြရတော့၏။

ကွန်မြူနစ်တို့၏ သတင်းပေးချက်အရ ကက်စ်ဘီအစိုးရက သွားရောက်စစ်ဆေးတိုင်း သက်ဆိုင်ရာရဲအဖွဲ့တို့က "မဟာမိတ်တို့ကို တော်လှန်ပုန်ကန်သည်အထိ မဟုတ်ပါ။ ဟိုအနားတစ်ချို့ သည်အနားတစ်ချို့ လက်နက်နှင့် ကျန်ရစ်ခဲ့ကြသော ဓားပြကလေးများသာ ဖြစ်ပါသည်" ဟု အစီရင်ခံကြ၏။ သို့သော် အစစဖိဖိစည်းစည်းရှိလှသော ကက်စ်ဘီအစိုးရတို့က စက်အမြောက်များ တပ်ဆင်ထားသည့် တိုက်သင်္ဘောများဖြင့် မြစ်ဝကျွန်းပေါ်သို့ လှည့်လည်စောင့်ရှောက်ပေး၏။ ဤတွင် မြစ်ဝကျွန်းပေါ်တပ်တို့အား လက်နက်တွေ လာသိမ်းကတည်းက လက်ယားအောင် တိုက်ချင်နေကြသော ပြောက်ကျားအဖွဲ့တို့က တိုက်သင်္ဘောတစင်းအား ဖျာပုံနှင့် ဘိုကလေးအကြားတွင် တိုက်ခိုက်သိမ်းယူပစ်လိုက်ကြသည်။ ကက်စ်ဘီအစိုးရတို့၏ တိုက်သင်္ဘောကြီးသုံးစင်းပါသည့် စစ်တပ်ဖွဲ့တို့ရောက်လာသည့်အချိန်၌ အတိုက်အခိုက်ခံလိုက်ရသော စစ်သင်္ဘောသည် ချောင်းငယ်တစ်ခုအတွင်း၌ တစ်ဆို့လျက်တွေ့ရတော့၏။ သင်္ဘောကြီး၏အတွင်း၌ စက်အမြောက်အမြားနှင့်တကွ၊ လျှပ်စစ်အားပေးစက်နှင့် မီးလုံးများပင် မရှိတော့ပြီ။

တိုက်ခိုက်သူတို့အား မည်သို့မျှစုံစမ်းရှာဖွေ၍မရနိုင်သောအခါ ဤကိစ္စသည် ဗိုလ်ချုပ်အောင်ဆန်းအား ခေါင်းကိုက်စေခဲ့သည်။

မြစ်ဝကျွန်းပေါ် ကွန်မြူနစ်အချို့က ဤကိစ္စနှင့်ပတ်သက်၍ ဆိုးပေ၏ လက်ချက်ဖြစ်သည်ဟု အတိအကျလောက်နီးနီး သတင်းပေးပို့ကြ၏။ သို့သော် ... ဆိုးပေနှင့်အနီးကပ်ဆုံး နေထိုင်ကြသော ကွန်မြူနစ်တို့က

mgyoe.com

ဆိုးပေ လုံးဝမဟုတ်နိုင်ပါဟု ငြင်းဆိုကြသည်။ ထိုကွန်မြူနစ်တို့ကား ... မြစ်ဝကျွန်းပေါ်ရှိ ကွန်မြူနစ်အဖွဲ့အစည်းတို့၌လည်းကောင်း၊ ဆိုးပေတို့နယ်၌လည်းကောင်း၊ အင်အားအကြီးဆုံး တန်ခိုးအာဏာအရှိဆုံးဖြစ်သည့် ဆိုးပေ၏ရဲဘော်ကြီး ကိုဇော်ဖေ၏ညီများ၊ အစ်ကိုများ၊ မိတ်ဆွေများ ဦးစီးကြသည့် ကွန်မြူနစ်အဖွဲ့ကြီးပါတည်း။

ဗိုလ်ချုပ်အောင်ဆန်း၏ တပည့်တပန်းများ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မြစ်ဝကျွန်းပေါ်အရပ်၌ လှုပ်လှုပ်ရှားရှားဖြစ်နေ၏။ ကက်စ်ဘီတို့ သတင်းစုံစမ်း၍မရကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်းအဖို့ သတင်းစုံးစမ်း၍ ရသင့်သလောက်ရ၏။ ဤတွင် အချက်ကိုသိသော ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မှူးကြီးနေဝင်းမှတစ်ဆင့် ဗိုလ်အောင်ကြီးကို စေခိုင်း၍လည်းကောင်း၊ ဗိုလ်အောင် (ဗိုလ်မှူးကြီးမောင်မောင် ယခုသံအမတ်ကြီး) မှတစ်ဆင့် ဦးလှမောင် (ယခုသံအမတ်ကြီး) ကို စေခိုင်း၍လည်းကောင်း ဆူပူလှုပ်ရှားနေသည့် မြစ်ဝကျွန်းပေါ်အား ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန် မေတ္တာရပ်ခံရတော့၏။

ထိုတွင်မှ မြစ်ဝကျွန်းပေါ်သည် တဖြည်းဖြည်း ငြိမ်သက်လာခဲ့ရသည်။ ကွန်မြူနစ်တို့၏ သတင်းပေးခြင်းမှကင်းဝေးသော ကိုဇော်ဖေတို့၏ မြို့နယ်သည် ဆိုးပေတို့ပြောက်ကျားများ၏ တပ်စွဲရာဖြစ်လာရတော့သည်။ မြို့ပေါ်ရှိ ရဲအဖွဲ့တို့သည် ဆိုးပေတို့ရှိရာသို့ ဝတ္တရားဆောင်ရွက်ရန် လာလိုက ကြိုတင်ခွင့်ပန်၍ လာကြရသည်။

သို့သော် ရဲအဖွဲ့ကလည်း ဆိုးပေတို့သတင်းကို အမြဲရနေကြ၏။ "စစ်ရေးလေ့ကျင့်နေသည်။ ပင်လယ်ကမ်းစပ်၌ လက်ပစ်ဗုံးများ စမ်းသပ်ဖောက်ခွဲကြည့်နေကြသည်။ ပြောက်ကျားတပ်ဖွဲ့များ သေနတ်ပစ်လေ့ကျင့်နေကြသည်။ ရွာလုံးကျွတ် တစ်ရွာမှတစ်ရွာသို့ကူး၍ ပြည်သူ့စစ်များ လေ့ကျင့်နေကြသည်" စသဖြင့် ကြားသိနေကြရ၏။ ထိုစဉ် အင်္ဂလိပ်တို့၏ ရာဇဝတ်ဝန်ထောက်တစ်ဦးဖြစ်သော 'မစ္စတာဟိုင်း' ဆိုသူကလည်း ဤသတင်းများကို ရသင့်သလောက် ရနေခဲ့သည်။

ဟိုင်းသည် ဆိုးပေတို့မြို့နယ်မှ အင်္ဂလိပ်မြန်မာ ကပြား 'အိုင်ပီ' ကြီးအား ဤကြားရသောသတင်းများ ဟုတ်မဟုတ် စုံစမ်း၍ တိတိကျကျ

mgyoe.com

အရေးယူရမည်ဟု အမိန့်ပေး၏။ အိုင်ပီကြီးသည် မရှောင်သာတော့ပဲ အရေးယူရပေတော့မည်။

သို့သော် မည်သို့အရေးယူရပါမည်နည်း။ အိုင်ပီကြီး အကြံညဏ် ထုတ်၍မျှမရသေးမီ ဆိုးပေသည် မိမိ၏ဘက်တော်သား ရဲအဖွဲ့ဝင်များ၏ သတင်းပေးချက်အရ ဤသတင်းကိုရတော့၏။

ထိုည၌ပင်လျှင် ဆိုးပေသည် အိုင်ပီကြီးနှင့်တွေ့ရန် အိုင်ပီကြီး၏ အိမ်ပေါ်သို့ရောက်ခဲ့သည်။ ထိုစဉ်က မြို့ပေါ်ရှိ ဆိုးပေတို့အဖွဲ့၏ပါတီ အမှုဆောင်အချို့သည် သေနတ်ကိုယ်စီကိုင်လျက် ဆိုးပေနှင့်အတူ လိုက် ပါသွားခဲ့ကြရသည်။ ဆိုးပေသည် အိုင်ပီကြီးကိုပြောလေသည်။

"ဦး သိပ်ပြီးတော့ စိတ်ဆင်းရဲခံ အပင်ပန်းခံမနေပါနဲ့၊ ကျွန်တော် တို့နယ်ကိုလည်း ဆင်းလာဖို့မလိုပါဘူး။ ဒီနယ်မှာ လက်နက်တွေ တပ် ရင်းတစ်ရင်းစာလောက်ရှိတယ်။ ၃၀၃ ကျည်ဆံနဲ့ပစ်တဲ့ စက်သေနတ် ချည်း ခံစစ်မှာသုံးတဲ့အမျိုးအစားရော၊ တိုက်စစ်မှာသုံးတဲ့ အမျိုးအစားရော စုစုပေါင်း ၃၀ ကျော်လောက် ရှိတယ်လို့ကြားရကြောင်း၊ ကိုယ်တိုင်မသွား ဝံ့ကြောင်း။ ဝန်မင်းကိုယ်တိုင်ကြွလျှင် နောက်ကလိုက်မည်ဖြစ်ကြောင်း သာ အစီရင်ခံလိုက်ပါ။ ပြီးတော့ တကယ်လာမည်ဆိုရင်လည်း လူအင် အား လက်နက်အင်အား ဘယ်လောက်နဲ့လာကြမယ်၊ ဘယ်လမ်းတွေက ဘယ်လိုလာကြမယ်ဆိုတာ ကျွန်တော်တို့ကို အချိန်မီအကြောင်းကြားပေါ့"

အိုင်ပီကြီးသည် ဆိုးပေခိုင်းသည့်အတိုင်း အစီရင်ခံ၏။ ဟိုင်းက လည်း အချိန်ယူ၍ ဆိုးပေတို့ကိုတိုက်ခိုက်ရန် စီစဉ်၏။

ဆိုးပေတို့သည် ထိုစဉ်က တစ်ခါစစ်ပြင်ခဲ့ကြသည်။ သို့သော် ဝန် ကြီးတစ်နေရာ၌ တာဝန်ယူဆောင်ရွက်နေခဲ့သော ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ဆန်းသည် ဟိုင်းအား ၂၄ နာရီအတွင်း ချက်ချင်းပြောင်းရွှေ့သွား ရမည်ဟု အမိန့်ပေးလိုက်တော့၏။

စင်စစ် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်တို့၏အတွင်းသို့ဝင်၍ တော်လှန်ရေးတပ်ဦး စာတမ်းပါအတိုင်း တိုင်းပြည်အတွက် ဆောင်ရွက် နေခြင်းဖြစ်၏။ ထိုစဉ် ဆိုးပေတို့ကလည်း ကျွန်တော်တို့ ဘာမျှမလုပ်သေး ပါ။ တော်လှန်ရေးတပ်ဦးစာတမ်း၌ ပါသည့်အတိုင်း အကြောင်းပေါ်ပေါက်

mgyoe.com

mgyoe.com

လာက အပြင်မှတိုက်ခိုက်ရန် အချိန်ရသရွေ့ အင်အားစုရုံးထားခြင်းမျှ ဖြစ်ပါသည်" ဟု ခပ်ပေကပ်ကပ်ပြော၏။

တော်လှန်ရေးတပ်ဦးစာတမ်း၌ ဗမာပြည်ကို အင်္ဂလိပ်တို့က လွတ်လပ်ရေးမပေးပါက ယခုတော်လှန်တိုက်ခိုက်သောအင်အားစုနှင့်တကွ ဗမာတစ်မျိုးသားလုံးတို့သည် အချို့က အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်ကာ လွှတ်တော်ဝင်အမတ်များ၊ ဝန်ကြီးများနေရာတို့ကို အရယူလျက်၊ ဗမာပြည်၏ လွတ်လပ်ရေးအတွက် ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်စဉ် အချို့က နိုင်ငံရေးသမားများအသွင်ကို ယူလျက် ဗမာတိုင်းသူပြည်သားတို့ကို မိမိတို့၏နောက်၌ တစ်စည်းတစ်လုံးရှိစေ၍ လွတ်လပ်ရေးရရှိရန်အတွက် သပိတ်မှောက်ခြင်း၊ ဆန္ဒပြကြွေးကြော်တောင်းဆိုခြင်း စသည်တို့ကိုပြုရမည်။ ကျန်တစ်ဖက်မှ လက်နက်ကိုင် တော်လှန်တိုက်ခိုက်ကြရမည်။ အကယ်၍ လက်နက်ကိုင်တော်လှန်တိုက်ခိုက်သူတို့ အကြောင်းကြောင်းတို့ကြောင့် အရေးရှုံးနိမ့်ပါက ထိုသူတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊ လွှတ်တော်အမတ်များ၊ ဝန်ကြီးများနှင့် နိုင်ငံရေးသမားတို့က စည်းရုံးထားသော တိုင်းပြည်လူထုတို့နှင့် နိုင်ငံရေးသမားတို့က စည်းရုံးထားသော တိုင်းပြည်လူထုတို့နှင့်အင်အားပြ၍ တောင်းဆိုကြရမည်စသော အဓိပ္ပာယ်မျိုးဆောင်ယူသည့် စကားလုံးများ တိုက်ရိုက်ပါရှိ၏။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကလည်း သည်ကောင်တွေ ပေကပ်ကပ်လုပ်နေကြသည်ဟု မပြောသာ။

သို့သော် အင်္ဂလိပ်ဘက်တော်သားစစ်စစ်ဖြစ်သော ဟိုင်းလိုလူမျိုးက ဤကိစ္စတွေကို တမင်အကောင်အထည်ပေါ်အောင်ဖော်ရန် ကြိုးစားသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ကာကွယ်ပေးရ၏။

ဟိုင်းတို့ကဲ့သို့သော အမှုထမ်းမျိုးတို့၏ နောက်ကွယ်၌လည်း ဗိုလ်ချုပ်အောင်ဆန်းကိုပင်လျှင် မကျေနပ်ပဲ အစိုးရအဖွဲ့ထဲမှ နုတ်ထွက်သွားကြသော ကွန်မြူနစ်များက အားပေးကူညီလျက်ရှိနေရာ၊ မြန်မာလူမျိုးထဲ၌ အာဏာအရှိဆုံးနေရာကို ရယူထားသည့် ဗိုလ်ချုပ်အောင်ဆန်းကိုပင်လျှင် ပမာမပြု လုပ်ရဲပြုရဲလာကြ၏။

အမှတ်မထင်မနေဘဲ မိမိတို့၏အခြေအနေကို တမင် မပေါ် ပေါ်

mgyoe.com

အောင် လာရောက်လှုပ်ရှားနေသော ဟိုင်းကို တိုက်ခိုက်ပစ်လိုက်တော့ မည်ဟု ဆိုးပေက ကြေညာ၏။ ဟိုင်းမှာ ကြီးကျယ်သော ပုဂ္ဂိုလ်တစ်ယောက် မဟုတ်သော်လည်း လက်နက်ကိုင်အမြောက်အမြားတို့ဖြင့် လှည့်လည် သွားလာနေသောကြောင့် ဟိုင်းကိုတိုက်က အတော်အတန် ပြင်းထန်သည့်တိုက်ပွဲဖြစ်ရပေတော့မည်။ အကင်းပါးသော ဟိုင်းသည် တစ်ခါတစ်ရံ ဆိုးပေတို့နယ်စပ်ရှိ ကျေးရွာများသို့လာ၍ ရွာတစ်ခုလုံးကိုဝိုင်းလျက် လက်နက်ပုန်းရှာတတ်၏။ ထိုအခါမျိုး၌ ဟိုင်း၏နောက်တွင် မော်တော် သုံးစင်းနှင့် လက်နက်ကိုင် ငါးဆယ်ခန့်ပါတတ်၍ ထိုအထဲ၌ 'ဘရင်းဂန်း' (စက်သေနတ်) နှစ်လက်မှ သုံးလက်အထိ ပါလာတတ်သည်။

ဟိုင်း အမှုထမ်းသည်မှာ ဖျာပုံခရိုင်၌ဖြစ်သော်လည်း ဟိုင်းကို အားပေးနေသူမှာ ပူပူနွေးနွေး စစ်တပ်မှထွက်လာသည့် မေဂျာဟောင်းတစ်ဦးဖြစ်သော ဟံသာဝတီခရိုင်၌တာဝန်ယူရသည့် နာမည်ကြီးအရေးပိုင် ဖြစ်လေသည်။ ဆိုးပေ၏တပ်ဖွဲ့များသည် ကွမ်းခြံကုန်းမြို့နှင့်တိုး စသည့် ပင်လယ်ကမ်းခြေရွာတို့၌လည်း အခြေစိုက်လျက်၊ တစ်ချိန်မပေါ် တစ်ချိန် ပေါ်မည့်အခြေမျိုးသို့ ဆိုက်ရောက်နေရသည်။

ထိုအချိန်တို့၌ ကိုဇော်ဖေသည် ကွန်မြူနစ်များဖြစ်နေကြသည့် မိမိ၏ညီများ အစ်ကိုများကိုမျှ အသိမပေးဘဲ ဟံသာဝတီခရိုင်အတွင်းရှိ ဆိုးပေ၏ ပြောက်ကျားတပ်ဖွဲ့များကို ကိုယ်ဖိရင်ဖိအကူအညီပေးခဲ့လေသည်။ ဆိုးပေတို့ အင်အားရှိခြင်း၊ အကူအညီရခြင်းတို့သည် မြန်မြန်အကောင်အထည်ပေါ်လာစေမည့်အကြောင်းရင်းပင်ဖြစ်၏။ သို့သော် ဆိုးပေတို့ အင်အားရှိနေမှုကို တားဆီးထား၍မဖြစ်။ ထို့ကြောင့် ဆိုးပေတို့ကို မြန်မြန်မြင်သာအောင် ဖော်ထုတ်နေသော ဟံသာဝတီအရေးပိုင်နှင့် ဖျာပုံခရိုင်မှ ရာဇဝတ်ဝန်ထောက် ဟိုင်းကို အမြန်ဆုံးပြောင်းရွှေ့ပစ်လိုက်ရန် လိုအပ်လာ၏။

ဗိုလ်ချုပ်အောင်ဆန်းက ဟိုင်းကိုပြောင်းရန် အမိန့်ပေးသည်။ ဟိုင်းက မပြောင်း "မိမိနေရာ၌တာဝန်ဆောင်ရွက်ရမည့် အရာရှိမရောက်လာသေး၍ စောင့်ဆိုင်းနေပါသည်။ ရောက်လာလျှင်လာခြင်း ပြောင်းပါမည်" ဟု အကြောင်းပြန်၏။

mgyoe.com

mgyoe.com

အုပ်ချုပ်ရေး စက်ယန္တယားကြီးအတွင်းရှိ မဟာမိတ်အင်္ဂလိပ်တို့၏ ကျေးဟောင်းကျွန်ဟောင်း ဘက်တော်သားကြီးတို့က ဟိုင်း ချက်ချင်း မပြောင်းရွှေ့ရစေရန်၊ တမင်ညစ်၍ ဟိုင်းနေရာသို့သွားရမည့် 'လူစား' ကို လွှတ်မပေးဘဲထားခြင်းဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့်လည်း "အင်္ဂလိပ်တို့ကို ဗမာတို့က စတင်တော်လှန်နေပြီ" ဟု လောလောဆယ်မဖြစ်လိုသေး၊ ဖြစ်လာပါက တပ်ကြွင်းတပ်ကျန်တို့ဖြင့် အင်္ဂလိပ်တို့က အပြင်းအထန်ဖိသော် စစ်ဒဏ် ခံနေကြရသော စစ်ပန်းနေကြရသော ဗမာအများစုအဖို့ တာရှုမရအောင် စိတ်ဓာတ်ပျက်ပြားကုန်နိုင်၏။ သို့သော် တိုက်ခိုက်ရန်စိတ်ထက်သန်နေသော မိမိတို့၏အင်အားစုကလေးများကိုလည်း ဖျက်မပစ်လို။ ထိုအင်အားစုကလေးမျိုးမျှ ရလေအောင် မည်မျှလုံးပမ်းကြရကြောင်း ဗိုလ်ချုပ်အောင်ဆန်း သိ၏။

ထိုတက်ကြွသော အင်အားစုကလေးကို ဆိုးပေတို့ရှိရာမြို့သို့ အရောက်၊ ဆိုးပေတို့အဖွဲ့သား ဦးလှမောင် (ယခုသံအမတ်ကြီး) နှင့်အတူ ကိုယ်တိုင်သွားရောက်ကြည့်ရှုပြီးလည်းဖြစ်၏။ တစ်မြို့လုံးကို လက်နက်ဖြင့် ဖုံးမတတ် ဆိုးပေတို့လူစုတွေချည်း စောင့်ကြပ်နေကြ၏။ အစိုးရ၏ ရဲအဖွဲ့ဝင်တို့ကား နာမည်ခံမျှသာဖြစ်လျက် အဝေးမှ အရိပ်အခြေကြည့်နေရုံမျှသာ ...။

ထို့ကြောင့် ဆိုးပေတို့အင်အားစုကလေး မပျက်ပြားစေရန် ဟိုင်းကို ပြောင်းရွှေ့စေပြန်၏။ ဟိုင်းကမပြောင်း၊ မပြောင်းရုံမျှမက ဆိုးပေတို့ကို ရပ်လုံးဖော်ရန်အတွက် ဆိုးပေတို့နယ်ထဲကို လာတော့မည်ဆိုနေ၏။ ဆိုးပေတို့၏ရွာတွေမှ လက်နက်တွေကို လာရောက်သိမ်းတော့မည်ဆိုနေ၏။ ဆိုးပေတို့မြို့ပေါ်ရှိ ဗမာဖြစ်နေသော ကပြားအိုင်ပီကြီးအား ဆိုးပေတို့၏ လူအင်အား လက်နက်အင်အားတို့ကို စုံစမ်းအစီရင်ခံရန် စေခိုင်းပြီးခဲ့၏။ ထို့ပြင် ဟံသာဝတီခရိုင်မှ အကူအညီပေးလိုက်သော လက်နက်ကိုင်များလည်း ဟိုင်း၏အထံသို့ ရောက်ရှိနေပေပြီ။

ဤတွင် ဆိုးပေတို့ကလည်း ရန်ကုန်သို့ဆက်သားလွှတ်လိုက်၏။ "ကျွန်တော်တို့ တတ်နိုင်သမျှရှောင်မည်၊ ရှောင်၍မရလျှင် ချတော့မည်။

mgyoe.com

ဟိုင်းတို့ ကျွန်တော်တို့အထံမှ လက်နက်တွေကို သိမ်းယူရန် အင်အားစုနေပြီ၊ မနက်ဖြန် မလာဖြစ်က သန်ဘက်ခါ လာဖြစ်လိမ့်မည်ထင်သည်" ဟု အကြောင်းကြား၏။

သို့သော် ဆိုးပေတို့က ရှောင်ဖို့ထက် တိုက်ဖို့ကို အစီအစဉ်ပြုထား၏။ ဟိုင်းတို့ရောက်လာက အိုင်ပီကြီး မစ္စတာဆင်မဆင်အား "၎င်း သိထားသော ကျေးရွာကိုသာ ညွှန်ပြလိုက်ပို့ပေးပါရန်" ပြောကြားထား၏။ "ထိုကျေးရွာမှ ကျောင်းမှန်းကန်မှန်းသိအောင် အကြီးအကျယ်ခံပြပါ့မည်" ဟု ဆိုထား၏။ သို့သော် အကယ်စင်စစ်ကား ထိုကျေးရွာ၌ ရိုင်ဖယ် ၁၀ လက်ခန့်သာ ချန်ထား၍ အခြားအင်အားရှိသော လက်နက် လူသူတို့အား၊ ထို မစ္စတာဟိုင်းတို့ ရပ်နားသတင်း စုံစမ်းရမည့်ကျေးရွာများသို့ ဖြန့်ခွဲရွှေ့ပြောင်းထားပြီးဖြစ်ကြ၏။

ထို့ပြင် ဟိုင်းတို့ထွက်လာသည်နှင့် မြို့ကိုသိမ်းထားရန်လည်းကောင်း၊ အခြားမြို့နယ်များသို့သွားရောက်နိုင်သည့် အရေးပါသော လမ်းပေါက်အားလုံးတို့အား ပိတ်ဆို့တားဆီးထားရန်လည်းကောင်း၊ တပ်ဖြန့်စေခိုင်းပြီးဖြစ်၏။

ထိုစဉ်အခါက မြို့နယ်ပါတီအမှုဆောင်အချို့တို့သည် ပြောက်ကျားနှင့် ပြည်သူ့စစ်တပ်ဖွဲ့တို့၏ ခေါင်းဆောင်များ ဖြစ်ကုန်ကြရလျက် တာဝန်အသီးသီးတို့ကို ခွဲဝေယူထားခဲ့ကြရလေသည်။ သို့သော် ဟိုင်းသည် မလာဖြစ်ခဲ့။ ဖဆပလဉက္ကဋ္ဌလည်းဖြစ်သော၊ သက်ဆိုင်သည့်ဝန်ကြီးတစ်ဦးလည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက ကျိုက်လတ်မြို့၌ တပ်စွဲနေသည့် ဟိုင်းအား "၎င်းအတွက် လူစားရောက်လာသည်အထိမစောင့်ဘဲ ယခုအမိန့်စာကိုရက ၂၄ နာရီအတွင်း ရန်ကုန်သို့ လာရောက်သတင်းပို့၍ သရက်ခရိုင်သို့ပြောင်းရမည်" ဟု အမိန့်ချမှတ်လိုက်၏။

ဆိုးပေ၏လူများသည် တိုက်ခိုက်ရန်အသင့်နေရာယူ စောင့်ဆိုင်းပြီးကြပြီးမှ မတိုက်လိုက်ကြရဘဲ တပ်များကို ပြန်၍ ရုပ်သိမ်းလာခဲ့ကြရ၏။ ပြေးခုန်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်လေ့ကျင့်ပြီး နာမည်ပေးသွင်းပြီးမှ မိမိစံချိန်ကို မိမိသိထားလျက်နိုင်မည်ဟု သေချာပါလျက်၊ ပယ်ဖျက်ခြင်းခံလိုက်ရသည့် ကစားခုန်စားသမားကဲ့သို့ ဖြစ်ကုန်ကြ၏။

mgyoe.com

mgyoe.com

သို့သော် ဆိုးပေက လေချိုဖျန်းထား၏။ "ဒီအင်္ဂလိပ်တွေကို တို့ တိုက်ကြရမှာပါကွာ၊ အချိန်မသင့်တော်သေးလို့ပါ၊ ဒီအတွင်း ငါတို့ရဲ့ အင်အားကို ပိုပြီးကြီးထွားအောင် စည်းရုံးမှု၊ လေ့ကျင့်မှုတွေ လုပ်ထားကြပေါ့။ အခုထက်ပိုပြီး တို့ပိုင်နက်တွေကို ကျယ်ပြန့်အောင်လုပ်ထားကြပေါ့"

သို့ဖြင့် သူတို့ တစ်နေ့ တိုက်ခွင့်ရနိုး၊ တစ်နေ့ တိုက်ခွင့်ရနိုး စောင့်ဆိုင်းလာခဲ့ကြ၏။ လတွေ ညောင်းလာခဲ့ကြ၏။ လူတွေပျင်းလာခဲ့ကြ၏။ ယခု ရန်ကုန်မှ ဆိုးပေဆီသို့ စာတစ်စောင်ရောက်လာ၏။ ဆိုးပေ၏မျက်နှာ ကိုယ်ဟန်အမူအရာတို့လည်း အားလုံး ပြောင်းလဲရွှင်မြူးလာ၏။

ငါတို့ တိုက်ကြခိုက်ကြရတော့မလား ...

မဟုတ်ပါ၊ ခင်ဗျားတို့ ဆက်လက်ဆောင်ရွက်ကြပေတော့၊ ကျွန်တော်တော့ အနားယူပါတော့မည်တဲ့ ...။

အမျိုးသမီးအချို့နှင့် ရဲဘော်လုပ်ဖော်ကိုင်ဘက်အချို့တို့သည် စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ ဆိုးပေ၏ပြုံးစနဲ့နဲ့ မျက်နှာကိုကြည့်လျက် မျက်ရည်လည်နေကြ၏။

"ဒီလိုပေါ့ဗျာ ... ဘယ်တတ်နိုင်တော့မလဲ ... အကယ်လို့ လွတ်လပ်ရေးရဖို့ တိုက်ယူရန် လိုလာပြန်တယ်ဆိုရင်တော့ ကျွန်တော် ရောက်လာဦးမှာပေါ့ဗျာ ... အဲဒီလို မလိုတော့ဘူးဆိုရင်တော့ ပန်းချီရေး၊ စာရေး၊ ပြဇာတ်၊ ရုပ်ရှင်လုပ် အဲဒါပဲ ကျွန်တော် လုပ်ချင်တာပါပဲ ...."

ဆိုးပေက အပြုံးနှင့်အတူ ပင့်သက်ကို မသိမသာမှုတ်လျက် တစ်ဖက်သို့လှည့်လိုက်၏။ ဆိုးပေတို့၏ ပါတီရုံးကိုဖွင့်ရန် တိုက်ခန်းပေးထားသော တိုက်ရှင် 'ဓားမကြီး' ဆိုသူက နိုင်ငံရေးသမား လူထွက်ကလေးကို မိမိကိုယ်တိုင် ချက်ထားသော ချက်အရက်ကလေးဖြင့် ဧည့်ခံရန်ဟု ကြိုတင်ပြောထားသည့်အတိုင်း အပေါက်ဝမှ လာစောင့်၏။ ထိုစဉ် အပြင်ဘက်ဆီမှ ခပ်ဝဝ၊ အသားညိုညို လူလုံးလူထည်ကြီးကြီး မျက်နှာစိမ်းတစ်ယောက် ဝင်ရောက်လာတော့သည်။

ဘိုကလေးမြို့မှ မီးသတ်အဖွဲ့ခေါင်းဆောင် 'ကိုအောင်စိန်' ဆိုသူပါတည်း။

●

mgyoe.com

mgyoe.com

(၂)

ကိုအောင်စိန်သည် အခြားသူတို့နှင့် မျက်နှာစိမ်းဖြစ်သော်လည်း ဆိုးပေနှင့်မျက်နှာစိမ်းမဟုတ်၊ ဂျပန်တော်လှန်ရေး အချိန်အတွင်း ဆိုးပေတို့ ဘိုကလေးမြို့၌ နေကြသောအခါ ကိုအောင်စိန်တို့၏ပွဲရုံကြီးသည် ဆိုးပေတို့၏တည်းအိမ် ခိုအိမ် စားသောက်အိမ်ဖြစ်ခဲ့လေသည်။ ထို့ပြင် အရေးတော်ပုံပြီးလျှင်ပြီးချင်း ဂျပန်တွေ လက်နက်ချ၍ တပ်မတော်တွေ မြို့ပေါ်သို့ ရောက်လာသည့်အချိန်က ကိုအောင်စိန်တို့ ရှင်ပြုအလှူကြီး တစ်ခု လုပ်ကြသည်။ ထိုအလှူကြီးကို ပွဲတော်အချိန်နှင့်တိုက်၍ လုပ်ပြီး လျှင် ဖျာပုံရာမဇာတ်နှင့် ရိုးရိုးဇာတ်ပွဲတစ်ခု ကစေသည်။

ထိုဇာတ်ပွဲတို့အပြင် ကိုအောင်စိန် ဖွဲ့စည်းထားသော မီးသတ်အဖွဲ့ နှင့် ဘုံဝါဒလူငယ်များအဖွဲ့ကလည်း ၎င်းတို့ကိုယ်တိုင် ပါဝင်သော ပြဇာတ် တစ်ခု ပြုလုပ်ကပြချင်နေကြပါသည်ဟု ဆိုလာရာ၊ ဆိုးပေက ပြဇာတ် တစ်ပုဒ်ရေးပေး တိုက်ပေးခဲ့သည်။ ထိုပြဇာတ်၏အမည်မှာ ခဝဲပွင့်ချိန်ဖြစ် ၏။ နောက်ခံ 'ဆုံလည်' ကားကြီးနှင့်တကွ ဇာတ်လမ်းရေးပြီးတိုက်ပြီး သီချင်းစပ်ပြီး အားလုံးအချိန် ဆယ်ရက်မျှသာရသည်။

နောက်ခံရှုခင်းကားတို့ကို ယခုကျောင်းဆရာ ဘိုကလေး ကိုကျော် လှိုင် ပန်းချီက ရေးသည်။ ဆိုးပေကိုယ်တိုင်လည်း တောင်ခြစ်မြောက်ခြစ် ဝင်၍ခြစ်သည်။ တေးသီချင်းများကို ဆိုးပေက စာသားပေး၊ ကိုညွန့်ကြည် (ယခု ရန်ကုန်ယဉ်ကျေးမှုဌာန တီးဝိုင်းအလုပ်သမား) က ရေးသည်။ အဝင် အထွက်နှင့် နောက်ခံတီးလုံးများကို (ယခု ဘိုကလေးတင့်အောင်ခေါ် ကို

mgyoe.com

mgyoe.com

မောင်မောင်နှင့် ယခု ဂီတလုလင် မောင်ကိုကိုခေါ်) မောင်ကိုကိုတို့က စီစဉ်ရသည်။ ထိုစဉ်က မောင်ကိုကိုသည် ဆယ်နှစ်၊ ဆယ့်တစ်နှစ်မျှသာ ရှိပေဦးမည်။ ဝါးပတ္တလားနှင့် စန္ဒယားကို တီးဝိုင်းခေါင်းဆောင်အဖြစ် တီးနေပေပြီ။

'ခဝဲပွင့်ချိန်ပြဇာတ်' ကသောအခါ၊ လူတွေက ကြိတ်ကြိတ်တိုး စည်လှ၏။ ပြဇာတ်ပေါ်မှလူများ ဘာတွေပြောနေကြသည်ကို ပွဲကြည့်ပရိသတ်က လုံးဝမကြားရ။ ပြဇာတ်ဆရာ ဆိုးပေ၏ အော်သံဟစ်သံဖြင့် "ဘယ်သူတွေထွက်ဟေ့၊ ဘယ်သူတွေဝင်ဟေ့၊ ဘယ်သူတွေ အသင့်ပြင်ထားဟေ့၊ တီးဝိုင်းဘာတီး မီးကဘာရောင်ထိုး၊ အခန်းပြောင်းတော့၊ ဟေ့ ဝိုင်းလှည့်ပါဟ ဘာလုပ်နေတာလဲ"ဟူသောအသံတွေသာ ပရိသတ်က ကြားနေကြ၏။

အခန်းပြောင်းတိုင်း ဆုံလည်ကားကြီးက လည်လာ၍ စားပွဲတွေ ကုလားထိုင်တွေနှင့် ဇာတ်ကောင်တွေပါ စည်းလိုက်ရင်း ပေါ်လာသော အခါ အောက်မှ ပွဲကြည့်ပရိသတ်တို့က "ဟေး ..." ဟု တညီတည်း ညာသံပေးလိုက်ကြ၏။ ထို့နောက် ကာလသားများနှင့် ဘုန်းတော်ကြီးများက "နီတယ် ... စိမ်းတယ် ... ဟော ... ဝါတယ်" ဟု မီးရောင်ပြောင်းသည်ကို လိုက်၍အော်နေကြ၏။

မိမိတို့အရပ်ပြဇာတ်ဖြစ်သောကြောင့် ပရိသတ်က ပြန်မသွားကြသော်လည်း၊ ပြနေသည့်ပြဇာတ်ကို အားပေးနေကြခြင်းမဟုတ်ကြ၊ လူတွေကိုသာ အားပေးနေကြခြင်းဖြစ်၏။

"ဟော ... ဘယ်သူထွက်လာပြီ၊ အမယ် မဆိုးပါလားဟေ့ မင်းက ဒီအထဲမှာ မင်းသားလား၊ ဖြစ်ထိုက်တယ်ကွ၊ အားမငယ်နဲ့ မင်းကလူချောဘဲ၊ မင်းသားလုပ်နေပြီးမှ လုံချည်ကြီးနဲ့ ထွက်မလာနဲ့ကွာ၊ ရှမ်းဘောင်းဘီကလေး ဘာကလေး ဝတ်လာမှပေါ့၊ ဟာ ... ဟိုဘက်က ထွက်လာတာ မင်းသမီးလား၊ အောင်မယ် အခုလိုတော့ အချောဘဲဟေ့၊ တို့တောင် မမှတ်မိဘူး လိုက်တယ်ကွာ မင်းတို့နှစ်ယောက်၊ ဟေ့ မင်းသားဆွဲပြီး ဖက်ပြလိုက်ကွာ၊ မင်းတို့ပြောနေတာ မကြားရဘူးကွ၊ တို့အချင်းချင်းတွေပဲ ရှက်စရာရှိတာမှတ်လို့၊ လုပ်ပါကွ လက်ကိုဆွဲလိုက်စမ်းပါ၊ အေး ... ဟုတ်ပြီ

mgyoe.com

mgyoe.com

ဟုတ်ပြီ ...၊ အာ ... တယ်ရော်တာကိုကွ၊ လက်ဆွဲပြီး ခါးဖက်လိုက်မှပေါ့"

ပွဲခင်းထဲမှ ဝိုင်းအော်နေကြသော အသံများဖြစ်၏။ ပွဲခင်းတစ်ခုလုံး ဤလိုအသံတွေနှင့် တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေကြရာ၊ ဇာတ်ခုံပေါ်မှ ဇာတ်ကောင်တွေ ပြောနေကြသည့် စကားကိုလည်း ပွဲခင်းထဲမှ ကောင်းကောင်းမကြားရ၊ ဇာတ်ကောင်တွေကလည်း အရုပ်သူအရုပ်သားများ ဖြစ်နေကြသောကြောင့် ထူပူသောမျက်နှာတို့ဖြင့် ပွဲခင်းကြီးမည်သို့ဖြစ်နေသည်ကို ရဲရဲမကြည့်ဝံ့၍ မသိမမြင်ကြ၊ ဇာတ်ကောင်အားလုံး မိမိတို့ပြောကြရမည့်စကား၊ ဆိုကြရမည့်သီချင်းတို့ကို ဂရုစိုက်ရင်း၊ ဇာတ်ညွှန်းကိုကြည့်လျက် ထောက်ပေးနေသော ဆိုးပေ၏အသံကိုသာ နားစွင့်နေကြရလေသည်။

'ခဝဲပွင့်ချိန်' ဇာတ်လမ်းသည် သီချင်းတစ်ပုဒ်တည်းကိုသာ အားပြုထားရသော ဇာတ်လမ်းဖြစ်သည်။ တောသူကောင်မကလေးတစ်ယောက်ကို ကြိုက်၍ ယူလိုက်သဖြင့် မိဘတို့၏အမွေဖြတ်ထားခြင်းကို ခံရသော်လည်း တောရပ်တောရွာ၌ပင် သေသည်အထိ သစ္စာရှိရှိနေသွားသော မြို့ပေါ်က သူဌေးသားတစ်ယောက်၌ သမီးပျိုကလေးတစ်ယောက် ကျန်ရစ်ခဲ့သည်။ ထိုသမီးပျိုကလေးသည် မိဘနှစ်ပါးလုံး ဆုံးပါးသွားသည်ဖြစ်သောကြောင့် ဆင်းရဲလှသော ဘွားအေကြီးထံ၌ အတူနေကာ လယ်ယာလုပ်ငန်းတို့ကို လုပ်ကိုင်စားသောက်နေရသည်။ မိန်းကလေးသည် တောသူတောင်သားတို့ဘာဝ မိမိတို့အပျိုဖော်များနှင့်အတူ ကောက်စိုက်လိုက် စပါးရိတ်လိုက်ဖြင့် တပျော်တပါးပင် နေခဲ့သည်။ ခဝဲတွေပွင့်သောလ၌ မုန့်ဆန်းထောင်းစားကြရသည်မှာလည်း အလွန်ပျော်လှသည်။ အပျိုပေါက်ကလေးဖြစ်လာသောကြောင့် ကစားဖော် ယောကျ်ားကလေးတွေက မုန့်ဆန်းထောင်းကြရင်း စောင်းကာ ရိပ်ကာ လူပျိုစကားပြောလာကြသည်ကို ဧည့်ခံရသည်မှာလည်း ပျော်စရာချည်းဖြစ်လှသည်။

ထိုတွင် ဖခင်၏မိတ်ဆွေတစ်ယောက် တောသို့ရောက်လာရာ မိန်းကလေး၏ နောင်ရေးအတွက် မိန်းကလေးဖခင်၏ အစ်ကိုအရင်းရှိရာ မြို့သို့ လိုက်ပါရန် မိန်းကလေး၏အဘွားအား ပြောသည်။ မိန်းကလေး၏အဘွားသည် မိန်းကလေးကို ချစ်လှသောကြောင့် မခွဲလိုသော်လည်း မိန်း

mgyoe.com

 mgyoe.com


ကလေး၏ နေ့ာင်ရေးအတွက် မိန်းကလေးအား မြို့သို့ပို့ပေးလိုက်ရန် သဘောတူခဲ့သည်။

မြို့၌ရှိသော မိန်းကလေး၏ဘကြီးဖြစ်သူသည် မိန်းကလေး ဖခင် ညီဖြစ်သူ ရသင့်သည့်အမွေများကိုပါ ထိန်းသိမ်းထားခဲ့ရသည်ဖြစ်ရာ၊ ထို အမွေများဖြင့် မိန်းကလေးအား ကြည့်ရှုစောင့်ရှောက်မှု၊ ကျောင်းထားပေး မှု စသည်တို့ကို ပြုလုပ်ပေးလိမ့်မည်ဟု မိန်းကလေး၏မိတ်ဆွေက ပြောပြ သည်။ သို့ဖြင့် မိန်းကလေးအား ဖခင်၏ဆွေမျိုးရှိရာ မြို့သို့ပို့လိုက်သည်။

မိန်းကလေး၏အဖော် သူငယ်ချင်းတွေက မိန်းကလေးကို မျက်ရည် စက်လက်ဖြင့် ရွာပြင်သို့အရောက် လိုက်ပို့ကြသည်။ မြို့ရောက်၍ မြို့သူ ကြီးဖြစ်သောအခါ မိမိတို့ကိုမမေ့ရန် မှာကြ ကြားကြသည်။ "ညည်းမှာ ချမ်းသာလို့ ပိုက်ဆံတွေ အများကြီးရှိလာရင်၊ ငါ့အတွက် မစောမျက်နှာ ချေတစ်ထုပ်လောက် ဆက်ဆက်ဝယ်ပို့လိုက်စမ်းပါအေ" ဟူ၍လည်း ကောင်း၊ "ငါတို့ကိုတော့အေ မုန့်ဆန်းနဲ့ နယ်စားဖို့ သကြားကလေး အစိတ် သားပဲ ပို့လိုက်ပါတော့" ဟူ၍လည်းကောင်း တစ်ယောက်တစ်ပေါက် မှာ ကြသည်။

မိန်းကလေး မြို့သို့ရောက်သောအခါ 'ဘကြီးအရင်းတော်သူ၏ တိုက်အိမ်ကြီး၌ လမ်းပင်မလျှောက်ရဲအောင် ဖြစ်နေရသည်။ ကုလားထိုင် တွေပေါ်သို့ မထိုင်ဝံ့ဘဲ ကြမ်းပြင်ပေါ်သို့ ကျုံ့ကျုံ့ကလေး ထိုင်ချလိုက် သောအခါ၊ တဝမ်းကွဲသော မြို့သူညီအစ်မများက ဝိုင်းရယ်ကြသည်။ သူတို့သည် တောသူကလေးကို ဆွေမျိုးတော်ရမှာ ရှက်ကြသည်။ သူတို့ ၏ အမေကလည်း တောသူကလေးအား အိမ်စေသဖွယ်ကဲ့သို့ ထားသည် ဖြစ်ရာ မယားကြောက်ရသော တောသူကလေး၏ဘကြီးအရင်းက မည် သို့မျှမပြောဝံ့။

တောသူကလေးသည် မြို့နေလူတန်းစားနှင့် တောနေလူတန်းစား တို့ စိတ်စေတနာချင်း မည်မျှခြားနားကြောင်းကို ကိုယ်တွေ့သိလာရ၏။ မြို့၌ရှိသော တစ်ဝမ်းကွဲညီအစ်မများထက် ဘာမျှမတော်စပ်သော တောက သူငယ်ချင်းအဖော်တွေ၏ ခင်မင်ရင်းနှီးတတ်မှုတို့ကို ပို၍စဉ်းစားမိလာ ရ၏။ တောသူကလေးသည် မြို့၌ လုံးဝမပျော်တော့။

mgyoe.com

mgyee.com


မျက်စိနှစ်လုံးပွင့်သည့်အချိန်မှ မျက်စိနှစ်လုံးပိတ်သည့်အချိန်အထိ အလုပ်နှင့်လက်နှင့်မပြတ်၊ လွတ်လပ်ပျော်ရွှင်မှုလည်းမရှိ၊ အတော်ချည်း စိတ်ညစ်ညူးလျက်ရှိနေရ၏။

ရောက်လာပြီး နောက်တစ်ရက်ကတည်းက ဤအတိုင်းနေလာခဲ့ရာ၊ ယနေ့မှ တောသူကလေး လွတ်လပ်အနားရတော့၏။ တောသူကလေးနှင့် ညီအစ်မတော်သော အိမ်ရှင် မိန်းမပျိုကလေး၏ မွေးနေ့ပွဲဖြစ်သောကြောင့်ဖြစ်၏။ ထိုမွေးနေ့ပွဲ၌ မိမိတို့ထက်လှသော တောသူကလေးကို မိမိတို့အိမ်၌ မိမိတို့ဧည့်ခံပွဲသို့ လာရောက်ကြမည့် မိတ်ဆွေသူငယ်ချင်းများက တွေ့မြင်သိကျွမ်းသွားကြမည်ကို မဖြစ်စေလို၊ ထို့ပြင် မိမိတို့နှင့် ဆွေမျိုးတော်စပ်သည်ဟု ပြောရမည်ကိုလည်း ရှက်နေကြ၏။ ထိုဆွေမျိုးသည် တောသူမတစ်ယောက် မဟုတ်ပါလား။

ထို့ကြောင့် တောသူမကလေးအား ထိုနေ့တစ်နေ့လုံး "အပြင်သို့ထွက်မလာရ၊ ညည်းအခန်းထဲမှာ ညည်းနေရမည်" ဟု တစ်အိမ်လုံးက တားမြစ်ထားကြ၏။ ထို့နောက် တောသူမကလေး၏ ညီအစ်မတော်များဖြစ်ကြသော မြို့သူကလေးတို့သည် မိမိတို့မွေးနေ့ပွဲသို့ ရောက်လာကြသည့် အဖော်မိန်းကလေးများ၊ ကောင်ကလေးများအား ကျွေးလိုက်မွေးလိုက် သီချင်းဆိုလိုက် စန္ဒယားတီးပြလိုက်ဖြင့် အပျော်ကြီးပျော်နေကြ၏။

ထိုစဉ် တောသူမိန်းကလေးသည် ယခုမှ အချိန်အားရရှိလာသောကြောင့် မိမိတို့တောကိုတွေးရန် လွမ်းရန် အချိန်ရရှိလာတော့သည်။ အဘွားကို သတိရသည်။ သူငယ်ချင်းတွေကို အောက်မေ့သည်။ သူငယ်ချင်းတွေက ပေးလိုက်သည့် လက်ဆောင်ကလေးတွေကို ထုတ်ကြည့်သည်။ ဤလသည် စပါးပင်ကလေးတွေ ဖုံးသောလ၊ ကောက်ပင်ကလေးတွေပေါ်၌ နှင်းပေါက်ကလေးတွေ တွဲခိုနေသောလ၊ မုန့်ဆန်းထောင်းသော လ၊ ခဝဲပွင့်သောလ။

အခန်းကျဉ်းကလေးထဲ၌ တောသူမကလေးတစ်ယောက်ထဲ အဝေး၌ မြင်နေရသည့် ရှုခင်းကို ပြတင်းပေါက်မှ ငေးကြည့်ကာလွမ်းတနေသည့်အခန်းကို ပြထား၏။ ထိုစဉ် မြို့သူကလေးများ၏ အဖော်တွေနှင့် မြူးကြပျော်ကြ ဆူကြသည့်အသံကို နောက်ခံအဖြစ်ပေါ်လာစေလျက် ...၊ ဆုံလည်

mgyee.com

mgyoe.com

ကြီးကို လှည့်လိုက်၏။ မြို့သူကလေးက ကာလပေါ်သီချင်းတစ်ပုဒ်ကို စန္ဒရားတီးနေရာ အဖော်မိန်းကလေးနှင့် ယောကျာ်းကလေးတစ်ဦးက တွဲ၍ကလျက် အခြားအဖော်များကလည်း လက်ခုပ်တီးရင်း အခန်းထဲတွင် တစ်ပါတည်း ပါလာကြ၏။

အခန်း လေးခန်းပါသော ဆုံလည်ကြီးမှ တစ်ခန်းပေါ်တွင် စန္ဒရား တစ်လုံးနှင့် လူဆယ့်နှစ်ယောက်ခန့်တင်၍ တွန်းလှည့်လိုက်ကြသော ကြောင့် ကရင်း၊ ခုန်ရင်း စန္ဒရားတီးရင်း ပေါ်လာကြခြင်းဖြစ်၏။

ပရိသတ်က "ဟော့ ..." ဟု အော်လျက် အလွန်သဘောကျနေကြ၏။ ကောင်းသည်မကောင်းသည်ကို မစဉ်းစား၊ မိမိတို့အရပ်သားများ ပြုလုပ်ထားကြသည်ဖြစ်သောကြောင့် ဝိုင်းဝန်းအားပေးကြခြင်းဖြစ်၏။

ထိုအတွင်း ပြဇာတ်ဆရာ၏ သင်ကြားထားချက်အတိုင်း မြို့သူ ကောင်မလေး၏ ရင်းနှီးသော ခပ်ပေပေ ခပ်တူးတူး ဧည့်သည်ကောင် ကလေးက အိမ်ရှင်ကောင်မကလေး၏ စန္ဒရားကို အလွန်ပျော်ရွှင်စွာ ဝင် တီး၏။ တီးရသည့်သီချင်းကလည်း ထိုစဉ်က အလွန်ခေတ်စားလျက် လူ တိုင်းရနေကြသည့်၊ ရန်ကုန်တွင် ပြသသွားခဲ့သည့် နာမည်ကြီးပြဇာတ် တစ်ခုမှ သီချင်းတစ်ပုဒ်ဖြစ်၏။ ထိုသီချင်းကို တီးသူကတီး၍ ဇာတ်ခုံ ပေါ်မှ အခြားအဖော်များကပါ တပျော်တပါး လိုက်ဆိုကြရ၏။ ထိုအခါ ဇာတ်ခုံပေါ်မှ ဇာတ်ကောင်တို့သာမဟုတ်၊ ဝိုင်းဝန်းအားပေးလာကြသည့် ခပ်ထွေထွေဖြစ်နေကြသော ပွဲခင်းထဲမှအပေါင်းအသင်းတွေကလည်း ဝိုင်း လိုက်ဆိုကြ၏။ သီချင်းသည် ပျော်ရွှင်စရာ သီချင်းဖြစ်နေခဲ့ရာ ခပ်ထွေ ထွေမဟုတ်ကြသော ကျောင်းသားနှင့် ကျောင်းသားအရွယ်တို့ကလည်း အားကျမခံ လိုက်ဆိုကြပြန်၏။ ထိုအခါ ဇာတ်ခုံပေါ်မှ မြို့သူကောင်မက လေး၏ မွေးနေ့ပွဲသို့လာကြသော ဧည့်သည်အဖော်များအဖြစ် သရုပ် ဆောင်ကြရသည့် ငြိမ်ငြိမ်သက်သက် ထိုင်နေကြရသည့် အဖော်တို့ကပါ စိတ်ကြွပျော်ရွှင်လာကာ ဝင်ရောက် ကခုန်ကြတော့၏။ ပွဲခင်းနှင့်ဇာတ်ခုံ ကြီးသည် တသားတည်းဖြစ်၍လာလေပြီ။ သီချင်းကိုလည်း ကြည့်ပါဦး။

"မူးတယ် မူးတယ် ... အားကြီးမူးတယ်၊ မြမြဝင်းကို ငါယူမယ်"

မူးတယ် ... မူးတယ် ... အားကြီးမူးတယ် ... ဟောဟိုကောင်မ

mgyoe.com

mgyoe.com


ကလေးကို ငါယူမယ် ...၊ မောင်ချစ်တဲ့သူကလေးရယ်၊ သည်အနားကို လာစမ်းကွယ် ... (လာပါကွ ... ဟော့ ...)

မူးတယ် .... မူးတယ် ... အားကြီးမူးတယ်၊ မြမြဝင်းကို ငါယူမယ်၊ ဟော့ ... မူးတယ် ... မူးတယ် ... အားကြီးမူးတယ် ....၊ ဟောဟိုကောင်မကြီးကို ငါယူမယ် ..."

သီချင်းကား မဆုံးတော့ ... ရှေ့သို့လည်း မတက်တော့၊ ပွဲခင်းကြီးတစ်ခုလုံးကပါ ဝိုင်းလိုက်နေကြ၏။ ပွဲခင်းကြီးထဲကတွင်လား၊ မဟုတ်ပါ၊ ဇာတ်ခုံအတွင်းက မိမိတို့အလှည့် မရောက်ကြသေးသော အခြားဇာတ်ကောင်တို့ကပါ၊ ဝိုင်းလိုက်ဆိုနေကြ၏။ ထိုဇာတ်ကောင်တို့ကား ... တကယ်လည်း အတော်ကလေး ထွေနေကြသူများဖြစ်ကြသည်။

အယူသည်းမှုတို့ကို တော်လှန်လိုသော လူငယ်ဇာတ်ကောင်တို့ဖြစ်ကြသည့် စိန်ဘနှင့်အဖော်တစ်ယောက် (ယခု နာမည်မမှတ်မိတော့ပြီ) တို့သည် ရာမဇာတ်ဆရာတို့ ပွဲပေးဖယောင်းတိုင်ထွန်းလျက် တရိုတသေ ကိုးကွယ်သိမ်းဆည်းထားသော ရာမခေါင်းနှင့် ဒသဂီရိခေါင်း နှစ်လုံးကို တစ်ယောက်တစ်လုံးစီ ယူဆောင်ကြကာ၊ ဇာတ်ခုံအောက်၌ ပုန်းလျက် ပန်းချီဆရာ ကိုကျော်လှိုင်တို့နှင့်အတူ အရက်တွေသောက်ထားကြ၏။ သူတို့သည် သူတို့နှစ်ယောက်တည်းပင်လျှင် အရက်တစ်ပုလင်းခွဲခန့်နီးနီး ကုန်အောင် သောက်ထားကြသူများဖြစ်ရာ အတော်ကလေး ထွေနေကြ၏။

ထို့နောက် သူတို့၏ခေါင်းကြီးတွေကို မချွတ်ကြတော့ဘဲ အများသူတကာ ခိုင်းစေသမျှ တမင်လိုက်လုပ်ပေးနေကြ၏။ တမင် အစေအပါးခံနေကြ၏။ ဘုန်းတန်ခိုးကြီးလှသော ရာမသည် ဇာတ်ကောင်မင်းသမီးလဲသည့် ထမီကို ခေါက်သိမ်းပေးသောအခါ ဒသဂီရိကလည်း အားကျမခံ လူကြမ်းဇာတ်မင်းသမီး၏ထမီကို အလုအယက်ခေါက်ပေး၏။ ခေါက်ပေးရုံမျှသာမဟုတ် ခေါက်နေရင်းပင် ခေါင်းဆယ်လုံးအရုပ်ကြီးက နမ်းကြည့်ပြီး ထမိနှင့် မျက်နှာသုတ်လိုက်သေး၏။

ပြဇာတ်ပြုလုပ်မိသူ ကိုအောင်စိန်သည် မိမိ၏လူများကို မိမိမနိုင်တော့၊ မြန်မြန်ပြီးစီးပါစေတော့ဟု ရင်တထိတ်ထိတ်ဖြင့် ဆုတောင်းနေရ၏။ သို့သော် ရာမအဖွဲ့ပေါ်၌မူ ဩဇာရှိနေသေးသည်ဖြစ်ရာ မိမိကောင်

mgyoe.com

mgyoe.com

ကလေးတွေနှင့် မတည့်သော ရာမအဖွဲ့သားတို့အား ပြဇာတ်ကပြီးပါမှ ဇာတ်ခုံရှိရာသို့ လာရောက်ကြပါရန် တောင်းပန်ထားနိုင်၍ ဤဖြစ်ရပ်တို့ကို ရာမအဖွဲ့သားတို့ မမြင်မတွေ့ကြရသေးသောကြောင့် တော်သေး၏။

သို့သော် ပွဲခင်းတစ်ခုလုံး၊ ဇာတ်ခုံတစ်ခုလုံး အတွင်းရောအပြင်ပါ "မူးတယ် ... မူးတယ် ... အားကြီးမူးတယ် ..." စသဖြင့် အလွန်ပျော်ရွှင်လာကြသောအခါ၊ ဇာတ်ခုံတွင်းရှိ ကိုရွှေမူးတို့ကလည်း "မူးတယ် ... မူးတယ် ... အားကြီးမူးတယ်၊ ကြိုးကြာမယ်ကြီး ငါယူမယ်" ဟု ဖြစ်လာကြတော့၏။ (ကြိုးကြာမယ်သည် ထိုစဉ်က ရာမအဖွဲ့မှ မင်းသမီးဖြစ်၏) ထိုသီချင်းသံတို့နှင့်အတူ ဒသဂီရိခေါင်းကို ဆောင်းထားသည့် စိန်ဘနှင့် ရာမခေါင်းကို ဆောင်းထားသည့်အဖော်တို့က ဇာတ်ခုံတစ်ခုလုံး ပြောင်းဆန်သွားအောင် အတွင်းထဲ၌ နှစ်ပါးသွားအက ကပစ်လိုက်ကြ၏။ သီချင်းတစ်ပုဒ်ချတိုင်း ခေါင်းနှစ်ခု ဖက်၍ ဖက်၍ နမ်းပြကြ၏။

သီချင်းကား မဆုံးတော့၊ ပျော်သံဆူသံရယ်သံတို့သည် ပွဲခင်းကြီးတစ်ခုလုံး၊ ဇာတ်ခုံကြီးတစ်ခုလုံး အတွင်းရော အပြင်ပါ ဖုံးလွှမ်းနေ၏။ တခဲနက် ထွက်လာသော သံပြိုင်သီချင်းသံသည် ပွဲဈေးတန်းကြီးတစ်ခုလုံးရှိ မီးအိမ်တို့ကိုပင် လှုပ်ရှားစေအောင် ရိုက်ခတ်ကာ ပွဲဈေးရောင်းသူတို့ကိုပင် ဈေးရောင်းနေကြရာမှ လည်ပင်းဆန့်၍ လှမ်းမျှော်ကြည့်ကြစေအောင် ရိုက်ခတ်ကာ ကောင်းကင်ယံသို့ ပျံ့လွင့်တက်သွား၏။

ဇာတ်လမ်းအရ ထိုပျော်ရွှင်နေကြသည့် သီချင်းသံတို့အကြားသို့ မင်းသမီးဖြစ်သော တောသူကလေး၏ သီချင်းသံက တစ်စတစ်စ ထိုးဖောက် ပေါ်လွင်လာရမည်ဖြစ်၏။ ထိုအခါ ဇာတ်ခုံရှေ့ပိုင်း၌ သရုပ်ဆောင်နေကြသောသူတို့သည် တစ်ယောက်နှင့်တစ်ယောက် အချင်းချင်း ထိန်းသိမ်းငြိမ်သက်စေလျက်၊ နားစွင့်နားစိုက်နေကြရာမှ အိမ်ရှင်မိန်းကလေးများကို မေး၍ အိမ်ရှင်မိန်းကလေးက "အလကားပါ၊ အိမ်ကခိုင်းတဲ့ ကောင်မကလေးပါ" ဟု ဆိုနေသည့်အကြားကပင် ထိုကောင်မကလေးကိုခေါ်၍ သီချင်း ဆိုခိုင်းမည်ဟု ပြောကြလျက်၊ ထိုကောင်မကလေးရှိရာနေရာအခန်းသို့ အဖော်တွေက တပြုံကြီးဖြင့် ထွက်လာကြရမည်ဖြစ်၏။ ထိုအချိန်၌ ဆုံလည်ကြီးကို လှည့်ပေးလိုက်ကြသောအခါ၊ ဆုံလည်ပေါ်တွင် ပြုံတင်း

ပေါက်မှ မြင်နေရသော အပြင်ရှုခင်းကို ကြည့်လျက်၊ မျက်ရည်ကလေး စမ်းစမ်းဖြင့် သီချင်းသီဆိုနေရှာသော တောသူကောင်မကလေး ပါလာရမည်ဖြစ်၏။

ဇာတ်ကောင်မင်းသမီးအဖြစ် တောသူကောင်မကလေး ပြုလုပ်နေရသည့် မိန်းကလေးသည် တကယ်ငိုလုလုမျက်နှာဖြစ်နေ၏။ သူသည် ဤမျှ ဆူပူအော်ဟစ်နေသည့်အသံတွေအကြားသို့ မိမိ၏အသံကို ပေါက်ထွက်ပေါ်လွင်စေရန် မည်သို့မျှ မတတ်နိုင်ဘဲဖြစ်နေ၏။ အပြင်မှ အပျော်ကြီးပျော်နေကြသူတို့ကလည်း ပွဲကြည့်ပရိသတ်နှင့်အပြိုင် က၍ကောင်း၊ ဆို၍ကောင်း၊ တီး၍ကောင်းဖြစ်နေကြ၏။ သူတို့သည် နောက်ထပ်ထွက်လာလိမ့်မည့်အခန်းဆက်ကိုပင် မေ့နေပုံရလေသည်။

ဤတွင် ပြဇာတ်ဆရာဆိုးပေက မင်းသမီးဖြစ်သော မိန်းကလေးကို အတင်းအားပေး၏။

"ဟိတ် ... ဘာအားငယ်စရာရှိလဲ၊ အခုလိုပွဲခင်းကြီးတစ်ခုလုံးပါ မေ့ပြီး ပျော်နေတဲ့အချိန်မှာ မင်းအသံကို တကယ်ကြားလိုက်ကြရပြီး၊ တကယ်နားစွင့်လာကြပြီး တဖြည်းဖြည်း တိတ်သွားကြမယ်ဆိုရင် မင်းဒီပရိသတ်ကို တကယ်နိုင်လိုက်တာပဲ၊ အဲဒါဟာ မင်းအတွက် အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြစ်နိုင်ပြီဆိုတာကို စာမေးပွဲအောင်လိုက်ရတာနဲ့ အတူတူပဲ၊ အားမငယ်နဲ့ကွာ ပရိသတ်ကမကြားဘူးထင်ရင် ဟောဒီကန့်လန့်ကာကြားထဲက ဟစ်ဆိုလိုက်၊ အဲဒီအချိန်မှာ ဘာပဲဖြစ်ဖြစ် ဇာတ်စင်ရှေ့က ကောင်တွေနဲ့ ဆိုင်းတွေ ကြားလိမ့်မယ်။ ဒီအချိန်မှာ မင်းသီချင်းနောက်ကိုလိုက်လာပြီး မင်းသီချင်းအတွက် ဝိုင်းပို့ကြတဲ့အခါမှာ ပရိသတ်ပါ တဖြည်းဖြည်း တိတ်လိုက်လာပြီး မင်းကိုနားစွင့်မှာပါပဲ၊ ကဲ လာ လာ ဒီနားလာ ...."

ဆိုးပေက မင်းသမီးကို အတင်းခေါ်၍ အတင်းအားပေးနေ၏။ မင်းသမီးကလည်း ဆိုးပေ၏အသံကိုပင် မနည်းကြားအောင် နားထောင်နေရ၏။ ဇာတ်ခုံအတွင်းကလည်း "မူးတယ် မူးတယ်" ဖြစ်နေ၏။ ဇာတ်ခုံအပြင်ကလည်း "မူးတယ် ... မူးတယ်" ဖြစ်နေ၏။ ပွဲခင်းကြီးကလည်း "မူးတယ် ... မူးတယ်" ဖြစ်နေ၏။ ဆိုးပေက ဤသို့ဖြစ်သည်ကိုမတား၊

mgyoe.com

ဤသို့ဖြစ်နေသည်ကို တကယ်နိုင်အောင် ထိန်းပေးနိုင်လျှင် ပို၍အောင်မြင်သည်ဟု ဆိုနေ၏။ ထိုအခါ အတော်လွန်လွန်ကလေး မူးနေကြပြီဖြစ်သော ဒသဃဂီရိခေါင်းကို ဆောင်းထားသည့် စိန်ဘနှင့်ရာမခေါင်းကိုဆောင်းထားသော အဖော်ဖြစ်သူတို့မှာ ထိန်း၍မရတော့ပြီ။ တဝါးဝါး တဟားဟားဖြင့် ပွဲအကျကြီးကျလျက်ရှိနေကြလေပြီ။

သီချင်းနှစ်ကြိမ်မျှထပ်၍ ဆိုပြီးနေပြီဖြစ်သော မင်းသမီးသည် ဆိုးပေ၏။ အားပေးမှုကြောင့် ဆုံလည်ကြီးပေါ်မှဆင်းကာ ပရိသတ်ရှိရာသို့ ချောင်းကြည့်မြင်နိုင်သည့် ကန့်လန့်ကာအကြားသို့ သွား၏။

"ကိုအောင်စိန် ဒီလာဗျို့၊ တယောတစ်လက်ယူခဲ့ ... ကောင်မလေး အသံတယ်လို့ရအောင် ကြောင်းပေးကြရအောင်"

ဆိုးပေက "နေပစေ – ကိစ္စမရှိဘူး" ဆို၍သာ အောင့်နေရသည်။ ဇာတ်ခုံအတွင်းကိုရော၊ ဇာတ်ခုံအပြင်ကိုရော၊ ပွဲခင်းကြီးတစ်ခုလုံးကိုရော ထွက်ရိုက်ပစ်လိုက်ချင်သည့်စိတ်တွေ ပေါက်နေပြီဖြစ်သော ကိုအောင်စိန်သည် ဆိုးပေခေါ်လိုက်သောကြောင့်သာ တယောတစ်လက်ကိုဆွဲ၍ သွားလိုက်ရ၏။ စိတ်က တယ်ပြီးမကြည်သက်။

သီချင်းမှာ ၇ သံဖြင့်ဆိုရမည့် သီချင်းဖြစ်၏။ ဆူသံညံသံတွေ ကြားထဲ၌ ဆိုမည့်သူကလည်း နားစွင့်လိုက်၏။ ကိုအောင်စိန်ကလည်း ၇ သံကို တည်ရန် လက်ပေါက်စမ်း၍ အသံပျိုးလိုက်၏။ မိမိ၏တယောသံကိုပင် မိမိကြားနေရသည်ဟု ကောင်းကောင်းမထင်။ ကိုအောင်စိန်၏မျက်လုံးသည် နှစ်ပါးသွားကောင်းနေကြသော စိန်ဘတို့ ဒသဃဂီရိနှင့်ရာမဆီသို့ ရောက်သွား၏။ ဖြုန်းခနဲ ဘာမပြော ဘာမဆို လှည့်ထွက်သွားလိုက်ရာ၊ အကဲခတ်လိုက်မိသော ဆိုးပေက ကိုအောင်စိန်၏လက်ထဲမှ တယောနှင့် ဘိုးတံကို လုယူထားလိုက်၏။

ကိုအောင်စိန်သည် ဒသဃဂီရိကိုခြေထောက်နှင့်ကန်၍ ရာမ၏ဗိုက်ကို လက်သီးဖြင့်ထိုးပြီးလျှင်၊ ကျောကုန်းကြီးကိုလည်း ဖုန်းခနဲ ဖုန်းခနဲ မြည်အောင် ထုလိုက်၏။ ထို့နောက် အနီးတွင်ရှိသောသူတို့ကိုလည်း "ကဲ မူးအုံးဟာ၊ မူးအုံးဟာ" ဟု ပြောပြောထိုးထိုး လိုက်ထိုးတော့၏။

ဆိုးပေက ကိုအောင်စိန်ကို အတင်းဆွဲခေါ်လာရသည်။ ကိုအောင်

mgyoe.com

စိန်သည် ရယ်ဖြဲဖြဲနှင့် ကျန်ရစ်ကြသော မိမိလူများရှိရာသို့ လှည့်ကြည့် လှည့်ကြည့်ပြုရင်း၊ ရှုးရှုးရှဲရှဲမြည်ရင်း၊ လုံချည်ကိုပြင်၍ဝတ်ရင်း ဆိုးပေဆွဲခေါ်ရာသို့ ပါလာခဲ့၏။ ထို့နောက် ဆိုးပေက လက်ထဲထည့်ပေးလိုက်သည့် တယောကို ကောက်ကိုင်လိုက်၏။

ဇာတ်ခုံအတွင်းပိုင်းတစ်ခုလုံး ငြိမ်သွားလေပြီ။ ငြိမ်သည်ဆိုသော်လည်း တကယ်ငြိမ်ခြင်းမဟုတ်ကြ။ တစ်ယောက်နှင့်တစ်ယောက် တို့တို့ဆိတ်ဆိတ် လုပ်ကြကာ ကိုအောင်စိန်ကြီးကိုပြလျက်၊ အသံတိတ် နောက်ပြောင်နေကြခြင်းမျှသာ ဖြစ်ကြသည်။ သို့သော် မင်းသမီး ကောင်မကလေးအဖို့ အတော်ဆိုအားရှိလာ၏။ အသံစမ်း၍ တည်ပြီးသည်နှင့် ၇ သံမှတင်၍ ဟစ်လိုက်တော့သည်။

"နေစကြာရောင် ... ထိန်ထိန်ကြည် ... တိမ်နီ တိမ်ဝါ တိမ်ပြာတွေသမ်းပါတဲ့၊ ဆောင်းဦးစ ဗြိတ္တာရာသီ ... ခဝဲပွင့်ချိန်မှီ ...."

ဇာတ်ခုံအတွင်းမှ ဝုန်းဝုန်းဒိုင်းဒိုင်း၊ ဖြုန်းဖြုန်းဖြင်းဖြင်းအသံများကို ကြားလိုက်ကြရသောကြောင့်လည်းကောင်း၊ အတွင်းပိုင်းဘက်မှ တိတ်သွားကြသောကြောင့်လည်းကောင်း၊ မိန်းကလေးက ကန့်လန့်ကာအနီးမှနေ၍ အားစိုက်အော်ဟစ်လိုက်သောကြောင့်လည်းကောင်း၊ ဇာတ်ခုံ၏ ရှေ့ပိုင်း၌ရှိသော သရုပ်ဆောင်သူအချို့တို့ မိမိတို့ဆက်လက်ပြုလုပ်ကြရမည့် လုပ်ငန်းကို သတိရလာကြ၏။ အချင်းချင်း မသိမသာ သတိပေးကြကာ၊ တစ်စုံတစ်ရာ အသံကြားနေရသကဲ့သို့ နားစွင့်ပြကြ၏။ သို့သော် ပွဲခင်းကြီးထဲကမူ ယခုအထိ "မှူးတယ် ... မှူးတယ်" ပြုလုပ်နေကြဆဲ၊ မှူးကောင်းနေကြဆဲ။

သို့သော် ဇာတ်ခုံပေါ်မှ တစ်စတစ်စ ရပ်သွားကြသောအခါ ပွဲခင်းကြီးကလည်း ဇာတ်ခုံကို ဂရုစိုက်လျက်၊ တဖြည်းဖြည်း တိတ်၍နားစွင့်လာကြ၏။ ထိုစဉ် ခပ်သဲ့သဲ့ အသံစူးစူးကလေးတစ်ခုသည် ပွဲခင်းရှိရာသို့ မသိမသာ တိုးဝင်လာခဲ့သည်။

"စိမ်းနုရောင် သမ်းကာဝေလို့ကြည်၊ ငွေနှင်းဥကလေးတွေဟာ
သွယ်တန်းစီ၊ ကောက်ပင်ကလေးတွေပေါ်မှာ စီရရီတွဲလို့ချည်။
ဩော် ... ခဝဲပွင့်တဲ့ရာသီ၊ ခဝဲပွင့်ခဲ့ရှာပြီ၊ ခဝဲပွင့်ချိန်မို့ ဖြစ်အင်ရှေး

mgyoe.com

မြင်ကွင်းမိသည်။ လှဲ့ချစ်တဲ့ ရွှေတဆွဲမောင်ရဲ့ – မပေါ်လာအတော်ကြာ မျှော်ရှာနေရှာ့မည်။ လှဲ့ ချစ်တဲ့ ရွှေတဆွဲမောင်ရဲ့ မပေါ်လာ အတော်ကြာ မျှော်ရှာနေရှာ့မည် ..."

သီချင်းစာသား ဤနေရာသို့ရောက်သည့်အချိန်၌ အပြင်တွင်ရှိကြသော ဇာတ်ကောင်တို့ကလည်း အပြန်အလှန်မေးမြန်းပြောဆိုပြီးကြ၍ တောသူကောင်မကလေး သီချင်းဆိုရာကို အတင်းအဓမ္မ လိုက်ရှာကြရမည်ဖြစ်၏။ ဇာတ်ခုံအပြင်ဘက်ရှိ ဇာတ်ဆောင်တို့ကလည်း ကောင်မကလေးကို လိုက်ရှာရန် ထလာခဲ့ကြလေပြီ။

ကန့်လန့်ကာ၏အကြားမှ သီချင်းကို အာရုံစိုက်၍ သံကုန်ဆိုနေရှာသည့် မင်းသမီးက ဆုံလည်ကြီးပေါ်ရှိ မိမိထိုင်၍ သီချင်းဆက်ဆိုနေရမည့် အခန်းရှိရာသို့ ပြေး၍သွားပါ၏။ သို့သော် အနည်းငယ် နောက်ကျသွားသောကြောင့် ဆုံလည်ကြီးပေါ် ခုန်မတက်လိုက်ဝံ့။

ဇာတ်ခုံအတွင်းပိုင်းရှိ လူတို့ကလည်း ကိုအောင်စိန် ထိုးကြိတ်ကန်ကြောက်ထားသောကြောင့် အထူးဂရုစိုက်၍ ဝီရိယကောင်းလျက်ရှိနေကြရာ၊ အချိန်သို့ရောက်သည်နှင့် ဆုံလည်ကြီးအား ပြေး၍ တအားလှည့်ပစ်လိုက်ကြ၏။

ဤတွင် ကျန်ရစ်ခဲ့သော မင်းသမီးက ဘာလုပ်ရမည် မသိဘဲဖြစ်နေ၏။ သီချင်းဆိုရင်းပင် မိမိအခန်းရှိရာသို့ လျှောက်ဝင်သွားရမလားဟု မေး၏။

ဆိုးပေက "ဆိုသာဆို ဣန္ဒြေမပျက် ဆက်ဆိုနေ" ဟု ကမန်းကတမ်း ပြောရ၏။ ထိုစဉ် ပရိသတ်၏ရယ်သံကြီးကလည်း ပေါ်လာ၏။ ရှေ့ပိုင်းရှိ ဇာတ်ကောင်တွေထဲမှ တစ်ယောက်က "ကိုဆိုးပေ ... ကိုဆိုးပေ လုပ်ပါအုံး၊ ကျွန်တော်တို့ ဘာလုပ်ကြရမလဲ၊ စိန်ဘတို့နှစ်ယောက် အပြင်ပါလာကြတယ်" ဟု အရေးတကြီးပြော၏။

အဖြစ်ကား စိန်ဘနှင့်အဖော်သည် ကိုအောင်စိန် ကန်ကြောက် ထိုးကြိတ်လိုက်သောကြောင့် ဆုံလည်ကြီးပေါ်သို့ တက်ပြေးကြရင်း ငြိမ်နေလိုက်ကြ၏။ ထို့နောက် အလွန်အကျွံမူးနေကြသူများဖြစ်သောကြောင့် တကယ်အိပ်ပျော်သွားကြ၏။ ဆုံလည်ကြီးကိုလှည့်၍ မင်းသမီးအခန်းကို

mgyoe.com

ပြလိုက်သောအခါ၊ မင်းသမီး၏အခန်းထဲ၌ မင်းသမီးပါမလာတော့ဘဲ၊ ရာမနှင့်ဒသဂီရိတို့ တစ်ယောက်နှင့်တစ်ယောက် ဖက်ကြရင်း အိပ်ပျော်လျက်ပေါ်လာခဲ့၏။

ဤတွင် ရှေ့က ဇာတ်ဆောင်တို့က ဘာလုပ်ရမည်၊ ဘာပြောရမည် မသိဘဲ ဖြစ်နေကြ၏။ အချို့ဇာတ်ဆောင်မိန်းကလေးတို့က ပုံပျက်ပန်းပျက် အိပ်ပျော်နေကြသည့် စိန်ဘတို့ကိုကြည့်၍ ရယ်ကြ၏။ ထိုတွင် စိန်ဘတို့နှစ်ယောက် တကယ်နိုးလာကြကာ၊ ထထိုင်ကြလျက် ခပ်ကြောင်ကြောင်နှင့် ဟိုကြည့် သည်ကြည့် ဖြစ်နေကြ၏။

ရာမနှင့် ဒသဂီရိနှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ဖက်အိပ်နေကြရာမှ လူးလဲထကြကာ ခေါင်းကြီးတွေ တလှုပ်လှုပ်ဖြင့် ဟိုကြည့်သည်ကြည့် ကြည့်နေကြသည်မှာ ပရိသတ်က တကယ့်ဇာတ်လမ်းကိုမသိ၍ သိပ်မထူးခြားလှသော်လည်း ဇာတ်လမ်းကို သိနေကြသော ဇာတ်ကောင်တွေအဖို့ ရယ်စရာလည်းကောင်း၏။ စိတ်ပူစရာလည်း ကောင်း၏။ မည်သို့ပြုလုပ်ရပါ့မလဲဟု တွေးမရအောင် ဖြစ်နေကြ၏။ ပရိသတ်က ရယ်ကြခြင်းမှာ မည်သည့်အခါမျှမတည့်သော ရာမနှင့်ဒသဂီရိတို့ တစ်ယောက်နှင့်တစ်ယောက် ဖက်၍အိပ်နေသည်ကို တွေ့လိုက်ကြရသောကြောင့် ရယ်ခြင်းဖြစ်၏။ ဇာတ်ခုံရှေ့ရှိဇာတ်ဆောင်တို့က ရယ်လိုက်ကြခြင်းမှာ မဖြစ်သင့်တာတွေ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ကြရခြင်းကြောင့် ရယ်ခြင်းဖြစ်၏။

မင်းသမီးဆိုနေရသော သီချင်းကလည်း ဆုံးတော့မည်။ မည်သို့ပြုလုပ်ကြရမည်မသိ ဖြစ်နေဆဲ၊ ဆိုးပေသည် ကန့်လန့်ကာ၏အပြင်ဘက်သို့ ခေါင်းပြူကြည့်လိုက်၏။ စိန်ဘတို့က မိမိတို့ဆောင်းထားသည့် ခေါင်းကြီးများကို ချွတ်တော့မည်ကဲ့သို့ ပြုနေ၏။

"ဟေး ... ဟေး မချွတ်စေနဲ့ မချွတ်စေနဲ့၊ ပြော ... တစ်ယောက်က ပြော၊ တစ်ယောက်ကပြော ... ကြည့်စမ်း ဒီကောင်နှစ်ကောင် အစောချည်းကတည်းက သီချင်းသံကို လိုက်ရှာနေကြတာပေါ့ ... ဟုတ်လား၊ တို့ကိုတောင် မခေါ်ဘူး၊ တော်တော်ဆိုးတဲ့ကောင်တွေ မင်းတို့ ဒီခေါင်းစွပ်ကြီးတွေကကော၊ ဘယ်နေရာကဖြုတ်ပြီး စွပ်လာကြတာလဲကွ၊ သူများအိမ်က

mgyee.com

mgyoe.com

အလုအပထားတဲ့ပစ္စည်းတွေ မလုပ်ပါနဲ့ကွ၊ ပြန်ချိတ်ထားခဲ့ကြပါ။ လာတို့ သီချင်းသံကို လိုက်ရှာကြဦးစို့"

ဆိုးပေက သင်ပေး၏။ ဇာတ်ခုံရှေ့တွင် ထူပူနေကြသော ဇာတ်ကောင်တို့က ရုတ်တရက် မိမိတို့ကိုသင်ပေးနေသည်ဟု မသိ၊ ဇာတ်ခုံအနီးပွဲခင်းထဲရှိအဖော်အချို့က လှမ်းအော်မှသိကြ၏။ သိပြန်တော့လည်း အလုအယက်ပြောသကဲ့သို့ နှစ်ယောက်သုံးယောက်ပြိုင် ဝိုင်းလိုက်၍ပြောနေကြ၏။

ထိုစဉ် ဆိုးပေသည် မင်းသမီးကို ဆုံလည်ထဲရှိ ပန်းခြံကားပေါ်သို့ တင်၍ ဆုံလည်ကြီးကို လှည့်ပေးလိုက်၏။ တောသူမကလေးကို လိုက်ရှာသူများက ပန်းခြံထဲ၌ လာတွေ့နေကြရသကဲ့သို့ ပြုလိုက်ခြင်းဖြစ်သည်။ ရာမနှင့်ဒသဂီရိကို ဇာတ်ခုံအတွင်းဘက်သို့ရောက်မှ အတင်းဆွဲချထားလိုက်ရ၏။

ထိုဇာတ်ထုပ်သည် ဆိုးပေ၏ ကိုယ်ပိုင်ဇာတ်ထုပ်မဟုတ်၊ ဝတ္ထုအနေဖြင့်လည်းကောင်း၊ ပြဇာတ်အနေဖြင့်လည်းကောင်း၊ ရုပ်ရှင်အနေဖြင့်လည်းကောင်း အနောက်နိုင်ငံ (အထူးသဖြင့် အမေရိကန်) ၌ နာမည်ကြီးလှသော "Rainbow on the River" ဟူသည့် ဇာတ်ကြောင်းကို မြန်မာ့စရိုက်ဖြင့် ဆီလျော်အောင် ဖန်တီးယူထားသော ဇာတ်လမ်းဖြစ်လေသည်။

ထိုပြဇာတ်ပြီးသည့်အချိန်၌ ဆိုးပေသည်လည်းကောင်း၊ ပြဇာတ်ပြုလုပ်လိုလှသော ကိုအောင်စိန်သည်လည်းကောင်း၊ သားဖွားနေရသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးကဲ့သို့ "တော်ပါပြီ၊ ကြောက်ပါပြီ၊ လန့်ပါပြီ၊ ပြဇာတ်ဆိုလျှင် ဝေးဝေးကပြေးပါတော့မည်။ ပြဇာတ်အသံကိုမျှ မကြားလိုတော့ပါ" ဟု ဆိုလာကြ၏။ ဆိုးပေတို့ကိုယ်တိုင်သာလျှင် ဤသို့ကြောက်ခဲ့ကြသည်မဟုတ်ကြ၊ ဘေးမှမြင်နေကြားနေ သိနေကြရသောသူတို့ကလည်း ကြောက်ကြ၏။ ထိုသူတို့သည် 'ခဝဲပွင့်ချိန်' ပြဇာတ်ကိုပင်လျှင် 'စအိုပွင့်ချိန်' ဟူ၍ အမည်ပေးခဲ့ကြလေသည်။

ပြဇာတ်ဟူသော အသံကိုကြားက ဖျားချင်လာအောင် ကြောက်ရွံ့နေပါပြီဟု ထိုစဉ်ကဆိုခဲ့ပြောခဲ့ စိတ်ကုန်ခဲ့သော ကိုအောင်စိန်သည် ယခုဆိုးပေရှိရာသို့ တကူးတကရောက်လာခဲ့၏။ ဘယ်သို့သောအကြောင်း

mgyoe.com

mgyoe.com

များဖြင့် ရောက်လာခဲ့ပါသနည်း။ ပြဇာတ်ပြုလုပ်မည့်ကိစ္စမျိုးတော့ ဟုတ်အံ့မထင်။ အခြားအကြောင်းကိစ္စ တစ်စုံတစ်ခုဖြစ်အံ့ထင်၏။ ဘာပဲဖြစ်ဖြစ် ရောက်လာသည့်အခါ ကိုအောင်စိန်အား 'ကျုံ့ဒါးရှာ' သို့ ခေါ်သွားမည်။ ထို့နောက် တစ်ဖက်ကမ်းသို့ ကူးလျက် ပင်လယ်ကမ်းစပ်တွင် ရေချိုးရင်း ငှက်ပစ်ရင်း အမဲလိုက်ရင်း ကိုအောင်စိန်နှင့် စကားပြောမည်။

"လာဗျာ ... ကိုအောင်စိန်၊ ကျွန်တော်က အခု ခရီးသွားမယ့်ဆဲဆဲဗျ၊ ပြီးတော့ ကျွန်တော် အခုကလေးတွင် လွတ်လပ်သွားပြီလေ၊ ဟောဒီမှာ ဒါကျွန်တော်တို့ရဲ့ ဒကာတော်ရေမြေ့ရှင်ကြီးပေါ့၊ ကျွန်တော်တို့ ပါတီထောင်တော့လည်း သူပဲ ဒကာပဲ၊ အခု ကျွန်တော် နိုင်ငံရေးသမားဘဝက လူထွက်တော့လည်း ရှင်လူထွက်ကလေးတွေကို ထမင်းဖိတ်ကျွေးသလို သူကပဲ ဦးဦးဖျားဖျား ကိုယ်တိုင်ချက်တဲ့ ချက်အရက်နဲ့ ထမင်းဖိတ်ကျွေးနေတယ်ဗျ။ ခင်ဗျားပါ တစ်ခါတည်းလာ အရက်မသောက်ပေမယ့် ထမင်းစားပြီးတော့ ကျွန်တော်နဲ့အတူတူ ကျုံ့ဒါးကိုလိုက်ခဲ့"

ကိုအောင်စိန်သည် ဆိုးပေနှင့်အတူ 'ဓားမကြီး' တို့၏ တိုက်ခန်းထဲသို့ လိုက်လာခဲ့၏။ ထို့နောက်မှ ပြုံးပြုံး ပြုံးပြုံးဖြင့် မိမိကျုံ့ဒါးသို့ မလိုက်နိုင်သေးကြောင်း၊ ကျိုက်လတ်သို့ ယခု နေ့ချင်းပြန်မည်ဖြစ်ကြောင်း၊ ကျိုက်လပ်၌ လူငါးဆယ်နီးပါခန့် ထားပစ်ခဲ့ရသည်ဖြစ်ကြောင်း၊ မိမိတို့ပြဇာတ်အဖွဲ့ဖြင့် ကျိုက်လတ်သို့ရောက်နေခဲ့သည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း၊ ဦးကြည်တင်နှင့် ဦးသက်နှင်း (ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံရာ၌ပါသူ) တို့၏ရုံ၌ ပြဇာတ်က,ပြနေသည်မှာ သုံးရက်ရှိပြီဖြစ်ကြောင်း၊ ယနေ့တစ်ညနား၍ နောက်ထပ်အဆင်ပြေလျှင် လေးည၊ အဆင်မပြေလျှင် နှစ်ည ကပြဦးမည်ဖြစ်ကြောင်း၊ မိမိက ငွေတစ်သောင်း မတည်၍ ကျန်အဖွဲ့ဝင်များဖြင့် စုပေါင်းတည်ထောင်လာခဲ့ကြရာ ယခု ပြဇာတ်ရှုံးသောအခါ၊ ဆက်လက်မလုပ်ကြတော့ဘဲ၊ ၎င်းတို့စိုက်သွင်းထားသည့် ငွေကလေးများကို ထုတ်နုတ်၍ အားလုံးပြန်ကြတော့မည်ဟု တကဲကဲ ဖြစ်နေကြောင်း အချို့မှာလည်း တားမရ ဆီးမရဘဲ ပြန်သွားကုန်ကြပြီဖြစ်ကြောင်း။

ထိုသူတို့ ပြန်သွားကြသောအခါ ဇာတ်ကောင်တွေပါ လျော့ကုန်ကြသဖြင့် ဇာတ်ကို ဆက်လက် က,ပြရန်အတွက်လည်း အခက်အခဲဖြစ်

mgyoe.com

mgyoe.com

နေကြရကြောင်း၊ ယခု ကျန်ရစ်နေကြသူတို့ကလည်း မင်းသမီး မင်းသား နှင့်တကွ လူစားထိုးရန် ခဲယဉ်းသော ဇာတ်ကောင်ငါးဦးတို့က နောက် ထပ် သုံးလေးရက် က,ပြီး၍မှ အဆင်ပြေပုံမရ၊ ပွဲဆက်မရှိဘဲ ရှုံးမြဲရှုံးနေ မည်ဆိုလျှင် မိမိတို့စိုက်သွင်းထားသည့် အရင်းအနှီးငွေကို ပြန်နှုတ်၍ ဘို ကလေးသို့ ပြန်ကြတော့မည် ဖြစ်ကြောင်း၊ ၎င်းတို့ ဤသို့ပြုလျှင် မိမိအဖို့ အားလုံး ဆုံးရှုံးရသည့်အဖြစ်မျိုးသို့ ရောက်ရတော့မည်သာမက၊ ရှက်လှ သဖြင့် ဘိုကလေးသို့လည်း မပြန်တော့လိုကြောင်း၊ ထို့ကြောင့် မိမိသည် ရူးလုလုဖြစ်နေရကြောင်း၊ မိမိအား တစ်နည်းနည်း အကူအညီပေးပါမည့် အကြောင်း၊ နတ်သံမနှောပါဘဲနှင့် ငိုတော့မလို ပြောပြရှာလေသည်။

ဤတွင် ဆိုးပေလည်း ကျုံ့ဒါးသို့မသွားဖြစ်တော့ဘဲ၊ ထိုနေ့၌ပင် ကိုအောင်စိန်နှင့်အတူ ကျိုက်လတ်သို့ လိုက်သွားခဲ့၏။ ထိုသည့်နောက် လမ်း၌ ပြဇာတ်အကြောင်း၊ ပြဇာတ်၏ ဇာတ်ထုပ် ဇာတ်လမ်း စသည်တို့ ကို မေး၏။ ပြဇာတ်အသံကြားလျှင် ဖျားချင်လာအောင် ကြောက်ရွံ့နေပါ ပြီဆိုရာမှ ဘာ့ကြောင့်ပြုလုပ်လာရပြန်တာလဲဟုလည်း မေး၏။

အပြစ်တင်သည်တော့ မဟုတ်ပါ "ဤမျှကြောက်ရွံ့ခဲ့ပြီးမှ ဘာ့ ကြောင့် ပြဇာတ်ပြုလုပ်ချင်သည့်စိတ်ပေါ်လာရပြန်တာလဲ" ဟု သိချင် သောကြောင့် မေးခြင်းဖြစ်၏။

ကိုအောင်စိန်၏အဖြေကား .... ရှင်းလင်းရိုးသားလှပါသည်။ မိမိ တို့ ကြောက်တုန်းက ကြောက်ခဲ့သည်ဖြစ်သော်လည်း ထိုစဉ်က ပြဇာတ် ထဲ၌ ပါဝင်ခဲ့ကြသော ကောင်ကလေးတွေကလည်း အရှိန်မသေ စိတ် မကျေဘဲ ကပြလိုနေကြသည်။ မိမိကိုယ်တိုင်လည်း စိတ်မကျေနိုင်ဘဲ တကယ် ဖိဖိစည်းစည်းပြုလုပ်က ဖြစ်နိုင် အောင်မြင်နိုင်လိမ့်မည် ထင်သော ကြောင့် ထ၍ ပြုလုပ်လာခဲ့ပါသည်။ ယခု တကယ်ပြုလုပ်မိသည့်အခါမှ ငွေကြေးအရင်းအနှီး ထည့်သွင်းထားသော ဇာတ်ကောင်အချို့က ၎င်းတို့ မပါလျှင် မဖြစ်နိုင်၊ ပျက်တော့မည်ဟု သိသောကြောင့် မိမိအပေါ်၌ အကြပ် ကိုင်ခြင်း၊ ငွေများကို ထုတ်ယူခြင်း၊ ရသင့်ရထိုက်သော နေ့တွက်တို့ကို မတန်တဆ ပိုတောင်းခြင်း– စသည်တို့ကို ပြုလုပ်ကြသဖြင့် ဒုက္ခရောက်ရ ပါကြောင်း ရှင်းပြရှာလေသည်။

mgyoe.com

"အောင်မယ် ... တို့မပါရင် မဖြစ်ဘူးဆိုပြီး အနိုင်ကျင့်ကြတယ်ဆို ပါတော့– ဟုတ်လား ကိုအောင်စိန်၊ ဒါဟာ... အလုပ်သမားတွေအပေါ် မှာ 'မင်းတို့ မလုပ်ချင်ရင်လည်း နေနိုင်တယ်၊ တို့ ဒီလောက်ပေးမယ်၊ ကြိုက်ရင်လုပ်၊ မကြိုက်ရင် မလုပ်နဲ့' လို့၊ မလုပ်ရင် ငတ်ကြမှာကြောင့် မလုပ်ဘဲ မနေနိုင်တဲ့ အလုပ်သမားတွေကို အရင်းရှင်ကြီးတွေက အနိုင်ကျင့် သလို။

"အခုလည်း၊ တို့မလုပ်ရင် ဒီပြဇာတ်ကြီး ပျက်မှာပဲ၊ အဲဒီတော့ တို့ ဘယ်လောက် ညှဉ်းညှဉ်း၊ ဒီပြဇာတ်ထောင်တဲ့အကောင်ဟာ ခံရမှာပဲဆို ပြီး လူစွမ်းကောင်းဝါဒနဲ့ ခင်ဗျားကို ဝိုင်းပြီးအကြပ်ကိုင်လိုက်ကြတာပဲ၊ အဲဒီလိုမှုတ်လား၊ ဒီမှာ ကိုအောင်စိန်။

"အဲဒီလူတွေဟာ သူတို့ကို အနုပညာအလုပ်သမား အမည်ခံပြီး ကျေးကျွန်ခေတ်က ပေါ်ခဲ့တဲ့ လူစွမ်းကောင်းဝါဒနဲ့၊ အရင်းရှင်တွေ အာဏာ ရှိသူတွေက၊ လူများစုကို ခြိမ်းခြောက်ဖို့ လက်သပ်အမွေးခံနေကြတဲ့၊ သက်ရှိလက်နက်ကိရိယာတွေပဲ။ ကျွန်တော်တို့ဟာ အရင်းရှင်တွေစနစ်ကို ဖြိုချဖို့အတွက် အရင်းရှင်စနစ်ကို တိုက်ဖျက်ပစ်တော့မယ်ဆိုရင်၊ အဲဒီ အရင်းရှင်တွေရဲ့ လက်နက်တွေကို အရင်ဆုံးဖျက်ဆီးပစ်ရမယ်။

"လောကမှာ ငါလုပ်မှကောင်းတယ်၊ ငါလုပ်မှဖြစ်တယ်၊ ငါသာလုပ် နိုင်တယ်ဆိုတဲ့လူမျိုးတွေကို အကုန်မောင်းထုတ်၊ ပြီးတော့ ဟောကြည့် တို့စုပေါင်းပြီးလုပ်တာ ဘယ်လောက်အောင်မြင်တုန်းဆိုတာတွေကို အကောင်အထည်ပေါ်အောင် ဖော်ပြမှဟုတ်ဘူးလား၊ အဲဒီလိုလုပ်ရမှာပေါ့"

ဆိုးပေက မော်တော်ပေါ်၌ အားပါးတရပြော၏။ ကိုအောင်စိန်၏ ရင်ထဲ၌လည်း ဆိုးပေ၏အပြောနှင့်ပင် အတော်ကြီးအားတက်သရော ဖြစ် လျက် စိတ်သက်သာလာ၏။ ထိုစဉ် မနီးမဝေး၌ထိုင်၍ လိုက်ပါလာသော အဝတ်အစား ခပ်ညစ်ညစ်စုတ်စုတ်နှင့် အဘိုးကြီးတစ်ယောက်က ပြုံးပြုံး ပြုံးပြုံးဖြင့် ဆိုးပေတို့ကို မျက်နှာချိုသွေးရင်း အတင်းဝင်ရောက်စကား ပြော၏။

"နေပါဦးကွဲ့ ... အခုန မောင်ရင်လေးပြောတဲ့စကားတွေထဲမှာ တချို့တလေကို ဘကြီးက နားလည်သလိုလိုလည်း ရှိလိုက်ရဲ့၊ နားမလည်

mgyoe.com

mgyoe.com

သလိုလိုတွေလည်း ပါရဲ့၊ အဲ .... တစ်ခုတော့သိလိုက်ရရဲ့၊ လောကမှာ လူစွမ်းကောင်းမရှိရဘူးဆိုတာ အဲဒါဖြစ်ပါ့မလားကွဲ့ ... အဘတို့ မောင်တို့ ရဲ့ သုံးလူ့ထွဋ်ထား ရှင်တော်ဘုရားကိုယ်တော်တိုင်က ....

"အကျင့်သီလဘက်မှာ နှစ်ယောက်မရှိသော တစ်ယောက်တည်းသော လူစွမ်းကောင်းဆိုတာတို့၊ သည်းခံတတ်တဲ့ဘက်မှာ နှစ်ယောက်မရှိသော တစ်ယောက်တည်းသော လူစွမ်းကောင်းဆိုတာတို့၊ ပညာဉာဏ်ဘက်မှာ နှစ်ယောက်မရှိသော တစ်ယောက်တည်းသော လူစွမ်းကောင်းဆိုတာတို့၊ အဲဒါတွေရှိကြောင်း သတ်မှတ်ထားခဲ့ကြောင်းကို ကျမ်းဂန်တွေမှာ အထင်အရှားကျန်နေရစ်ခဲ့တယ်မဟုတ်လား။ ဓတေဒဂ်ရတယ်ဆိုတဲ့ အဲဒါတွေပေါ့ ... ဒါတွေဟာ ..

"ဘဝက သူ့ပါရမီနဲ့သူ ဖြစ်လာကြရတာကွဲ့ ဟုတ်စ၊ အဲဒါကို' တခြားသူတွေက တို့လည်းဖြစ်ရမယ်ဆိုပြီး လိုက်လုပ်လို့မရဘူး။ အဘတို့ မောင်တို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ကြည့်လကွယ်၊ သူဟာ တို့မြန်မာများရဲ့ လူစွမ်းကောင်းပဲ။ တခြားသူတွေလည်း သူနဲ့တန်းတူ တိုင်းပြည်အတွက် လုပ်သွားတဲ့လူတွေ၊ အသေခံသွားတဲ့ လူတွေတောင်ရှိကြတာပဲ၊ ဒါပေမဲ့ တို့ဗိုလ်ချုပ်အောင်ဆန်းလို တိုင်းပြည်ခေါင်းဆောင်ကြီးဖြစ်မလာဘူး။ လူစွမ်းကောင်းကြီး ဖြစ်မလာဘူးမဟုတ်လား၊ အဲဒါပါရမီကွဲ့ ... ဟုတ်စ"

ဆိုးပေတို့ကား မည်သို့မျှမပြောနိုင်၊ ပြောလည်းမပြောလို၊ ငြင်းလည်း မငြင်းခုံကြလို။ ထို့ကြောင့် အဘိုးကြီးအား တစ်ချက်မျှ ခပ်တည်တည် ကြည့်လိုက်၏။

"ဟုတ်ပါတယ် ... အဘပြောတာဟုတ်ပါတယ် ... ကျွန်တော်တို့ တခြားပြောနေကြတာပါ၊ ပြဇာတ်ကတဲ့အကြောင်း ပြောနေကြတာပါ"

အဘိုးကြီး၏မျက်နှာသည် ပို၍ပြုံးလာ၏။ ဆေးရွက်ကြီးတစ်ဖွဲ့ကို ခါးပိုက်ထဲမှထုတ်၍ ဆုပ်ဖြင့်လိုက်ပြီးနောက် ကိုအောင်စိန်နှင့်ဆိုးပေတို့၏ မျက်နှာကိုကြည့်၏။

"အေးလကွဲ့ ... မောင်တို့ပြောတဲ့ပြဇာတ်ဆိုတာဟာလည်း ဇာတ်ပွဲကိုပဲ ပြောတာမဟုတ်လား၊ အဘတို့ငယ်ငယ်တုန်းကဆိုရင် ဇာတ်ပွဲတွေက ကပြတဲ့ ဇာတ်ထုပ် ဇာတ်လမ်းတွေကို ပြဇာတ်စာအုပ်အဖြစ်နဲ့ ရိုက်

mgyoe.com

mgyoe.com


ရောင်းကြလို့ အဘတို့ ဝယ်ဝယ်ဖတ်ကြရတယ်ကွဲ့ ... ဆောင်းတွင်းရောက်လို့ လက်ဆွဲဓာတ်မီးကြီးတွေ တထိန်ထိန်နဲ့ ... ညဘက် စပါးကလေး နယ်ကြပလားဆိုမှဖြင့် ...

အဲဒီအလွတ်ရထားတဲ့ ပြဇာတ်စာအုပ်ထဲက ဇာတ်ထုပ်တွေကို အပြိုင်ဆိုကြ အော်ကြတာပေါ့ကွယ် ... ဒီဘက်တလင်းက ပဒုကုသလဆိုရင် ဟိုဘက်တလင်းက 'ဆင့်ကဲ ဘို့မယ်'၊ နောက်တလင်းတစ်ခုက 'မင်းကုသ ပပဝတီ' အဲဒီလိုပဲကွဲ့၊ အဘကိုယ်တိုင် ဇာတ်ထုပ်သုံးလေး ထုပ်လောက် အလွတ်ရသကွဲ့၊ ကိုဖိုးစိန်ကြီးတို့ ဆိုသလို ဆိုလိုက် ဟဲလိုက်ကြရတာဆို ဘယ်ပြောကောင်းမလဲ၊ အသံတွေများကို နာလို့ ဒါပေမဲ့ ...

"ဘယ်သူကောတူနိုင်ပါ့မလဲ၊ အဘတို့ လယ်သမားတွေ မပြောနဲ့၊ ဇာတ်သမားတွေ အချင်းချင်း လိုက်တုကြတာတော့ မတူဘူးကွဲ့၊ အဲဒါလည်း လူစွမ်းကောင်းပဲမဟုတ်လား၊ သူ့ပါရမီနဲ့သူလာတာ ... ဖိုးစိန်ကြီးက ဒီလိုဆိုလို့ရလို့ ... ဒိပြင်လူလည်း ဒီလိုဆိုရင်ဖြစ်ရမယ်လို့ အတင်းခိုင်း၊ မရရင် သတ်မယ်ဆိုပြီးခိုင်း ... သေရင်သာသေရမယ်၊ ဘယ်တော့မှ လုပ်လို့ တုလို့မရဘူး မောင်ရင်တို့ရဲ့၊ ဖိုးစိန်ဟာ ဖိုးစိန်ဘဲ၊ တခြားလူဟာ တခြားလူပဲ သူ့နည်းနဲ့သူ ကောင်းချင်ကောင်းမယ်၊ ဖိုးစိန်လိုတော့ မကောင်းနိုင်ဘူး။ အဲဒါ ပါရမီပဲဟုတ်စ ..."

မည်သို့ပြောပါမည်နည်း။ အပြင်လူတွေနှင့် ဘယ်တော့မျှ အတိုက်အခံ ငြင်းခုံမှုမပြုရဟူသည့် သင်နည်းမှတ်ချက်တို့ကို ရေးသားသင်ကြားပို့ချခဲ့သော၊ ပြောက်ကျားစစ်သင်တန်းနည်းပြသမားတစ်ဦး ဖြစ်ခဲ့ဖူးသည့် ဆိုးပေသည် ထိုအဘကြီးအား မည်သို့မျှ ငြင်းခုံမှုမပြုတော့လေ။ သို့သော် စိတ်မသက်မသာဖြင့် ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေလျက် ကျိုက်လတ်သို့ ရောက်လာခဲ့ရ၏။ ကျိုက်လတ်သို့ ရောက်ပြီးသည်နှင့် ကိုအောင်စိန်၏ ဒုက္ခအဝဝကို မျက်မြင်ဒိဋ္ဌ တွေ့ရတော့သည်။

ကိုအောင်စိန်တို့ ပြဇာတ်အဖွဲ့၌ ဇာတ်လမ်းနှစ်ပုဒ်သာပါခဲ့သည်။ ထိုဇာတ်လမ်းနှစ်ပုဒ်အနက် တစ်ပုဒ်သာ စွံ၏။ စွံသည်ဆိုသော်လည်း ပွဲကြည့်သူတို့က အပြစ်မပြောရုံမျှဖြစ်၏။ နှစ်နှစ်သက်သက်ကြီး ကြိုက်လှသော ဇာတ်လမ်းမဟုတ်။

mgyoe.com

mgyoe.com

ဇာတ်လမ်းကို ပန်းချီဆရာဦးသိန်းဟန် (ယခု ရန်ကုန်ပန်းချီကျောင်း ဆိဆေးနည်းပြဆရာ) က ပေးခြင်းဖြစ်၏။ ဂျော့ဘားနတ်ရှော၏ ကျော်ကြားသော ပြဇာတ်တစ်ပုဒ်ကို မြန်မာဇာတ်လမ်းအဖြစ် ဆီလျော်အောင်ပြုလုပ်ထားခြင်းဖြစ်လေသည်။ ကိုအောင်စိန်သည် ထိုဇာတ်ထုပ်ကိုသာ အားကိုးနေရသူဖြစ်၏။ သို့သော် ကျိုက်လတ်မြို့တွင် ကပြပြီးသည်နှင့် တစ်ပြိုင်နက် ထိုဇာတ်ထုပ်တွင် ပါဝင်သရုပ်ဆောင်သည့် မင်းသားက ပြန်တော့မည်ဟု ဖြစ်လာသည်။ ထိုမင်းသား၏နေရာ၌ အခြားသူတစ်ယောက်ကို အလွတ်တကူအစားထိုးရန် မလွယ်ကူ။

အကြောင်းမူ ဇာတ်လမ်းထဲ၌ ပန်းချီပညာရပ်များအကြောင်းကို ရှင်းလင်းပြချက်တို့နှင့် လက်တွေ့ပန်းချီရေးဆွဲပြမှုတစ်ခုပါလျက်ရှိရာ၊ တကယ်ပန်းချီရေးဆွဲတတ်သူမဟုတ်က လူစားဝင်၍ သရုပ်ဆောင်ပြရန်မဖြစ်နိုင်။

ဤတွင် "ငါပါမှဖြစ်မည်၊ ငါမပါလျှင်မဖြစ်နိုင်" ဟု အကြပ်ကိုင်မည့် လူစွမ်းကောင်းများကို "မင်းတို့မပါလည်း ဖြစ်တယ်ကွ" ဟု ကျန်ရစ်သည့်သူများဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြစ်အောင် ပြုလုပ်ပြလိုက်မည်ဟု မိုးကြီးလေကြီး ကြုံးဝါးလာခဲ့သော ဆိုးပေသည် ရတ်တရက် မည်သို့မျှ ပြုလုပ်မပြနိုင်ဘဲ သရုပ်ဆောင်သည့်မင်းသားအား ဒေးဒရဲတစ်မြို့ကို လိုက်ပါကပြပေးပါမည့်အကြောင်း ခြေထောက်ဖက်၍ တောင်းပန်ရတော့သည်။

စင်စစ် သရုပ်ဆောင်သည့် မင်းသားဖြစ်သူကလည်း ကိုအောင်စိန်တို့နှင့်အတူ မလိုက်ပါ မကပြလို၍မဟုတ်၊ တကယ် အရေးကြီးသော ကိုယ်ရေး ကိုယ်တာကိစ္စများ ပေါ်လာသောကြောင့် ပြန်သွားလိုခြင်းမျှဖြစ်သည်။ ကိုအောင်စိန်တို့နှင့် ညီအစ်ကိုဝမ်းကွဲတော်သူဖြစ်၍ ဆိုးပေနှင့်လည်း ခင်မင်သူဖြစ်သော ပန်းချီကိုကျော်လှိုင်ပင် ဖြစ်လေသည်။ ထို့ကြောင့် ကိုကျော်လှိုင်ကို ဆိုးပေက ဒေးဒရဲမြို့သို့အတင်းမရအရ ခေါ်သွားတော့သည်။ သို့ဖြင့် ဒေးဒရဲမြို့သို့ ကိုအောင်စိန်တို့ပြဇာတ် ရောက်လာခဲ့ရသည်။ ဒေးဒရဲမြို့ကား ဆိုးပေတို့၏ဘုန်းမီးနေလ ဝင်းဝင်းပသော မြို့ပင်မဟုတ်ပါလား။

mgyoe.com

mgyoe.com

(၃)

မြို့သို့ရောက်သည်နှင့် တစ်ပြိုင်နက် ကိုအောင်စိန်တို့ဇာတ်အဖွဲ့သား အားလုံးတို့အား ကမ်းနားရုံသစ်ကြီး၌ နေရေးအတွက် နေရာချပေးလိုက်၏။ စားရေးအတွက်ကိုလည်း ကိုအောင်စိန်က ချက်မကျွေးစေတော့ဘဲ ဆိုးပေက မိမိပါတီမှလူများအား အကူအညီပေးကြပါဦးဟု အပူကပ်၏။

သို့သော် ပါတီမှလူများက တာဝန်မယူရသေးမီပင် ဤဇာတ်အဖွဲ့အကြောင်းကို အစအဆုံး သိပြီးကြားပြီးဖြစ်နေသော ဆိုးပေ၏မိတ်ဆွေ 'ဓားမကြီး' က တာဝန်ယူလိုက်၏။ ကမ်းနားလမ်းတစ်လျှောက်လုံးရှိ မိမိ၏ ဆွေမျိုးများ မိတ်ဆွေများအိမ်သို့ တစ်အိမ်လျှင် သုံးယောက်ကျ လေးယောက်ကျ၊ ဇာတ်အဖွဲ့သားများကို ကိုင်တိုင်ဆွဲခေါ်သွားကာ လိုက်ပို့ပေး၏။ "မပြန်မချင်း ထမင်းကျွေးကြပါ၊ ဒါ ဇာတ်သမားတွေမဟုတ်ဘူး၊ ကျုပ်တို့ ကိုဆိုးပေရဲ့လူတွေပဲ၊ သူတို့က ဘိုကလေးက ခင်ဗျားတို့ ကျုပ်တို့ဘိုကလေးမြို့ကို ရောက်ကြရင်လည်း သူတို့ကပြန်ပြီး ကျွေးကြမှာပါ" ဟု ပြောသေး၏။ ဤသို့ဖြင့် ထမင်းကိစ္စလည်း ပြီးသွားခဲ့၏။

ကိုအောင်စိန်အဖို့ ထမင်းကိစ္စ ငြိမ်းလိုက်ရလျှင်၊ အတော်ကြီးအသက်ရှုချောင်သွားရသည်။ သို့မဟုတ်က ဤလူအုပ်ကြီး၏ ထမင်းစရိတ်သည် သွားစရိတ် လာစရိတ်တို့ထက် အဆပေါင်းများစွာတက်၍ တက်၍လာတတ်၏။ ပြဇာတ်ကပြ၍ ဝင်လာသောငွေထက် စားစရိတ်က ပို၍ပို၍ ကုန်ကျလာတတ်၏။ ပွဲဆက်ပြတ်လေလေ စားစရိတ် ပို၍ပို၍

mgyoe.com

mgyoe.com

တက်လာလေလေ၊ ဇာတ်ထောင်ဆရာကတော်၏ကိုယ်မှ ဆွဲကြိုး၊ လက်ကောက်၊ ရွှေတို ကျောက်စကလေးများကိုဖြုတ်၍ ရောင်းရလေလေ၊ ဤသို့ဖြင့် လင်မယားလည်း တစုစု တအောင့်အောင့် ဖြစ်လာရလေလေ။

ယခုမူ ထမင်းကိစ္စ ရင်အေးနေရပြီဖြစ်သောကြောင့် ကိုအောင်စိန်၏မျက်နှာမှာ အတော်ကြီး ရွှင်ရွှင်ပြပြဖြစ်လာ၏။ "ကဲဗျာ ကိုဆိုးပေ စားရေးအတွက် စိတ်အေးနေရတဲ့နောက်မှတော့ ကျုပ်အဖွဲ့သားတွေကို ဒီမြို့မှာ ကပြမပြီးမချင်း ဘယ်သူမှမပြန်ကြဖို့ ကျုပ်အစွမ်းကုန်တောင်းပန်ထားပါ့မယ်။ ဒီအတောအတွင်းမှာ ကိုဆိုးပေကြိုက်သလိုသာ စီစဉ်ပေးပါတော့" ဟု ဆိုလာ၏။

ထို့နောက် ပြဇာတ်အဖွဲ့သား အားလုံးတို့ကိုလည်း၊ "နှစ်ရက်လောက်တော့ အနားယူကြပါဦး၊ သုံးရက်မြောက်တဲ့နေ့မှ ကပြကြပါ။ ဒီမြို့က ကြည့်ချင်တဲ့သူတွေ ရှိနေကြသရွေ့ ဝင်ငွေစံချိန်မီမီ ရနေကြသေးသရွေ့ ကပြပေးကြပါ။ ဝင်ငွေကျသွားသည်နှင့် ပွဲကိုရပ်၍ ပြန်လိုသူတို့က ပြန်ကြပါ၊ ဆက်လက်လိုက်ပါလိုသူတို့က လိုက်ပါခဲ့ကြပါ" ဟု ကိုအောင်စိန်က တောင်းပန်ပေ၏။ ပြဇာတ်အဖွဲ့သားတို့ကလည်း ယခင်ကျိုက်လတ်၌ ရှိနေစဉ်ကကဲ့သို့ ခပ်ပေကပ်ကပ် ညစ်ကန်ကန် လုပ်မနေကြတော့၊ ရှောရှောရှူရှူပင် လက်ခံလိုက်ကြသည်။ သူတို့သည် မြို့ထဲသို့လျှောက်လည်လိုက်၊ ထမင်းကျွေးမွေးကြသော အိမ်ရှင်များနှင့် စကားပြောလိုက်ဖြင့် အတော်အတန် စိတ်ပျော်ကိုယ်ပျော်ရှိကုန်ကြသည်။ ထမင်းကျွေးမွေးရာကြသော အိမ်ရှင်တို့၏သားပျို သမီးပျိုတို့ကလည်း ပြဇာတ်ထဲမှ ကောင်ကလေး ကောင်မလေးများကို အရေးပေး၍ ဧည့်ခံနေကြသည်ဖြစ်ရာ ပျော်မည်ဆိုလည်း ပျော်စရာကောင်းလှသည်။

"ကဲ ... ကျုပ်တို့အချိန်ကလေးရှိတုန်းကို ရှေ့ရေးအတွက် အစီအစဉ်ကလေးတွေ လုပ်ကြဦးစို့၊ ကိုဆိုးပေ စိမ်သမျှ ကျုပ်တော့ အားလုံးလိုက်နာပြီး လုပ်နေရုံကလွဲလို့ တခြားဘာမှမလုပ်တတ် မကြံတတ်တော့ဘူး"

ကိုအောင်စိန်သည် ကျိုက်လတ်မှ ထွက်မလာမီကတည်းကပင် ဤအတိုင်း စိတ်နှလုံးဒုံးဒုံးချထားပြီးဖြစ်၏။ ထို့ကြောင့် ဇနီးဖြစ်သူကိုပင် "မင်းပြန်တော့၊ ပွဲရုံအလုပ်သာ ဆက်လုပ်ပြီးနေတော့၊ ငါတော့ ပိုက်ဆံရင်

mgyoe.com

mgyoe.com


လည်းရမှ၊ ပိုက်ဆံမရရင် နာမည်ရင်လည်းရမှ၊ အဲဒီတော့မှပဲ ပြန်လာခဲ့တော့မယ်၊ ပိုက်ဆံလည်းမရ၊ နာမည်လည်းမရဘူးဆိုရင်တော့ မင်း ငါ့ကို မမျှော်နဲ့တော့၊ ငါဘယ်တော့မှ တို့မြို့ကိုပြန်လာတော့မှာမဟုတ်ဘူး။ ရှက်တယ်။ အဲဒီတော့ မင်းလည်း နောက်အိမ်ထောင်တွေ ဘာတွေ ပြုချင်ရင်လည်း ပြုသာပြုလိုက်ပေတော့" ဟု ရယ်စရာလိုလို၊ တကယ်လိုလိုပြောဆို၍ ပြန်လွှတ်ခဲ့ပြီးဖြစ်နေ၏။ ဆိုးပေကလည်း ထိုအကြောင်းတွေကို သိထားပြီးဖြစ်သည်။ ထို့ကြောင့် ဘာမျှမပြောဘဲ ကိုအောင်စိန်အား အိမ်တစ်အိမ်သို့ ခေါ်သွား၏။

အိမ်ထဲသို့ရောက်သောအခါ၊ ကိုအောင်စိန်တို့ပြဇာတ်အတွက် တစ်ယောက်တစ်လက် ရေးနေကြသော လူငယ်ပန်းချီဆရာတချို့ကို တွေ့နေရ၏။ တစ်အိမ်လုံးဆေးခွက်များ၊ စာရွက်များဖြင့် ရှုပ်ရှက်ခတ်နေ၏။ ရေးပြီး ကြော်ငြာတွေကလည်း တစ်ပြုံကြီး နေရာအနှံ့လိုက်ကပ်ကြမည့်သူတို့ကလည်း ကော်ပုံးကြီးများ၊ ကော်သုတ်ရန် ဝက်မှင်ဘီးကြီးများ၊ ခွေးခြေများ၊ လှေကားများဖြင့် အဆင်သင့် ဖြစ်နေကြ၏။ အိမ်ဦးခန်းဘက် စားပွဲတွင် ထိုင်နေသည့်သူက ဆိုးပေတို့ကိုမြင်သည်နှင့် နေရာမှထကာ "ကြွကြွပါ၊ ဒီဘက်ကိုကြွကြွပါ" ဟု ခရီးဦးကြိုပြု၏။ ထိုင်မိကြသည်နှင့် စားပွဲပေါ်၌ ပြန့်ကြဲနေသော စာရွက်စာတမ်းတို့ကို ရှင်းလင်းရင်း လက်ဖက်ရည်ကြမ်း၊ ဆေးလိပ်စသည်တို့ကို တည်ခင်း၏။ ထို့နောက် ဆိုးပေ၏မျက်နှာကို လှမ်းကြည့်၏။

"ကျွန်တော် ဒီလိုစီမံထားတယ်ခင်ဗျ၊ ဇာတ်ထုပ်က နှစ်ထုပ်ဆိုတော့၊ ဇာတ်ထုပ်တစ်ထုပ်ကို လေးရက် ကပြမယ်၊ ပထမနေ့မှာ မြို့ပေါ်ကလူတွေ လာကြည့်ကြမယ်၊ ဒုတိယနေ့မှာ တိုက်နယ်ငါးခုကလူတွေလာကြည့်မယ်၊ တတိယနေ့မှာ နောက် တိုက်နယ်ငါးခု၊ စတုတ္ထနေ့မှာလည်း နောက်တိုက်နယ်ငါးခု။ ကျွန်တော်တို့ရဲ့ 'ဆောလစ်' (ဆောလစ် (Solid) ဆောလစ်တိုက်နယ်=မိမိတို့ဘက်သားတွေချည်းရှိသော တိုက်နယ်) တိုက်နယ်ဆယ့်ငါးခုအနက်၊ သတ်မှတ်ထားတဲ့ ကျေးရွာတွေက မြို့ပေါ်ကိုလာကြည့်နိုင်ကြဖို့အတွက်၊ မော်တော်နှစ်စင်းနဲ့ မော်တော်တစ်စင်းကို ငါးခေါက်စီဆွဲပေးဖို့လည်း ကျွန်တော် စီစဉ်ထားတယ်။ မော်တော်ကို ကျွန်တော်တို့ရဲ့

mgyoe.com

mgyoe.com

ကို လူကြီးက အခမဲ့ကူညီတယ်။ အဲဒီတော့ ကျွန်တော်တို့က ဆီစိုက်ပြီးဆွဲပေးရင် လူတစ်ယောက် မော်တော်ခ တစ်ပဲယူရုံနဲ့ ဆီဘိုးပြန်ရမှာပဲ။ ဒါ့ကြောင့် လူတစ်ယောက် မော်တော်ခ တစ်ပဲယူဖို့ သတ်မှတ်လိုက်တယ်။ ပြဇာတ်ကအပြီး ညဘက်မှာ မြို့ကပြန်တဲ့လူတွေအတွက်၊ လမ်းခရီးလုံခြုံဖို့ သတ်ဆိုင်တဲ့နယ်က ကျေးရွာတပ်ဖွဲ့တွေကို တာဝန်ယူဖို့လည်း အခုပဲ ကျွန်တော် ဆက်သားလွှတ်ပြီး ဆင့်လိုက်ပြီခင်ဗျ။ အဲဒါ ကျွန်တော် နောက်ထပ် ဘာလုပ်ပေးရဦးမလဲ"

"အခုလတ်တလောတော့ ဘာမှလုပ်ဖို့ မလိုတော့ဘူး ဆိုပါတော့ဗျာ။ ဟောဒီ ကျွန်တော့် ဇာတ်ထောင်ဆရာကြီး စိတ်ပူနေမှာစိုးလို့၊ သူ အကျိုးအကြောင်း သိပါစေတော့လို့ ခေါ်လာတာပဲ၊ ဒါ့ထက် ကျေးရွာက လူတွေ မြို့ပေါ်ကို ပွဲကြည့်တက်လာဖို့အတွက် ဘယ်တိုက်နယ်တွေက ဘယ်ရက်အတွင်းဆိုပြီး အတိအကျမသတ်မှတ်နဲ့၊ သူတို့လာချင်သလို လွတ်လွတ်လပ်လပ်လာနိုင်အောင် ကျွန်တော်တို့က စီစဉ်ပေးဖို့ လိုလိမ့်မယ်ထင်တယ်။ ကျွန်တော်တို့အလုပ်က သူတို့လာချင်ကြရင် သွားရေးလာရေး လွယ်ကူအောင် လမ်းခရီးစိတ်ချရအောင် လုပ်ပေးနိုင်ရင် တော်ပြီ။ ဒါ့ထက် ခင်ဗျား အခုမော်တော်ကလေးတစ်စင်း စီစဉ်ပေးနိုင်ပါ့မလား။ ကျွန်တော် အခုချက်ချင်း 'လေးရွာ' ကို သွားချင်လို့"

ဆိုးပေ၏လူက "ရပါသည်၊ အသင့်ရှိနေပါသည်" ဟု ဆို၏။ ဆိုးပေက "မင်းတံတားဆိပ်သို့ လွှတ်လိုက်ပါရန်" ပြော၍ ထိုအိမ်ပေါ်မှ ဆင်းလာခဲ့၏။

"သိပ်မဝေးလှဘူးဗျ … အဲဒီမှာ ကျုပ်တို့လူတွေ ရှိတယ်၊ သူတို့ကိုလည်း ခေါ်ရအောင် ခင်ဗျားနဲ့လည်း လွတ်လွတ်လပ်လပ် စကားပြောရအောင်ပေါ့" ဟု ကိုအောင်စိန်ကို လှည့်၍ပြော၏။

ကိုအောင်စိန်သည် မော်တော်ပေါ်သို့ရောက်သည်အထိ စကားတစ်ခွန်းမျှမပြောနိုင်၊ ဝမ်းသာလွန်း၍ မျက်ရည်လည်နေ၏။ လူကောင်ကြီး ကြီးမားတောင့်တင်းသလောက် သဘောကောင်း၍ အလွန်ဝမ်းနည်းထိခိုက်လွယ်တတ်သူဖြစ်သောကြောင့် ဆိုးပေကလည်း ဘာမျှနောက်ထပ်မပြော။

mgyoe.com

မော်တော်ထွက်လာ၍ အတော်ကလေးကြာမှ ကိုအောင်စိန်သည် ကျယ်ပြန့်သော လဟာပြင်ကြီးနှင့်အဝေးမှ တဖြေးဖြေး နီးလာသည့် လမုပင် စုစုအုပ်အုပ်ကို ကြည့်ရင်း ကျောပြင်ကြီး ပြန့်ကားသွားအောင် ပင့်သက်ရှိုက်လိုက်၏။ ထို့နောက် မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်ပြုလျက် သက္ကလပ်အင်္ကျီ၏လက်ဖြင့် မျက်စိနှစ်ဖက်ကို ဆွဲပွတ်၏။ ထို့နောက် ဆိုးပေဘက်သို့လှည့်၏။ "ကျွန်တော်ဗျာ သိပ်လည်းကျေးဇူးတင်တာပဲ၊ သိပ်လည်း အားရှိတာပဲ" ဟု ဆို၏။ ဆိုးပေတို့က ဤမျှဝိုင်းဝန်းကြိုးပမ်းပေးကြပါလျက်နှင့်၊ "မိမိတို့ပြဇာတ်အဖွဲ့ အဆင်မပြေဘဲ ဆက်လက်ဆုံးရှုံး၍ ဖျက်လိုက်ကြရမည်ဆိုလျှင် သိကြားမင်းဝင်ကယ်ဦးတော့ ရလိမ့်မည်မဟုတ်၊ ထို့ကြောင့် မိမိတို့စိတ်ကို ဖြေသိမ့်နိုင်ပါပြီ။ ကံတရားအတိုင်းဖြစ်ကြရသည်ဟုသာ အောက်မေ့နိုင်ပါပြီ။ ကိုဆိုးပေတို့ ယခုလောက် ကိုယ်ဖိရင်ဖိ ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်ကိုလည်း မိမိအနေဖြင့် ဘယ်တော့မျှ မေ့ပျောက်၍ ရနိုင်တော့မည်မဟုတ်" ဟု ဆို့နစ်ဆို့နစ် ပြတ်တောက်ပြတ်တောက်နှင့်ပြော၏။ ဆိုးပေက ခပ်ဟားဟားပြုလျက် ပြုံး၏။

"ကဲ ... အဲဒါတွေက လုပ်ငန်းနဲ့သက်ဆိုင်တဲ့ စကားတွေမဟုတ်ဖူး ဆရာကြီးရဲ့၊ လောကမှာ 'ကံ' ဆိုတာလည်းမရှိဘူး၊ 'ကုသိုလ်' ဆိုတာလည်း မရှိဘူး၊ ကံတွေ ကုသိုလ်တွေဆိုတာကို ခင်ဗျားယုံမနေနဲ့၊ အဲဒါတွေဟာ ကျွန်တော်တို့ရဲ့ ရှေးဆရာတော်ကြီးတွေက ပါဠိစကားလုံးကနေပြီး ဗမာလို အနက်မပြန်ကြဘဲ၊ ပါဠိပျက်စကားလုံးနဲ့ အနက်ပြန်ပစ်ခဲ့ကြလို့ ကျွန်တော်တို့နောက်လူတွေ အယူအဆမှားကုန်ကြရတာ၊ တကယ်တော့ 'ကံ' ဆိုတာ 'ကမ္မ' က လာတာ အလုပ်ဗျ၊ 'ကုသိုလ်'ဆိုတာက 'ကုသလ' က လာတာ၊ လုပ်လို့ဖြစ်လာရတဲ့အကျိုး၊ အဲဒီတော့ ကုသလကမ္မ၊ လုပ်လို့ဖြစ်လာရတဲ့အကျိုးပဲ၊ အဲဒါကို ကျွန်တော်တို့က ကုသိုလ်ကံ – ကုသိုလ်အကျိုးပေးလို့ ခေါ်ကြတယ်။ 'အကုသလကမ္မ' ဆိုတာဟာလည်း လုပ်လို့ဖြစ်လာရတဲ့ မကောင်းကျိုးပဲ၊ အဲဒါဟာ အကုသိုလ်ကံပဲ၊ ကံမကောင်း ဘူးဆိုပါတော့ဗျာ၊ ဒါတွေဟာ ...

"တကယ်တော့ ဘယ်တန်ခိုးတော်ရှင်တွေကမှ ဖန်ဆင်းပေးတာလည်း မဟုတ်ဖူး၊ ထိုဘဝ ဟိုဘဝ ကျွန်တော်တို့မသိမမြင်ကြရတဲ့ဘဝ

mgyoe.com

mgyoe.com

ဆိုတာတွေက လိုက်လာ ဖြစ်လာတာတွေလည်းမဟုတ်ဘူး။ ဘဝဆိုတာ ဗမာလို 'အကြောင်းအဖြစ်' ကို ခေါ်တာဗျ၊ အရင်ဘဝဆိုတာ အရင်တုန်းက ကျွန်တော်တို့ပြုခဲ့လုပ်ခဲ့လို့ ဖြစ်ခဲ့ကြရတဲ့ အကြောင်းအဖြစ်ပဲ၊ ဒီနေရာမှာ အရင်ဆိုတာဟာ ကျွန်တော်တို့ မသိမမြင်ခဲ့တဲ့ အရင်မဟုတ်ဖူး၊ ကျွန်တော်တို့ သိခဲ့မြင်ခဲ့ မှတ်မိခဲ့သေးတဲ့ အရင်။

"လွန်ခဲ့တဲ့ ရက်တွေ လတွေ နှစ်တွေက အကြောင်းအဖြစ်ဟာ လွန်ခဲ့တဲ့ရက်တွေ လတွေ နှစ်တွေက 'ဘဝ'ပဲ၊ အရင်ဘဝပဲ၊ အဲဒီတော့–

"အရင်ဘဝက ကံကုသိုလ်ဆိုတာဟာ လွန်ခဲ့တဲ့ရက်တွေ လတွေ နှစ်တွေက ဖြစ်လာခဲ့ရတဲ့ ပြုလုပ်မှုရဲ့အကျိုးအဖြစ်ပဲ၊ အဲဒီအကျိုးအဖြစ်ဟာ အခုလတ်တလောအချိန်ကိုလည်း အထောက်အပံ့ပြုရက်ရှိနေတယ်။ အရင်က တစ်ကျွန်းကျဖူးတဲ့လူဟာ အခု တစ်ကျွန်းကလွတ်လာပေမယ့် တစ်ကျွန်းပြန်ကြီးဆိုတဲ့ နာမည်ကို ရနေသလိုပေါ့၊ ဒါကြောင့် ...

"ကုသိုလ်ကံ ကောင်းမှု မကောင်းမှုဆိုတာ ဘယ်သူကမှ လုပ်ပေးတာမဟုတ်ဘူး၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ လုပ်နေကြတာ၊ ဒီတော့ကာ ကုသိုလ်ကံကောင်းအောင်လုပ်ဖို့အတွက် ကျွန်တော်တို့မှာ တွေးခေါ်မြော်မြင်မှုဆိုတဲ့ အသိပညာရှိရမယ်။ အတွေ့အကြုံအကြားအမြင်များမှုဆိုတဲ့ ဗဟုသုတရှိရမယ်၊ နေရာတိုင်း ပြုလုပ်မှုတိုင်းကို မမှားမယွင်းအောင် အမြဲအမှတ်ထားနိုင်မှုဆိုတဲ့ သတိရှိရမယ်၊ အားထုတ်ကြိုးပမ်းနိုင်မှုဆိုတဲ့ လုံ့လရှိရမယ်။ စိတ်မပျက်ဘဲ ဇွဲခတ်လုပ်နိုင်မှုဆိုတဲ့ ဝီရိယရှိရမယ်၊ ကျွန်တော်တို့ဟာ အဲဒီအချက်တွေနဲ့ မလစ်ဟင်းစေဘဲ ပြုလုပ်နေနိုင်ကြမယ်ဆိုရင် အမြဲကံကောင်းနေကြရမှာပဲ။ အမြဲကုသိုလ်ကံက အကျိုးပေးနေခြင်းကို ခံယူနေကြရမှာပဲ။ အဲဒီတော့ ကျွန်တော်တို့ဟာ ကုသိုလ်ကံကို စိုးမိုးပိုင်ဆိုင်နေနိုင်ကြတဲ့လူတွေ ဖြစ်လာအောင် အရင်က ကျွန်တော်တို့လုပ်ခဲ့လို့ ရလာကြတဲ့ မကောင်းကျိုးတွေ 'အကုသိုလ်'တွေကို ဆန်းစစ်ပြီး ပြင်လိုက်ကြရအောင်၊ လောလောဆယ် တွေ့နေကြရတဲ့ အခက်အခဲတွေကို တစ်ခုစီ အသေးစိတ်စဉ်းစားပြီး စာရွက်ပေါ် ချကြည့်လိုက်ကြရအောင်"

ကွန်မြူနစ်သင်တန်းတွေ အကြိမ်ကြိမ် တက်ခဲ့ရပါလျက်၊ ကွန်မြူနစ်လည်း ဖြစ်မလာနိုင်ဘဲ မည်သည့်ဘာသာရေးယုံကြည်ချက်မှလည်း

mgyoe.com

ရှိပုံမရသဖြင့် သည်လိုအကောင်စား ဘယ်ဘုရားမှလည်း ချွတ်၍ရမည့် အကောင်စားမျိုးမဟုတ်ဟု မှတ်ချက်ချခြင်းကို အခါခါခံခဲ့ရပြီးသော ကွန်မြူနစ်ပျက်တစ်ယောက်ဖြစ်သည့် ဆိုးပေက "ကုသိုလ်ကံသည် လူတို့ ပိုင်ဆိုင်ဖန်တီးနိုင်သော အရာဖြစ်၏။ ကံတရားကို အဓိပ္ပာယ်မဲ့ ကြောက်လန့်ယုံကြည်နေစရာမဟုတ်" ဟု ဆိုလာသောအခါ ...

ကံ ကံ၏အကျိုးကို ယုံကြည်မှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်၏ဟု အရိုးစွဲအောင် သိမှတ်လာခဲ့ရရှာသော ကိုအောင်စိန်၏အဖို့ "မော်တော်ကလေးများ မှောက်သွားကာ၊ ငါးမန်း ငါးဆင်တွေ၏အစာကို လောလောလတ်လတ် ခံလိုက်ကြရမှဖြင့်" ဟု ဘုရား၊ ဘုရားတလျက် ကြက်သီးမွေးညင်းများ ထမိ၏။ သို့သော် ကိုအောင်စိန်သည် ဆိုးပေအား မည်သို့မျှ မပြောဝံ့။

ဆိုးပေ၏အလိုအတိုင်း နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြည့်ကြ၏။ အရေးကြီးသော ဇာတ်ကောင်၊ အရေးကြီးသော ဇာတ်ရံ၊ အရေးကြီးသော တီးဝိုင်းမှလူများ၊ အရေးကြီးသော သီချင်းရေးဆရာနှင့် ဒါရိုက်တာ၊ သူတို့အားလုံး ပြန်ချင်နေကြသည်။ ပြန်ချင်သည်ဆိုရာ၌ ရိုးရိုးပြန်ချင်သည်မဟုတ် သူတို့စိုက်သွင်းထားသည့် ငွေအရင်းအနှီးကလေးကို ထုတ်ယူ၍ ပြန်ချင်သည်။ အမြတ်မရချင်နေပါစေတဲ့။ ထို့ပြင် သူတို့ပါဝင်ကပြရသည့် အဖိုးအခတွေကိုလည်း လိုချင်သေးသည် ဆို၏။ တစ်ညတစ်ညလျှင် မည်ရွေ့မည်မျှဟူသော နှုန်းထားဖြင့် တွက်ချလိုက်မည်ဆိုက တစ်ဦးတစ်ဦးအတွက် မနည်းလှ။ သို့သော် ထိုသူတို့အားလုံး သွားခဲ့ လာခဲ့ စားသောက်ခဲ့ကြရသည့် ကုန်ကျစရိတ်တွေအတွက် အားလုံး ကိုအောင်စိန်က ခံပါ၊ အမြတ်အစွန်းရှိလျှင်လည်း အားလုံး ကိုအောင်စိန်ပဲ ယူပါတော့၊ ထိုအမြတ်အစွန်းများအတွက် မမြော်မြင်ပါ။ ကိုအောင်စိန့်အပေါ်၌ သူတို့ စေတနာရှိကြပါသည်တဲ့။

မပြီးသေးပါ၊ ထိုစေတနာရှင်ကြီးများသည် ခပ်ပြောင်ပြောင်ကိစ္စ၌ ဤအတိုင်း စေတနာထားကြပြီးနောက်၊ ကိုအောင်စိန်၏ကွယ်ရာ ထောင့်ရာတို့၌လည်း၊ ကိုအောင်စိန်နှင့်အတူ ကျန်ရစ်လိုကြသေးသည့် လုပ်ဖော်ကိုင်ဖက်တို့ကိုပင် သွေးဆောင်ခေါ်ငင်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ စိတ်ပျက်စေရန် ပြောဆိုခြောက်လှန့်ခြင်း စသည်တို့ကို ပြုလုပ်သေးသည်ဆို

mgyoe.com

၏။ နောက်ဆုံး၌ "အို ကိုဆိုးပေရာ ကျုပ်လူတွေကတော့ အားလုံးကျုပ်ကို ဆန့်ကျင်နေကြတာပါပဲ၊ တစ်ယောက်မှ ကျုပ်ဘက်က မရှိတော့ပါဘူး" ဟု စိတ်ပျက်အားငယ်စွာ ပြောတော့၏။

"မဟုတ်သေးဘူး ကိုအောင်စိန်၊ ကျွန်တော်တို့လက်တွေ့လုပ်ကြရမယ့် ကိစ္စတွေမှာ ဒီလိုပြောလို့မရသေးဘူး၊ အဲဒီတော့ ခင်ဗျား ကျွန်တော့်ကို စာရင်းလုပ်ပြီး ပြောပြစမ်း၊ ကျွန်တော် အခု ဟောဒီစာရွက်ပေါ်မှာ ရေးချလိုက်စမ်းမယ်၊ ခင်ဗျားနဲ့ အခုပါလာတဲ့လူတွေထဲက မနေချင်တဲ့လူတွေ ပြန်ကြစမ်းကွာလို့ အကုန်လွှတ်လိုက်တာနဲ့ ကျွန်တော်တို့ကျွန်မတို့တော့ မပြန်ပါဘူး၊ ဖြစ်ချင်ရာဖြစ် ကိုအောင်စိန်ပြန်မှပဲ အတူပြန်ပါတော့မယ်ဆိုတဲ့ လူတွေကို နာမည်နဲ့ပေးစမ်း"

ကိုအောင်စိန်သည် အတော်ကြာကြာ ငေးနေ၏။ ထို့နောက်မှ နှုတ်က တစ်ခွန်းထွက်လာ၏။

"ဘဖေဗျာ ... ကျုပ်ညီ"

"အဲ ... ဟုတ်ပြီ၊ တစ် ... ကိုဘဖေ၊ ကဲ သူက ဘာလုပ်လဲ ပြော"

"ဘာမှမလုပ်ဘူး၊ သူက ကျုပ်အဆွယ်ကောင်းတာနဲ့ အမြတ်အစွန်းကလေးရမလားလို့ ငွေစိုက်ပြီး လိုက်လာတာ၊ ကျုပ်ကိုယ်တိုင်လည်း သူ့ဆီက ငွေဆွဲပြီး ဒီပြဇာတ်လုပ်ငန်းထဲထည့်ခဲ့ရတာ၊ ဒီပြဇာတ်လုပ်ငန်းထဲမှာ အစုငွေ အများဆုံးပါတဲ့လူ၊ ပြဇာတ်ကရှုံးတော့ အိမ်ပြန်ရင် လင်မယားကွဲကြရမှာကြောက်လို့ မပြန်ဝံ့လို့ မပြန်ဘဲနေမှာ၊ ဒါတောင် အားလုံးစုလိုက်လို့ သူ့အရင်းထဲက ငွေကလေး လေးရာ ငါးရာလောက်သာ အရှုံးအဆုံးရှိမယ်ဆိုရင် ပြန်မယ့်လူ"

"ကဲ ထားပါတော့လေ၊ သူ မပြန်နိုင်ဘူးပေါ့၊ ဒီတော့ သူက အခု ကိုအောင်စိန့်ပြဇာတ်ထဲမှာ ဘာလုပ်တုန်း"

"ဘာမှမလုပ်ဖူးဆို ... သူ ငွေကိုင်ပြီး ထမင်းဟင်းချက်ဖို့ ငွေထုတ်ပေးရတယ်၊ ပြဇာတ်ကရင် ကျုပ်နဲ့အတူ လက်မှတ်ရောင်းတယ်၊ ရုံပေါက်ဝက လက်မှတ်ထိုင်သိမ်းတယ်၊ ဒါပဲ"

"ကဲ ကောင်းပြီလေ၊ သူ့ကို အကယ်လို့ ပြဇာတ်ထဲမှာ တစ်နေရာရာက ထည့်သုံးရင် လုပ်ရဲပါ့မလား"

mgyoe.com

mgyoe.com

ကိုအောင်စိန်သည် အတန်ကြာ စဉ်းစားနေပြန်၏။

"သူက ရှက်တတ်တယ်ဗျ၊ သူမှန်းမသိအောင် ရုပ်ဖျက်ပြီး လုပ်ရမယ်ဆိုရင် ရှာသားလိုနေရာမျိုး၊ လူဆိုးနောက်က တပည့်တွေလို အများနဲ့ လုပ်ရမယ့်နေရာမျိုးမှာ လုပ်ရဲမလား မသိဘူး၊ အပြင်မှာတော့ ဒီကောင်က အပျော်တတ်သားဗျ၊ ကျုပ်လိုပဲ တယောကလေး ဘာလေးလည်း ထိုးတတ်တယ်၊ အဆိုလည်းအဆိုကောင်း၊ ဒါပေမဲ့ ဘယ့်နဲ့များ ဒီကောင် ဇာတ်ခုံပေါ်တက်ရမှာ ကြောက်နေလဲမသိဘူး။ ဒီကောင်မကြောက်ရင် မင်းသားတောင် ဖြစ်နိုင်တာ"

"ကဲ ထားပါတော့လေ၊ နောက် ဘယ်သူကျန်သေးလဲ"

"ကြက်ကလေးဗျာ ..."

"နှစ် – ကြက်ကလေး၊ ကဲ သူကကော ဘာလုပ်လဲ"

"သူကတော့ ခိုင်းရာလုပ်မှာပဲ၊ အသံလည်း ကောင်းတယ်၊ အဆိုလည်း ကောင်းတယ်။ စကားလည်းပြောရဲတယ်။ ဒါပေမဲ့ မျက်နှာက မလှဘူး၊ ကိုယ်လုံးကိုယ်ထည်လည်း အကြည့်ရဆိုးတယ်"

"မျက်နှာမလှလည်း အရောင်တင်ခြယ်ပြီး ပြင်ယူမယ်ဗျာ၊ ကိုယ်လုံးကိုယ်ထည်မလှလည်း အဝတ်နဲ့ ဖုံးယူမယ်ဗျာ၊ သူ့အပြောအဆိုနဲ့ မင်းသားအလုပ်ခိုင်းရင် ဖြစ်နိုင်မလား"

"မဟုတ်ဘူး ကိုဆိုးပေ ... သူ့မျက်နှာကိုက ပြင်လို့ရနိုင်မယ့် မျက်နှာမျိုးမဟုတ်ဘူး၊ နှာခေါင်းတို့ဘာတို့ကိုက အချိုးအစား အရုပ်ဆိုးနေတာ"

"ကဲ ထားပါတော့ဗျာ၊ နောက်ထပ် ဘယ်သူရှိသေးလဲ"

"မောင်ကို ..."

"သုံး – မောင်ကို ... ဟုတ်ပြီ၊ မောင်ကိုက ဘာလုပ်လဲ"

"ဟို စန္ဒာရားတီးတဲ့ကောင်လေးဟာ ..."

"ဟာ ... မောင်ကိုကို ကို ပြောတာလား၊ ထားဦး ထားဦး၊ တီးဝိုင်းဘက်က လူတွေကိုထားဦး၊ ဇာတ်ခုံပေါ်အတွက် အသုံးချလို့ရမယ့် လူတွေကိုပဲ ပြော၊ ကဲ သုံး ဘယ်သူတုန်း"

"သန်းကြည်"

"သူက ယောကျ်ားလား မိန်းမလား"

mgyoe.com

mgyoe.com

"မိန်းမ"

"မိန်းမဆိုရင် ထားလိုက်ဦး၊ ယောကျ်ားတွေထဲကပဲ ပြော"

"ယောကျ်ားတွေထဲကဆိုရင် .... ယောကျ်ားတွေထဲကဆိုရင် ငတင်ကြီး"

" သုံး ကိုတင်ကြီး၊ အင်း သူက"

"ငတင်ကြီးက လူရွှင်တော်တို့၊ လူဆိုးတို့၊ နောက်ပိုးရန်နိုးကြီးတို့ အဲ ဒီလိုအခန်းက"

"ဟုတ်ပြီ၊ နောက်တစ်ယောက်၊ လေး"

"ယောကျ်ားတွေထဲက နေရစ်ခဲ့မယ့်လူကုန်ပြီ"

"ဟာ ... ခင်ဗျားဟာ ဘယ်ရှိတော့လို့လဲ၊ ကဲ ထားပါတော့ ... မိန်းကလေးတွေထဲက ပြော"

"သေချာတာကတော့ သန်းကြည်ပဲ"

"တစ် – သန်းကြည်၊ သူက ဘာလုပ်တုံး"

"လက်ထောက်မင်းသမီးလုပ်တဲ့ ကောင်မလေးပေါ့"

"နေပါအုံး၊ အဲဒီကောင်မလေးက ရုပ်ကလေးကတော့ မဆိုးလှပါဘူး၊ အဆိုအပြောကို သင်လို့တတ်လွယ်ရဲ့လား"

"ခပ်ထုံထုံပဲ၊ သိပ်မလွယ်ဘူး"

"ကဲ – ထားတော့"

"နှစ် – ဘယ်သူတုံး"

"ဆင်ပြန်ကတော့ သိပ်မသေချာဘူး၊ ဒီကောင်မကလေးက ဟိုကောင်တွေဆွယ်သွားရင် ပါသွားမှာ"

"ဘယ်သူလဲ ဆင်ပြန်ဆိုတာ"

"သံယောဇဉ်ထဲမှာ မင်းသမီးလုပ်တဲ့ ကောင်မကလေးလေ"

"မဆိုးဘူး၊ သူ့လက်ညှိုးကလေးက ကောက်ကောက်သွားတာကလွဲလို့ ဒီကောင်မလေးဟာ ရုပ်ရှင်မင်းသမီးတောင် ဖြစ်နိုင်တယ်၊ ဒါပေမဲ့ မသေချာရင် မစဉ်းစားနဲ့ဗျာ၊ နောက်တစ်ယောက်ပြော၊ ကဲ – နှစ်"

"မြခင်"

"အဲ ... ဟုတ်ပြီ၊ နှစ် – မြခင်၊ ဘယ်ဟာလဲ မြခင်ဆိုတာ"

mgyoe.com

"ဟို အသက်ဆယ်နှစ် ဆယ့်တစ်နှစ်လောက်ရှိတဲ့ ကောင်ငယ်မကလေးပေါ့"

"အင်း ... ထားပါတော့လေ၊ အရေးကြီးတဲ့ ဇာတ်ကောင်အဖြစ် အသုံးမဝင်နိုင်ဘူး၊ ကဲ နောက်တစ်ယောက်"

"ဇာတ်ခုံပေါ်မှာသုံးဖို့ နေရစ်ခဲ့မယ့်လူတော့ ကုန်ပြီ"

"ကဲ ... ဒါဖြင့် တီးဝိုင်းဘက်က"

"မောင်ကိုကို"

"တစ် – မောင်ကိုကို စန္ဒရား ...၊ နောက်တစ်ယောက် နှစ်"

"မရှိတော့ဘူး၊ ခြောက်လုံးပတ်နဲ့ ယကွင်းတို့ ဝါးလက်ခုပ်တို့ကို၊ ကျုပ်ရယ်၊ ဘဖေရယ်၊ ကြက်ကလေးရယ်၊ ငတင်ကြီးရယ် ဝင်ဝင်တီးနေကြတာပဲ၊ ကျုပ်နဲ့ ဘဖေရှိနေသမျှ ဒီဝိုင်းက ဖြစ်မှာပဲ"

"ဒါဖြင့် ကိုဘဖေက ဇာတ်ခုံပေါ်တက်ပြီး အောက်ကို လုံးလုံးမဆင်းနိုင်ဘူးဆိုရင်ကော"

"အဲဒီတော့လည်း ရောက်ရာအရပ်မှာ ယကွင်းနဲ့ ဝါးလက်ခုပ်လိုက်နိုင်တဲ့လူ ရှာဖွေခေါ်ရမှာဘဲ"

"ခင်ဗျားဟာက သိပ်မသေချာဘူး၊ ကဲ ထားပါတော့လေ၊ တီးဝိုင်းက နှစ် ... ကိုအောင်စိန်ဆိုပါတော့"

"ဟုတ်တယ် အဲဒါပဲရှိတာပဲ"

ဤအတိုင်းဆိုက ကိုအောင်စိန်၏ပြဇာတ်၌ အရေးကြီးသော ဇာတ်ကောင်များနှင့် အရေးကြီးသော တီးဝိုင်းဘက်ဆိုင်ရာများအားလုံး လိုလျက်ရှိလေသည်။ သို့သော် တစ်နည်းနည်းဖြစ်အောင် ဝိုင်းဝန်းပြုလုပ်ပေးရလိမ့်မည်။ "တို့မပါလျှင်၊ တို့မလုပ်လျှင် မဖြစ်ဘူး" ဟူသည့် လူစွမ်းကောင်းများကို "မင်းတို့မပါ မင်းတို့မလုပ်လည်း ဖြစ်တယ်" ဟု အကြောင်းပြရပေလိမ့်မည်။ သင်းတို့ဝိုင်း၏ အနိုင်ကျင့်ကြခြင်းအတွက် ကိုအောင်စိန်၏ဘက်မှ ရပ်တည်ပေးရပေလိမ့်မည်။ ဆိုးပေသည် အတန်ကြာအောင် အခြေအနေကို သုံးသပ်နေရာမှ ကိုအောင်စိန်၏ဘက်သို့ လှည့်လိုက်၏။

"ဒီမှာ ကိုအောင်စိန်၊ မောင်ကိုကို ကို သီချင်းရေးခိုင်းရင် ရမလား၊ သူက သူ့အစ်ကိုထက် အများကြီးတီးနိုင်တာပဲ၊ ဘာမှမှ မဆိုင်ဘဲ၊ အဲဒီ

mgyoe.com

mgyoe.com

တော့ သူ့အစ်ကိုတောင်ရသေးတာ"

"သူတော့ တစ်ခါမှ မရေးသေးဘူး၊ ကောင်လေးက ငယ်တယ် မဟုတ်လား၊ အခုမှ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက် ရှိသေးတာ၊ သူ့ အစ်ကို မောင်မောင် (ယခုဘိုကလေးတင့်အောင်) ကတော့ ကာလသား ဝိုင်းမှာပါနေပြီ မဟုတ်လား၊ ဒီတော့ ကျုပ်တို့မြို့မှာလုပ်တဲ့ တီးဝိုင်းအဖွဲ့ တွေ ဘာတွေအတွက် ရေးရင်းရေးရင်းနဲ့ အကျင့်ရနေတာပေါ့"

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ဒါလောက်အတီးတတ်နေတဲ့ ကလေး တစ်ယောက်ကိုတော့ တစ်နည်းနည်းနဲ့ဖြစ်အောင် ခိုင်းကြည့်ရမှာပဲ၊ အခု ကျွန်တော် သွားခေါ်မယ့် ကျွန်တော့်လူလည်း အတီးသမားတစ်ယောက်ပဲ၊ သူလည်း တစ်ဖက်ဖက်ကတော့ ဖြစ်မှာပါပဲ"

ဟုတ်သည်၊ ဆိုးပေသွားခေါ်မည့်သူသည် နောင်တစ်ချိန်၌ နာမည် ကြီးလာမည့် ဂီတနက်သန်တီးဝိုင်းအဖွဲ့မှ သီချင်းရေးစပ်သူ စောညိမ်းပင် ဖြစ်သည်။ စောညိမ်းနှင့်ဆိုးပေတို့ တွေ့ကြုံသိကျွမ်းကြရမှုကလည်း အတော်ကလေး ဝတ္ထုဆန်သည်။

* *

ဆိုးပေတို့ ဘုန်းမီးနေလတောက်ပဆဲ၊ ဗမာပြည်ကို ကျွန်လုပ်ရန် ပြန်ဝင်လာကြသော မဟာမိတ်တို့၏ရှေ့ပြေး 'ကက်စ်ဘီ' စစ်အစိုးရကို အန်တုလျက်၊ မြေအောက်အစိုးရအဖွဲ့တစ်ခုကဲ့သို့ မြစ်ဝကျွန်းပေါ်ကို လှု ဖြန့်၍ စင်ပြိုင်အုပ်ချုပ်ဆဲ ...

ဆိုးပေနေထိုင်သည့် မိုင်ငါးဆယ်ပတ်ဝန်းကျင် ဧရိယာအတွင်းသို့ မျက်နှာစိမ်းဧည့်သည်လူငယ်တစ်ဦး ကျူးကျူးကျော်ကျော် ဝင်ရောက်လာ သည်ဟု ဆိုးပေရှိရာသို့ သတင်းရောက်လာသည်။

ထိုသတင်းသည် ဆိုးပေ ခေတ္တစခန်းချနေသော ဘိုကလေးမြို့နယ် အတွင်းရှိ ပြုတ်ကောင်းသိမ်ချောင်းစခန်းသို့ ဆိုးပေ၏ရဲဘော် လှုရမ်းကား ညီအစ်ကိုနှစ်ယောက်နှင့်အတူ ရောက်လာခဲ့ခြင်းဖြစ်သည်။

"အကောင်က ခပ်ပိန်ပိန် ဖြူပျော့ပျော့ရယ်၊ အောင်မယ် သူကရွာထဲ က လူတွေကို သိုင်းဆရာလုပ်ပြီး သိုင်းတွေ ဘာတွေသင်ပေးနေသေးတယ်၊

mgyoe.com

ပြီးတော့ တယောလည်း တီးတတ်တယ်။ တချို့ကောင်ကလေးတွေကို မယ်ဒလင်တီး၊ တယောတီးလည်း သင်ပေးနေတယ်၊ ဒီကောင်ကြည့်ရတာ မြို့သားပါ၊ အင်္ဂလိပ်အစိုးရကလွှတ်တဲ့ စုံထောက်ပဲဖြစ်ရမယ်၊ ဦးရွှေမြို့ကြီးကတောင် ပြောသေးတယ် 'ဟော့ မင်းတို့ဆရာ ဂျပန်ခေတ်မှာ တို့ဆီရောက်လာတော့လည်း သူ့ကိုယ်သူ သိုင်းဆရာကိုဘညိမ်းဆိုပြီး ရောက်လာတာပဲ၊ အခုလည်း လာပြန်ပြီတစ်ယောက်၊ ငါတော့ သိုင်းဆရာတွေဆိုပြီး ရောက်လာရင် တယ်ပြီးမသင်္ကာတော့ဘူး' တဲ့ ..."

ဟုတ်ပေ၏။ ဆိုးပေသည် ထိုအရပ်သို့ ဂျပန်ခေတ်အတွင်းက သိုင်းဆရာအဖြစ်နှင့် တည်းရင်းခိုရင်း ရောက်သွားခဲ့ရခြင်းဖြစ်၏။ ထိုအရပ်သည် စစ်မဖြစ်မီကမှ အစပြုလျက် စစ်ကြီးဖြစ်လာသည့် ဂျပန်ခေတ်အထိ အောက်ဗမာပြည်တစ်ခြမ်းလုံးအတွင်း၌ အင်အားအတောင့်တင်းဆုံးသော 'ဓားမ' အဖွဲ့၏ တည်ရာဖြစ်၏။ "ဆင်းရဲသားဘုံဝါဒ ဓားမအဖွဲ့" ဟူသည်မှာ ဒေါက်တာဘမော်၏ နိုင်ငံရေးအဖွဲ့အစည်းဖြစ်၏။ ထိုဓားမအဖွဲ့၏ခေါင်းဆောင်ကြီးဖြစ်သော အဓိပတိ ဒေါက်တာဘမော်၏ အိမ်တော်သို့ ဝင်နိုင်ထွက်နိုင် ပေါက်ရောက်နိုင်သည့်သူများသည် ထိုနယ်တစ်နယ်လုံးမှ ရွာတိုင်းလိုလို၌ ရှိကြ၏။ ထို့ကြောင့်လည်း ထိုနယ်ကျေးရွာတို့မှ လူများသည် အဓိပတိကြီး၏အိမ်တော်စောင့်များ၊ ကိုယ်ရံတော်များအဖြစ်ဖြင့်လည်းကောင်း၊ ရဲအဖွဲ့ဝင်များအဖြစ်ဖြင့်လည်းကောင်း၊ ဓားမတပ်၏ခေါင်းဆောင်များ သတင်းထောက်လှမ်းရေးများအဖြစ်ဖြင့်လည်းကောင်း၊ တာဝန်ဆောင်ရွက်နေကြရ၏။

သူတို့သည် တစ်ချိန်က ဆရာစံ ဂဠုန်သူပုန်နှင့်ဆက်သွယ်ခဲ့ဖူးကြသော ဂဠုန်သူပုန်ထခဲ့သည့်နယ်မှ ကျေးရွာသားများဖြစ်ကြ၏။ ထိုစဉ်ကပတ်ဝန်းကျင်ကျေးရွာတို့မှ လူများသည် ဓားကိုယ်စီ စွဲကိုင်ကြကာ သုသာန်ကုန်းနှင့် ထန်းတောရွာနောက်ဖေးတွင် လယ်ဝတ်အကျီနှင့် တဘက်ဖြူခေါင်းပေါင်းများ တဖွေးဖွေးဖြင့် ဟိုပြေးသည်ချဲ အစုသုံးစုခွဲလျက် တိုက်ပွဲကိုစရန် စီစဉ်နေကြစဉ် သဘော်ကြီးနှင့် ရောက်လာသည့် အရေးပိုင်မစ္စတာဘရက်တိုနှင့် ရာဇဝတ်ဝန်ကြီး အောဘရူးတို့ခေါင်းဆောင်သော လုံစွပ်တပ်ရိုင်ဖယ်ကိုင် စစ်ပုလိပ်တပ်ကြီးနှင့် နယ်ခံပုလိပ်တပ်တို့ကလည်း

mgyoe.com